# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (27-5-2015) (၈၂၁၃)





## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ
# ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပယ်ရီကလေ့စ်ဘူတို့စ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




မြစ်သာရေလှောင်တမံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်ပေးမည်ဖြစ်သည်။

## ယောနယ်တစ်ခွင် ဖွံ့ဖြိုးတိုးတက်စေမည့်
# မြစ်သာရေလှောင်တမံ

ယခုနှစ် ယောခရီးကား သွားလမ်း သာ၍ လာလမ်းဖြောင့်နေပါသည်။ လွန်ခဲ့သော ငါးနှစ်က သွားခဲ့ရသော ဂန့်ဂေါ-ထီးလင်း ကျောက်ထုခရီးလို ကျောက်ခင်းလမ်းမဟုတ်ဘဲ ကတ္တရာလမ်းဖြစ်နေပါပြီ။ အချို့နေရာများ၌ လမ်းချဲ့ခြင်း၊ ကတ္တရာခင်းနေခြင်းများလည်း ရှိပါသည်။ ကလေးမှ ဂန့်ဂေါမိုင် ၉၀၊ ဂန့်ဂေါမှ ထီးလင်း မိုင် ၅၀၊ ထီးလင်းမှ ကျောက်ထု ၂၅ မိုင် စုစုပေါင်း ၁၆၅ မိုင်ရှိပါသည်။ ကားမြန်၊ကားကောင်း၍ နေ့ချင်းပေါက် ရောက်ပါသည်။

ပခုက္ကူ-ထီးလင်း-တမံသွား မှန်လုံကားမှာ ထီးလင်းမှ တမံသို့ တစ်ရက်ခြားထွက်သည်ဟု သိရပါသည်။ ထီးလင်းနှင့် မြစ်သာတမံမှာ ၃၄ မိုင်ဝေးပါသည်။ ညနေ ၆ နာရီကျမှ တမံအနီးရှိ ကန်စွန်းတောင် တူးလေးအိမ်သို့ ရောက်ရှိပါသည်။ တူးလေးဇနီး မချောချောက ဟင်းကောင်းချက်၍ ကြိုနေပါသည်။


ကစွန်းတောင်ရွာအဝင်"မောချောင်းတံတားကြီး"ကား ကျွန်တော် ၂၀၁၀ ခုနှစ်က လာတုန်းက ကဲ့သို့ပင် လှုပနေဆဲ၊ တောက်ပဝင်းလက်နေဆဲဖြစ်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# မြန်မာ့ပင်လယ်ပြင်တွင် ကယ်ဆယ်ထားသည့် လှေစီးဒုက္ခသည်များအနက် လူ ၂၀၀ သည် ငယ်ရွယ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ကြောင်း ကုလသမဂ္ဂ သတင်းထုတ်ပြန်

နေပြည်တော် မေ ၂၆

**ရန်ကုန်မြို့၌ ခေတ္တရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂအဆင့်မြင့် ကိုယ်စားလှယ်များ၏ ရခိုင်ပြည်နယ် ပူးတွဲခရီးစဉ်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးမှ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို မေ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။** စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖


အသွင်သစ်! SMART စမတ် ရိုလာ ခြင်ဇကာ



ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား၊

ရန်ကုန် – 01 450 962
09 431 44178
09 79222 8860
မန္တလေး – 09 2506 38611

အလူမီနီယံနှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန် ဒေါက်တာ

ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

နဂါးနီ

ကို တာဝန်ပေးပါ၊

Ph: 01 450 783, 09 730 20031, 09 730 20032

ကြေးမုံစာတည်းရှုထောင့် ၂၇-၅-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# လွဲမှားသော အသိအမြင် သတိပြုဆင်ခြင်

လောကအကြောင်း၊ လူ့အကြောင်းနှင့်ပတ်သက်၍ ဗဟုသုတပေးစေရန် အဓိကထားတင်ပြထားသောစာမျိုးကို သုတစာပေဟုခေါ်ဆိုကြသည်။ ခံစားမှုအတွေ့အကြုံမှုတစ်ဆင့် စေတနာနှိုးဆော်မှုကို အဓိကထားပြီး ဖန်တီးဖွဲ့ဆိုသည့် စာမျိုးကို ရသစာပေဟုခေါ်ဆိုထားသည်။ ဗဟုသုတပေးမှုတွင် စေတနာနှိုးဆော်မှုကိုပါ ရောစွက်တင်ပြသောစာမျိုးကို သုတရသစာပေဟု ခေါ်ဆိုကြပြန်သည်။

စာပေဆိုသည်မှာ အသိတရားနှင့်ဆိုင်သဖြင့် မည်သည့်စာပေကိုမဆို သုတစာပေဟု ယေဘုယျအားဖြင့် ခေါ်ဆိုလျှင် မှားမည်မထင်။ ထို့ကြောင့် သုတစာပေဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာလူမျိုးများ စာဖတ်အားနည်းလာချိန်တွင် ပြည်သူများနှင့် ထိတွေ့လွယ်သောစာပေမှာ သုတစာပေပင်ဖြစ်သည်။

ဥပမာအားဖြင့် ပညာရှင်များ၊ ပညာအခြေခံရှိသည့် စာသင်သားများ အသုံးပြုလေ့ရှိသည့် စာပေအမျိုးအစားဖြစ်သည်။ လူထုပရိသတ် မသိသေးသော သိလိုသောအကြောင်းအရာများကို စိတ်ဝင်စားမှုရှိလာအောင်၊ မျက်စိပွင့်လာအောင် လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး ရေးသားတင်ပြသောစာပေမှာ လူထုသုတစာပေဖြစ်သည်။ သိပ္ပံ၊ ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိ၊ သက်မွေးမှုပညာ စာပေများဖြစ်သည်။ ယနေ့ နေ့စဉ်ဖော်ပြနေသော သတင်းအကြောင်းအရာများသည်လည်း သုတစာပေပင်ဖြစ်သည်။ တစ်နည်းမှတ်တမ်းစာပေဟုလည်း ခေါ်ဆိုကြသည်။ အသိပေးစာပေဟုလည်း ခေါ်ဆိုနိုင်သည်။

ယမန်နေ့က ဒသမအကြိမ် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ မြန်မာစာဖွံ့ဖြိုးရေးနှင့် စာဖတ်ရိုန်မြင့်မားရေးအတွက် သုတစာပေက တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်၍ စာပေလောကအတွက် ဝမ်းမြောက်မိပါသည်။ ပြည်သူလူထုအတွင်း မှန်ကန်သော အသိပညာဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန် သုတစာပေရေးသားသော စာရေးဆရာများကို တတ်နိုင်သမျှ အားပေးမြှင့်တင်ရန် ရည်ရွယ်ချက်မှာလည်း ယနေ့အချိန်အတွက် ကောင်းမွန်ပါသည်။

စာပေသည် တိုင်းပြည်အတွက်အလွန်အရေးကြီးသည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ စာပေသည် တိုင်းပြည်နှင့် လူမျိုးအတွက် နားနှင့်မျက်စိဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့အား မှန်ကန်သော အသိအမြင်များ ဖွင့်ပေးနိုင်မည့် စာပေများ ဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်သည်။ မြန်မာလူမျိုးများသည် စာဖတ်ကြပါသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များစွာက ထုတ်ဝေသော စာအုပ်တစ်အုပ်၏ ထုတ်ဝေစောင်ရေကိုကြည့်လျှင် စာဖတ်နှုန်းကို သိမြင်နိုင်သည်။

ယခုစာဖတ်နှုန်းကျဆင်းလာခြင်းမှာ လူတို့အလုပ်အကိုင်နှင့် စိတ်ခံစားမှုဘက်တို့၌ ပိုကဲလာသလို ခေတ်ပေါ်နည်းပညာ၊ အွန်လိုင်းအသုံးပြုမှုများလာသောကြောင့်ဟု ဆိုနိုင်ပါသည်။ ဖွံ့ဖြိုးသောနိုင်ငံများတွင် စာပေနှင့်ပတ်သက်၍ ပုံနှိပ်စာပေကို အားကိုးအားထားပြုနေဆဲဖြစ်သည်။ အွန်လိုင်းစာပေဆိုသည်မှာ လွတ်လပ်စွာတင်ပြခြင်းဖြစ်ပြီး အချက်အလက်မှန်သည်လည်းရှိသည်၊ မှားသည်လည်းရှိသည်။ ထို့ကြောင့် ထိုလူမျိုးတို့သည် အထောက်အထားခိုင်လုံသည့် ပုံနှိပ်စာပေကိုသာ အားထားကြသည်။ ယနေ့တိုင် စာဖတ်နေကြဆဲ၊ စာအုပ်လောကမှာ ရှင်သန်ဖွံ့ဖြိုးနေဆဲဖြစ်သည်။

ယနေ့လူမှုနယ်ပယ်တွင် အမှားမှားအယွင်းယွင်းဖြစ်နေခြင်းမှာ မမှန်ကန်သော၊ အတုမယူသင့်သော အချက်အလက်များကို ရနေသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ကိုယ်ကျင့်တရားကို ပျက်ယွင်းစေနိုင်သော အချက်အလက်များသည် လူမှုနယ်ပယ်တွင် အလွယ်တကူ ကူးစက်ထိခိုက်နိုင်သဖြင့် ထိုအချက်များကို အထူးသတိပြုသင့်သည်။ မကြာသေးမီက အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် လူမှုကျင့်ဝတ်ထိခိုက်နိုင်သော ပုံရိပ်များ သိမ်းဆည်းထားသူ၊ ဖြန့်ချိသူတို့အား ထိရောက်စွာအရေးယူနိုင်သည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ပြည်သူများအား မှန်ကန်သောအသိအမြင်များ ပေးဝေနိုင်သည့် သုတစာပေများတိုးပွားအောင် တစ်ဖက်က အားထုတ်ကြိုးပမ်းနေသကဲ့သို့ စာဖတ်အားကိုကျဆင်းစေပြီး လွဲမှားသောအသိအမြင်များကို ပေးဝေနေသည့် စာမျက်နှာများကိုလည်း အသိပညာပေး၍ ထိန်းသိမ်းခြင်း၊ ဝိုင်းဝန်းစောင့်ကြည့်စိစစ်၍ သတိပေးခြင်း စသည်ဖြင့် ပြုလုပ်သင့်ပါကြောင်း။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းနေအရွယ် ဝန်ထမ်းသားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းနေအရွယ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခင်စန္ဒာထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းလှိုင်က ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်းပါးအား ပြန်လည်ရှင်းလင်း ပညာပေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က အထွေထွေဗဟုသုတဆိုင်ရာများကို ပညာပေးဟောပြောသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်စန္ဒာထွန်းက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းနေအရွယ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းနေအရွယ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရာတွင် မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ၁၅၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၉၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၅၇ ဦး၊ တက္ကသိုလ်အဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၄၁ ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၃၄၁ ဦးအတွက် ငွေကျပ် ၃၈၀၁၀၀၀ ကို ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်တစ်ဒါဇင်စီနှင့် အာဟာရစားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းနေအရွယ် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၅၄၀၀ | - | ၇၁၆၄၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၅၂၀၀ | - | ၇၁၆၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၁၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၄၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၉၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၉၂. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၅. ၇၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၂. ၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၁၃၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၉၅. ၆၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၂၅၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၂. ၂၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၁၀. ၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး ဒေါပုံ၌ ကျင်းပ

**ရန်ကုန် မေ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး နေ့အခမ်းအနားကို ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တန်ဖိုးငွေကျပ် ၃၀၅၃၂၀၀ တန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ်၊ ထီး၊ ကျောပိုးအိတ်၊ စာရေးကိရိယာနှင့် အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းပြီး ဒေါပုံမြို့နယ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ဆင်းရဲနွမ်းပါး ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ
MAY - 15/22/29, JUN - 5/12/19/26, JULY - 3/10/17/24/31 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက်ခမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။
▲ သရေခေတ္တရာ၊ ပိသနိုး ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ ကျိုက်ခမီ၊ စက်ခဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး။ ▲ (လှော်)၊ (မဲလံဆံတော်ရှင်၊ ကျောက်ပီရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲ နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာဟေဝိစေတီတော်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။ ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း (၄၂၄)ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအက်ဖ်ဂဲနီ စတဲဖနော့ဖ် စတွိုင်းချက်ဗ်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာအက်ဖ်ဂဲနီ စတဲဖနော့ဖ် စတွိုင်းချက်ဗ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ထားဝယ်ကျွန်းကျေးရွာသို့ ဆိုလာပစ္စည်းများပေးအပ်

**မော်လမြိုင် မေ ၂၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မော်လမြိုင်မြို့နယ် ထားဝယ်ကျွန်းကျေးရွာမီးလင်းရေး အတွက် ဆိုလာပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၃ ရက်က ကျိုင်းပရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ဆိုလာပစ္စည်းများ ပေးအပ်ရခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ အိမ်ခြေ ၅၆ လုံးအတွက် ဆိုလာပစ္စည်းများကို တစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချက်သမ္မတနိုင်ငံ သံမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာယာရိုစလပ် ဒိုလီဆက်ခ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ဓါတ်ပုံ)**

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သင့်တင့်သောငွေကြေးအရင်းအနှီးရရှိစေရေး၊ ဒေသအလိုက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်မီအချိန်ကိုက် ထုတ်ချေးပေးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၅ ခုနှစ် မေ ၂၁ ရက်မှစတင်၍ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ တစ်ပြိုင်နက် ထုတ်ချေးနေပြီဖြစ်ပါသည်။

၂။ စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေအပေါ် အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် (၅)ရာခိုင်နှုန်းဖြစ်၍ ငွေ ၁၀၀ ကျပ်အပေါ် တစ်လလျှင် ၄၂ ပြားသာ ကျသင့်မည်ဖြစ်ပါသည်။ လုပ်ကွက်ငယ်တောင်သူများဖြစ်သည့် ၁၀ ဧကနှင့်အောက် တောင်သူလယ်သမားများကိုသာ ငွေထုတ်ချေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မိတ္တူ တင်ပြရပါမည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေ၊ နည်းဥပဒေတို့အရ ကြွေးဟောင်းပြေကျေပြီးသူများကို ကြွေးသစ်ထုတ်ချေးပေးနေပြီဖြစ်၍ ဘဏ်သို့ပေးဆပ်ရန် ကျန်ရှိနေသည့် ကြွေးကျန်တောင်သူလယ်သမားများအနေဖြင့် ကြွေးဟောင်းများကို ဘဏ်သို့အမြန်ပြန်လည်ပေးဆပ်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## မူဆယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် စတင်

**မူဆယ် မေ ၂၆**

မူဆယ်မြို့ပေါ်၌ အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းနှင့် အလယ်တန်းကျောင်းခွဲ နှစ်ကျောင်း၊ မူလွန် လေးကျောင်းနှင့် မူလတန်း သုံးကျောင်းရှိပြီး မေ ၂၅ ရက်မှစ၍ ကျောင်းသားသစ် စတင်လက်ခံခဲ့ပြီး မေ ၃၀ ရက်ထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ခဲ့သည်။

မူလတန်းမှ အထက်တန်းဆင့်ထိ ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရ အစီအစဉ်ဖြင့် မူလတန်းကျောင်းသားများအား တစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်စီ သီးသန့်ပေးအပ်ခဲ့သည်။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ကျောင်းဝတ်စုံများကို ဇွန် ၃၀ ရက်တွင် မြို့နယ်အတွင်းရှိ ကျောင်းများအားလုံး၌ တစ်ပြိုင်နက် ပေးအပ်သွားမည်ဟု သိရသည်။

**(၀၁၁၂)**

**မေ ၂၁ ရက်က သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ဘုံပျံဘုန်းတော်ကြီးကျောင်း၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်စဉ်။**

(ကြေးမုံ)



# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းလာသူများကို အင်ဒိုနီးရှားနိုင်ငံက ပြန်လည်ပို့ဆောင်သွားမည်

**ဂျကာတာ မေ ၂၆**

အင်ဒိုနီးရှားနိုင်ငံက ၎င်း၏ကမ်းခြေများတွင် သီတင်းပတ်နှစ်ပတ် သုံးပတ်ကြာ သောင်တင်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းလာသူများကို ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

"ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း သူ့နိုင်ငံသားအားလုံးကို ပြန်လည်ခေါ်ဆောင်လက်ခံသွားဖို့ ကတိပြုထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ဒီလုပ်ငန်းစဉ်ကို အကောင်းဆုံးကူညီပံ့ပိုးပေးသွားမှာပါ"ဟု ဂျကာတာမြို့ အမျိုးသားလူဝင်မှုကြီးကြပ်ရေးရုံးမှ စုံစမ်းစစ်ဆေးရေးနှင့် တရားဥပဒေစိုးမိုးရေးညွှန်ကြားရေးမှူး မစ္စတာ မီယာဇာ အစ်ကန်ဒါ၏ ပြောကြားချက်ကို သည်စထရိတ်စ်တိုင်းမ်သတင်းစာက ကိုးကားဖော်ပြသည်။

ရွှေ့ပြောင်းလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို နေရပ်ပြန်ပို့ရေး ဘယ်တော့စတင်လုပ်ဆောင်မလဲဟု မေးမြန်းရာ " ဒီတစ်ပတ်ထဲတော့မလုပ်နိုင်သေးဘူးဗျ။ နှစ်ပတ် သုံးပတ်လောက်တော့ကြာလိမ့်ဦးမယ်" ဟု အစ်ကန်ဒါက ပြောကြားသည်။ သို့သော် ရွှေ့ပြောင်းလာသူများထဲမှ မူဆလင်လူမျိုးဒုက္ခသည်များကိုလက်ခံနေထိုင်ခွင့်ပေးမည့် တတိယနိုင်ငံတစ်နိုင်ငံပေါ်ပေါက်လာသည်အထိ နေထိုင်ခွင့်ပြုထားရန် သဘောတူညီထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ရွှေ့ပြောင်းလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၀၀ ကျော်ကို အာချေးပြည်နယ်တွင်လည်းကောင်း၊ အခြား ၅၆ ဦးကို မြောက်ဆူမားတြားတွင်လည်းကောင်း လောလောဆယ် ယာယီလက်ခံကယ်ဆယ်ထားသည်။ ကယ်ဆယ်ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို နေရပ်ပြန်မပို့မီ မြောက်ဆူမားတြားပြည်နယ် မီဒန်မြို့တော်သို့ ပို့ဆောင်သွားဖွယ်ရှိကြောင်း ဒေသဆိုင်ရာအစိုးရရှေ့နေရုံးအကြီးအကဲ မစ္စတာ အာမီတဟူရယ် အရီဖင်က ပြောကြားသည်။

**ဆင်ဟွာ။**



## မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အင်ဒိုနီးရှားစစ်ဘက်၏ အခန်းကဏ္ဍမြှင့်တင်

**ဂျကာတာ မေ ၂၆**

အင်ဒိုနီးရှားအစိုးရအဖွဲ့၏ မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် စစ်ဘက်၏ အခန်းကဏ္ဍကို တိုးမြှင့်ရန် သမ္မတဂျိုကို ဝီဒိုဒိုက လိုလားကြောင်း အစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်များကို ကိုးကားလျက် ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အစိုးရ၏အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ရဲတပ်ဖွဲ့အထက်တန်းအရာရှိများကို တန်ပြန်အင်အားချိန်ခွင်လျှာညှိနိုင်ရန် အစိုးရ၏ အရပ်ဘက်ရေးရာများတွင် စစ်ဘက်က ပါဝင်ဆောင်ရွက်ခြင်းကို သမ္မတ ဝီဒိုဒိုက လိုလားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် ပထမဆုံးသော ရွေးကောက်ပွဲတွင် ဝီဒိုဒိုရွေးချယ်ခံခဲ့ရပြီး အောက်တိုဘာလတွင် အာဏာရရှိခဲ့ပြီးနောက် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောလက အရပ်ဘက်ရေးရာများတွင် တပ်မတော်က ပါဝင်ဆောင်ရွက်မှုကို စတင်တွေ့ရှိရသည်။

အင်ဒိုနီးရှားတပ်မတော်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ်က မြို့တော်ဂျကာတာ၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို တပ်မတော်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ဝီဒိုဒို၏ သဘောတူခွင့်ပြုချက်အရ အင်ဒိုနီးရှားတပ်မတော်သည် အိုင်အက်စ် စစ်သွေးကြွအဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု မသင်္ကာရသော စစ်သွေးကြွများကို ဖြိုခွင်းနိုင်ရန် ခြောက်လကြာ စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။

**ရိုက်တာ။**



## အိုင်အက်စ်အဖွဲ့အတွက် လူပ်ရှားသူနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

**ဒါကာ မေ ၂၆**

အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) အမည်ရှိ စစ်သွေးကြွအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် မသင်္ကာရသူနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်အာရှဒေသ၌ အစွန်းရောက်စစ်သွေးကြွအုပ်စုများ ခေါင်းထောင်လာနေခြင်းအတွက် မိမိတို့ စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း၊ ဖမ်းဆီးရမိသော မသင်္ကာဖွယ် စစ်သွေးကြွနှစ်ဦးမှာ ဆီးရီးယားနိုင်ငံသို့ သွားရောက်ကာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့်အတူ ပူးပေါင်းတိုက်ခိုက်ရန် ကြံစည်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့ထောက်လှမ်းရေးမှူး နာဇာမူလ် အလမ်က ပြောကြားသည်။

မသင်္ကာဖွယ်ရာ စစ်သွေးကြွတစ်ဦးမှာ ကုမ္ပဏီတစ်ခုမှ သတင်းအချက်အလက်နည်းပညာကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး အိုင်အက်စ်အဖွဲ့အတွက် ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်နေသူဖြစ်သည်ဟု ယူဆရကြောင်း အလမ်က ပြောကြားသည်။

အခြားတစ်ဦးမှာမူ ဒါကာမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်သည်။ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အိုင်အက်စ်အဖွဲ့အတွက် အဖွဲ့ဝင်သစ်များကို ရှာဖွေစုဆောင်းပေးလျက်ရှိသည်ဟု မသင်္ကာရကြောင်း၊ အိုင်အက်စ်အဖွဲ့တွင် ပါဝင်ရန် ကျောင်းသား ၂၅ ဦးထက်မနည်းကို စည်းရုံးသိမ်းသွင်းခဲ့သည်ဟု ၎င်းက ဖြောင့်ချက်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

## ကွာလာလမ်ပူ-စင်ကာပူ အမြန်ရထားစီမံကိန်း နည်းပညာအကူအညီပေးရေး ဂျပန်နှင့် မလေးရှားဆွေးနွေး

**တိုကျို မေ ၂၆**

မြို့တော်ကွာလာလမ်ပူနှင့်စင်ကာပူနိုင်ငံတို့ကို ဆက်သွယ်မည့် အမြန်ရထားစီမံကိန်းတစ်ရပ်အတွက် ဂျပန်နိုင်ငံက နည်းပညာအကူအညီပေးရေးကိစ္စနှင့်ပတ်သက်၍ မလေးရှားနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ် ပြန်သည်။

တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံက စစ်အင်အားပြသသည့် လှုပ်ရှားမှုများအား တန်ပြန်နိုင်ရေးအတွက် မလေးရှားနိုင်ငံ၏ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ကို အကူအညီ တိုးမြှင့်ပေးရန်လည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား တိုကျို၌တွေ့ဆုံရာတွင် ကမ်းလှမ်းခဲ့သည်။

ယခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ဥက္ကဋ္ဌ ရာထူးနေရာကို ရယူထားသည့် မလေးရှားနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်သော အာဆီယံသည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ ပိုမိုပေါင်းစည်းထားသော စီးပွားရေးအသိုက်အဝန်းတစ်ရပ်ကို ထူထောင်မည်ဖြစ်ရာ ပြည်သူများအပြန်အလှန်ကူးလူးဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အား ပိတ်ပင်နေသော အတားအဆီးများကို လျှော့ချလျက်ရှိချိန်တွင် ဂျပန်နိုင်ငံက ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း အာဘေးကပြောကြားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံများ၏ အခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ပြုလုပ်သွားရန် ဂျပန်နိုင်ငံက လိုလားလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ကျိုဒို။**

## ဗီယက်နမ်လေကြောင်းလိုင်းက လေယာဉ်ပေါ်တွင် ဝိုင်ဖိုင်ဝန်ဆောင်မှုပေးမည်

**ဟိုချီမင်းစီးတီး မေ ၂၆**

ဗီယက်နမ်အမျိုးသားလေကြောင်းလိုင်းသည် ယင်း၏လေကြောင်းခရီးစဉ်များတွင် ခရီးသည်များအား အင်တာနက်ဝန်ဆောင်မှုပေးရန် အမေရိကန်ပြည်ထောင်စုမှ Go Go နှင့် ဥရောပမှ On Air အစရှိသော လေယာဉ်ပေါ် အင်တာနက်ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် ကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အွန်လိုင်းသတင်းစာ Vietnamnet က မေ ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

"Go Go နဲ့ On Air က လေယာဉ်ပေါ်မှာ အင်တာနက်ဝန်ဆောင်မှုပေးတဲ့ ထိပ်တန်းကုမ္ပဏီနှစ်ခုဖြစ်ပါတယ်။ သူတို့က မြေပြင်ကနေ လေယာဉ်ဆီကို ခေတ်မီကိရိယာတွေနဲ့ ချိတ်ဆက်ပြီး လေယာဉ်ကတစ်ဆင့် ခရီးသည်တွေဆီကို ဝန်ဆောင်မှုပေးသွားမှာပါ။ ဒါ့ကြောင့် သူတို့က အင်တာနက်ဝန်ဆောင်မှုပေးရာမှာ အရေးပါတဲ့ကုမ္ပဏီတွေဖြစ်လာပါလိမ့်မယ်"ဟု ဗီယက်နမ်လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဗီယက်နမ်လေကြောင်းလိုင်း၏ လေကြောင်းခရီးစဉ်များတွင် ခရီးသည်များအတွက် ဝန်ဆောင်မှုပေးရာတွင် အဆိုပါကုမ္ပဏီများသည် ဗီယက်နမ်အာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိရမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် ၎င်းတို့၏ အီလက်ထရွန်နစ်ကိရိယာများကို အမြင့်မီတာ ၃၀၀၀ ရောက်ရှိပါက ဖွင့်လှစ်အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းအများအပြားက လေယာဉ်ပေါ် ဝိုင်ဖိုင်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အရှေ့တောင်အာရှတွင် စင်ကာပူလေကြောင်းလိုင်း၊ ထိုင်းလေကြောင်းလိုင်းနှင့် မလေးရှားလေကြောင်းလိုင်းတို့တွင် လက်ရှိအချိန်၌ ခရီးသည်များအတွက် ဝိုင်ဖိုင်ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆင်ဟွာ။**

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)ကို ယနေ့ အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် မေ ၂၆**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် အထူးစီမံချက်တစ်ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

အဆိုပါ စီမံချက်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ရန် ရည်ရွယ်သော ရှေးပြေးစီမံချက်တစ်ခု ဖြစ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး အထူးစီမံချက်(ယင်းမာ)ဟု အမည်ပေးထားကြောင်း သိရှိရသည်။

စီမံချက်ကာလကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်ထိ သတ်မှတ်ပြီး စီမံချက်နယ်မြေများအဖြစ် ဇုန်(၁) မြန်မာနိုင်ငံအထက်ပိုင်းဒေသ၊ ဇုန်(၂) မြန်မာနိုင်ငံအောက်ပိုင်းဒေသ၊ ဇုန်(၃) ရှမ်းပြည်နယ်ဟူ၍ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်ပါလုပ်ငန်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ (MANA) စသည့် လုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့မှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စီမံချက်လုပ်ငန်းများအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးဆိုင်ရာ ဆိုင်းဘုတ်၊ ပိုစတာများဖြင့် ပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် သက်ရောက်မှုရှိသည့် လူ့အသိုင်းအဝိုင်းအလွှာအသီးသီး၌ အသိပညာပေး ဟောပြောခြင်း၊ One Stop Service ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကူးစက်တတ်သော HIV နှင့် အခြား သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါပိုးများအန္တရာယ် ကုသကာကွယ်ရေးဆိုင်ရာ လူထုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲရောက်မှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သင်တန်းများပို့ချခြင်း၊ မျိုးများဖြန့်ဝေခြင်း၊ တိရစ္ဆာန်ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းစသည်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် လျော့ကျစေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မူးယစ်ဗဟိုအဖွဲ့သည် စီမံချက်ကာလအတွင်း တွေ့ကြုံရသော အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ပြီး အလားတူစီမံချက်များရေးဆွဲ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အဆိုပါယင်းမာစီမံချက်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ လူမှုရေးကွန်ရက်များ၊ သတင်းမီဒီယာများအား ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုပါကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ထံမှ သိရှိရသည်။ **(သတင်းစဉ်)**

---

**❖ ယောနယ်တစ်ခွင်မှ**



ပြောင်းရွှေ့ရမည့် အနောက်တောလေးရွာအတွက် အိမ်သစ်များဆောက်လုပ်ပေးထားစဉ်။

တံတားထိပ်ထိအထိ ကတ္တရာခင်းထားပြီးဖြစ်ရာ ထီးလင်း-ဂန့်ဂေါ-တမံလမ်းခွဲမှ မောချောင်းတံတားအထိ ကားလမ်းမှာ ဖြောင့်ဖြူးသာယာနေပါသည်။ နှစ်မိုင်ခရီးဖြစ်သည်။ မောချောင်းရေကလည်း ကြည်လင်နေပါ၏။ သို့သော် ရေနည်းနေပါ၏။ ငါးရှားနေပါ၏။

နောက်နေ့တွင်တူးလေးခေါ် ဝင်းမင်းအောင်က စာရေးသူကို တမံသို့ ပို့ပေးပါသည်။ ယခင် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်လာတုန်းကလည်း တူးလေးကပင် ဆိုင်ကယ်ဖြင့်ပို့ပေးပါသည်။ ထိုစဉ်က မြစ်သာတာတမံမှာ ခေတ္တရပ်နားထားချိန်ဖြစ်၍ စက်ယန္တရားကြီးများကို မတွေ့ခဲ့ရပါ။ မမြင်ခဲ့ရပါ။ ဝန်ထမ်းအိမ်ရာနှင့် ကုန်းကြောတမံရှည်ကြီးကိုသာ တွေ့ခဲ့ရပါသည်။

ယခုတစ်ခေါက်တွင်ကား စက်ယန္တရားမျိုးစုံ၊ ထော်လာဂျီကုန်ကားမျိုးစုံဖြင့် တာတမံကြီးကို ၂၀၁၆ ခုနှစ်အပြီး ကုမ္ပဏီပေါင်း ၁၀ ခုက တာဝန်ယူ၍ အရှိန်အဟုန်ပြင်းပြင်းဖြင့် တည်ဆောက်နေကြရာ ဖုန်တထောင်းထောင်း၊ စက်သံတညံညံဖြင့်ဆူညံနေပါသည်။ မမြင်ဖူးသော စက်ယန္တရားမျိုးစုံကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ရေလှောင်တမံအတွင်း သဲစုပ်နေသော စက်ယန္တရားကြီးမှာ ဆင်နှာမောင်းကဲ့သို့ တယမ်းယမ်းဖြင့် အလုပ်လုပ်နေရာ ကြည့်၍ပင် ကောင်းသေးတော့၏။ ရေဖျန်းသူကဖျန်း၊ မြေညှိသူကညှိဖြင့် ရေလှောင်တမံကြီးကို အင်တိုက်အားတိုက် တည်ဆောက်နေကြရာ စာရေးသူမှာ ပီတိဖြစ်၍မဆုံး ဝမ်းသာမဆုံး ဖြစ်ရသည်။

"ငါတို့ယောနယ်မှာဒီလောက်ကြီးမားသော ရေလှောင်တမံမရှိ"ဟု ဂုဏ်ယူမိသည်။ ပီတိဖြာမိသည်။ ယခင်တစ်ခေါက်က "လျှပ်စစ်စက်ရုံနေရာ" ဟု ရေးသားထားသော နေရာတွင်လည်း လျှပ်စစ်စက်ရုံကြီး တည်ဆောက်နေသည်။ လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် ၂၀ မဂ္ဂါဝပ်စက်ကြီးနှစ်လုံးကိုလည်း တပ်ဆင်နေကြပြီ။ ထိုဓာတ်အားထုတ်မည့်စက်ကြီးနှစ်လုံးအတွင်းသို့ ရေကျစေရန် ပိုက်ကြီးလည်း သွယ်တန်းနေကြပြီ။ ကျောက်တောင်ကြီးကို ဖောက်၍လုပ်သားများ အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်။

ဤမြစ်သာရေလှောင်တမံမှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်ပြီး ကျွန်တော်တို့ ကလေးနယ်နှင့်ယောနယ်ကို ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်သည်။ ဓာတ်အားဖြန့်ဖြူးမည့် လျှပ်စစ်ရုံကိုလည်း တည်ဆောက်ပြီးဖြစ်သည်။

ယောနယ်အတွင်း လျှပ်စစ်မီးပေးရုံသာမက လယ်ဧကပေါင်း ၁၂၀၀၀ ကိုလည်း ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းပြီးစီးပါက ဂန့်ဂေါမြို့နယ်အတွင်းရှိ ဖက်ဝန်း၊ ချောင်းနက်၊ မင်းရွာ၊ တောဖို့၊ ပန်းထိပ်၊ ခေါင်ခူ၊ အောင်မြင်၊ ရှုံးရှီ၊ အနောက်ဂန့်ဂေါနှင့် ဇာဟောကျေးရွာများအထိ ရေပေးဝေနိုင်မည်။ ထို့အပြင် အသစ်ဖော်ထုတ်ထားသော လယ်မြေများနှင့် ဂန့်ဂေါနယ်အတွင်းရှိ ဝက်ချီပါ၊ မောလယ်၊ အိမ့်သစ်၊ တောင်ပြင်၊ မန်ကျည်းခင်၊ စိုင်ဒူး၊ သာပို့၊ ကျော်ရွာ၊ ကျွန်းဒက်၊ မောက်လင်း၊ မောက်၊ လက်ပန်စသည့် ကျေးရွာများအထိ တူးမြောင်းများမှ ရေစုပ်စက်ဖြင့်ရေသွယ်ယူ၍ သီးထပ် သီးညှပ်များ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဂန့်ဂေါနယ်ရှိကျေးရွာပေါင်း ၁၁၃ ရွာကိုအကျိုးပြုမည့် မြစ်သာ ရေလှောင်တမံဖြစ်သည်။ စာရေးသူကို မြစ်သာရေလှောင်တမံတာဝန်ခံ ဂန့်ဂေါခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဦးညဏ်စိုး (AE)နှင့် ဦးထွန်း(အရည်အသွေးထိန်း)တို့က ဆည်ရေပေးဝေမည့် လယ်ကွက်သစ်များနှင့် တူးမြောင်းများကို လိုက်လံပို့ဆောင်ရှင်းပြပေးကြပါသည်။ ၎င်းတို့နှစ်ဦးမှာ စာရေးသူကို တမံအကြောင်းရှင်းပြပေးရုံသာမက မင်းရွာမြသိန်းတန်ဘုရား၊ မင်းရွာပိဋကတ်တိုက်၊ မင်းရွာမြစ်သာမြစ်ဖြတ်ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အထိ ကားဖြင့်လိုက်ပို့၍ ရှင်းပြပေးပါသည်။

မြစ်သာရေလှောင်တမံကို တမံနှစ်ထပ်ပြုလုပ်ထားသည်။ မြစ်သာရေလှောင်တမံအသေးမှာ ယခုအခါ ရေရောက်နေပြီဖြစ်၍ တာတမံပိတ်ဆို့နေသည်။ စံပယ်ရွာကို ရေအရင်ရောက်မည်ဟု သိရသည်။ ရေဝပ်ဧရိယာကျရောက်သော စံပယ်၊ ယင်းမာ၊ ပနန်း၊ စင်ပုံလေးရွာတို့သည် အသစ်တည်ဆောက်ပေးထားသော နေအိမ်များသို့ ပြောင်းရွှေ့ကြရပါမည်။ ကျေးရွာလေးရွာနစ်နာသော်လည်း ကျေးရွာပေါင်း ၁၀၀ ကျော်က ရေလှောင်တမံကျေးဇူးကို စံစားကြရမည်ဖြစ်ပါသည်။

စံပယ်ရွာသားတစ်ဦးက ထန်းပင်တွေနှမြောတာဗျဟု ရယ်၍ပြောပါသည်။ အုန်းပင်၊ ထန်းပင်များဖြင့် ဝေစည်နေသော၊ လယ်ကွက်မျိုးစုံဖြင့် စိမ်းလန်းစိုပြည်နေသော အနောက်တောလေးရွာဟု ယောဒေသက ခေါ်ဆိုကြသည့် ရေဝပ်ဧရိယာကျရောက်သော စံပယ်၊ စင်ပုံ၊ ယင်းမာနှင့် ပနန်းကျေးရွာများကို တမံကုန်းမြင့်ပေါ်ရှိ စေတီကလေးပေါ်ကရပ်၍ကြည့်ရှုခဲ့ပါသည်။ ဓာတ်ပုံလည်းရိုက်ယူခဲ့ပါသည်။ စိမ်းညို့နေသောထိုရွာလေးရွာမှာ မိုးဦးကျလျှင်၊ ရေတမံကြီးပိတ်လိုက်လျှင် ရေလွှမ်းမိုးသွားတော့မည်ဖြစ်သည်။

ထန်းပင်တမျှမြင့်မားလှသော ရေလှောင်တမံပိတ်မည့်နေရာမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ မြစ်သာတမံ ဘက်စုံစီမံကိန်းမှာ ၇၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရေတာတမံပြီးစီး၍ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်တော့မည်ဖြစ်သည်။

စာရေးသူ ၂၀၁၀ ခုနှစ်ရောက်စဉ်က ရေလှောင်တမံအနီးရှိ သစ်ပင်၊ ဝါးပင်တို့မှာ စိမ်းစိမ်းစိုစိုရှိနေဆဲဖြစ်သည်။ ယခုတစ်ခေါက်တွင်ကား ထိုစိမ်းစိမ်းစိုစိုသစ်ပင်များနေရာတွင် "စံပယ်၊ စင်ပုံ၊ ယင်းမာ၊ ပနန်း"ဟူသော ရွာသစ်လေးရွာတို့သည် ကွန်ကရစ်တိုင်ဖွေးဖွေး၊ သွပ်ပြားဖွေးဖွေး၊ ခြံစည်းရိုးလုံခြုံစွာဖြင့် ရေကန်အသင့်၊ ကြာအသင့်ဖြစ်နေကြသည်။ တစ်အိမ်လျှင် ခေတ်မီယင်လုံအိမ်သာတစ်လုံး၊ ရေကန်ငယ်တစ်ကန်အပြင် လျှပ်စစ်မီးများပါ သွယ်တန်းထားသဖြင့် မြို့ကလေးအဆင့်သို့ ရောက်ရှိနေကြသည်။ သို့သော် ထိုအနောက်တောလေးရွာသားတို့ကား တစ်ယောက်တစ်လေမျှ အိမ်သစ်သို့ မတက်ကြသေးချေ။ ရွာကိုရေရောက်မှ တက်မည်ဟု သိရသည်။

"အိမ်ပြောင်းရွှေ့ပါက နိုင်ငံတော်သမ္မတက အခမဲ့ပြောင်းရွှေ့ပေးမည်။ နေရာသစ်တွင် နှစ်နှစ်စာအခမဲ့ ကျွေးမွေးထားမည်"ဟု တာဝန်ယူသွားကြောင်း ဒေသခံတို့က စာရေးသူကို ပြောပြသည်။ အစကငြင်းဆန်ကြသော်လည်း သမ္မတကြီး၏ လိုက်လျောပေးမှုကြောင့် ယခုအခါ ရွာသူရွာသားတို့မှာ ကျေနပ်သွားကြပါပြီဟုလည်း ဝမ်းသာစကားကြားခဲ့ရသည်။

"အစိုးရကတာဝန်ကျေသည်"ဟုလည်း သိခဲ့ရသည်။ မီးရ၊ ရေရ၊ စိုက်ပျိုးမြေရ၊ အိမ်ရဖြင့် ဝမ်းသာသူကဝမ်းသာနေကြသည်။ သို့သော် အချို့မှာ မိမိချက်မြှုပ်ကို ခင်တွယ်နေကြဆဲဖြစ်သည်။ မိမိစိုက်ပျိုးပြုစုထားသော လယ်ယာ၊ သီးနှံ၊ သစ်ပင်များကို နှမြောတသ ခင်တွယ်နေကြဆဲဖြစ်သည်။

မည်သို့ဆိုစေ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကြီးသည် ယောဒေသတစ်ခွင်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်မည့် စီမံကိန်းဖြစ်၍ ယောသားစာရေးဆရာ၊ သတင်းထောက်တစ်ဦးအဖို့ ဝမ်းသာဂုဏ်ယူမဆုံး၊ ပီတိဖြစ်၍မဆုံးဖြစ်နေရပါသတည်း။

ယောနယ်တစ်ခွင်ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် မြစ်သာရေလှောင်တမံစီမံကိန်းကြီး အမြန်ဆုံးပြီးစီးနိုင်ပါစေသတည်း။ ။

❐

---

# ပဲခူးမြို့နယ် ဘုရားငုတ္တိုကျေးရွာ၌ စာကြည့်တိုက်ဖွင့်

**ပဲခူး မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားငုတ္တိုကျေးရွာ "အမေ့ရွာ" သုတပဒေသာစာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမျိုးအောင်၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အိကေသွယ်မင်း၊ တိုင်းဒေသကြီး သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးစိန်လှိုင်ဗိုလ်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ အလှူရှင် ဦးကျော်သိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူငွေနှင့်စာအုပ်၊ စာစောင်များကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အနံ ၁၈ ပေ RC အမျိုးအစားဖြစ်ပြီး အမေရိကန်နိုင်ငံမှ Ms. LINOWITAZ နှင့် Ms. ATTAL-DERMAN တို့က ငွေကျပ် ၄၈ သိန်းနှင့် အဆိုပါကျေးရွာနေ ဦးကျော်သိမ်းနှင့် ဇနီး ဒေါ်ခင်စန်းတို့က ငွေကျပ် ၁၈ သိန်း စုစုပေါင်း ၆၆ သိန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအပေါ် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၄၉) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအပေါ် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက ပြဋ္ဌာန်းထားသည့် ဥပဒေအရ မြေသိမ်းဆည်းမည်ဆိုပါက ကာလပေါက်ဈေးပေးလျော်ကာ မြေသိမ်းမိန့်ထုတ်ပြန်ပြီးမှ သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ သိမ်းဆည်းထားသည့်မြေကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အသုံးမပြုပါက ဥပဒေအရ ပြန်လည်သိမ်းယူရမည်ဖြစ်ပါကြောင်း၊ အဆိုပါသိမ်းဆည်းမြေများကို အသုံးမပြုပါက မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်က မြေသိမ်းဆည်းမှုများနှင့် မြေပြန်လည်လွှဲပြောင်းပေးအပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု အားနည်းနေပါကြောင်း၊ သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍လည်း မည်သည့်အချိန်တွင် နောက်ဆုံးဆောင်ရွက်ပေးမည်ကို ကာလသတ်မှတ်သင့်ပါကြောင်း၊ နစ်နာကြေးပေးရာတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးမျိုးဖြစ်နေသည့်အတွက် သတ်မှတ်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေက မကွေးတိုင်းဒေသကြီးအတွင်းတွင် အချို့မြေကိစ္စများမှာ ပြီးစီးသင့်သလောက် ပြီးစီးပြီဖြစ်သော်လည်း အနည်းငယ်ကျန်ရှိပါကြောင်း၊ အဆိုပါ အနည်းငယ်ကျန်ရှိသည့် မြေကိစ္စများကိုလည်း မူလပိုင်ရှင်များနစ်နာမှုမရှိအောင် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၄၉) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# ဆန်ကုန်သည်များက တရားမဝင်ဝယ်ယူမှုကို ပိုအဆင်ပြေ

**မန္တလေး မေ ၂၆**

တရုတ်နိုင်ငံသို့ တင်ပို့နေသည့် အသေးစားဆန်ကုန်သည်များသည် ငွေကို အချိန်ကြာရင်းနှီးထားနိုင်ခြင်းမရှိ၍ တရုတ်အစိုးရမှ တရားဝင်ခွင့်ပြုပေးခြင်း မရှိသေးဘဲ ဝယ်ယူနေခြင်းက ပို၍အဆင်ပြေကြောင်း မန္တလေးဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းထွန်းက ပြောသည်။

"တရားမဝင်ပိုလုပ်ချင်တယ်။ တရားဝင်ဖြစ်သွားလို့ စာချုပ်ချုပ်လိုက်ရင် ဥပမာ တန် ၅၀၀၀ (အိတ်တစ်သိန်း) ချုပ်မယ်ဆိုရင် ကုန်သည်စုပေါင်းလုပ်ရမယ်။ လူများရင် စကားများလာမယ်။ အိတ်တစ်သိန်းအသံကြားတာနဲ့ ဈေးကတက်ပြီ။ တောင်သူကလည်း မရောင်းတော့ဘဲ ထိန်းထားမယ်"ဟု ၎င်းက ပြောသည်။

တရားဝင်ဝယ်ယူပါက နှစ်ဖက်စာချုပ်ချုပ်ဆိုပြီးချိန်တွင် ဝယ်လိုအားကို သိရှိသွား၍ ပြည်တွင်းဆန်ဈေးကွက်တွင် စာချုပ်ပါဈေးနှုန်းထက် မြင့်သွားနိုင်ကြောင်း၊ လက်ရှိတွင် ဆန်တန်ချိန် ၈၀၀၀ ဝယ်ယူရန် ကမ်းလှမ်းမှုများကြောင့် ဆန်ဈေးတက်နေကြောင်း သိရသည်။

"တစ်လကို ဆန်အိတ်တစ်သောင်းကနေ တစ်သိန်းလောက်ဝယ်နိုင်တဲ့ ကုန်သည်ငယ်တွေက တရုတ်ဘက်က တရားမဝင်ဝယ်တာကို ပိုကြိုက်တယ်။ ဒိုင်းမွန်းစတား၊ ရွှေဝါရောင် အဲဒီကုမ္ပဏီကြီးတွေက ကမ္ဘာမှာ ရောင်းချတဲ့ပုံစံကို အသားကျပြီးသားဆိုတော့ တရားဝင်စာချုပ်နဲ့ရောင်းတဲ့ FOB စနစ်ကိုကြိုက်တယ်။ ဘာကြောင့်လဲဆိုရင် RISK မပါချင်ဘူး။ ငွေကိုတောင့်ခံနိုင်တယ်"ဟု ဆန်ကုန်သည် ဦးမိုက်က ပြောသည်။

လက်ရှိအချိန်တွင် မူဆယ်သို့ တစ်ရက်လျှင် ဆန်အိတ် ၃၀၀၀ တင်ပို့ခြင်းဖြင့် တစ်လပြည့်လျှင် ဆန်အိတ် တစ်သိန်းနီးပါး တင်ပို့ပြီးဖြစ်၍ ငွေလည်ပတ်နိုင်ကြောင်း၊ တရားဝင်သင်္ဘောတင်စနစ် FOB ဖြင့် ရောင်းချလျှင် စာချုပ်ပါဆန်တန်ချိန်အားလုံး သင်္ဘောပေါ်ရောက်မှ တစ်ဖက်နိုင်ငံက ငွေလွှဲရရှိခြင်းကြောင့် ဆန်ဝယ်ယူစုဆောင်းချိန်နှင့် သင်္ဘောတင်ချိန်တို့အတွက် ပေးရသည့်အချိန်အတွင်း ငွေရင်းနှီးထားရကြောင်း သိရသည်။

" FOB နဲ့ ဆန်ရောင်းရမယ်ဆိုရင် သင်္ဘောတင်ဖို့ အိတ်တစ်သိန်းအတွက်ငွေရှိရမှာ။ ကားထောင်ထားသူတွေလည်း FOB အရ သင်္ဘောနဲ့တင်ပို့ရမယ်ဆိုရင် အကုန်လုံးငုတ်တုတ်မေ့သွားမယ်လေ"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံမှ နိုင်ငံပေါင်း ၃၀ ဝန်းကျင်သို့ တင်ပို့သည့် ဆန်မက်ထရစ်တန်ချိန်မှာ ၂၀၁၂ ခုနှစ်က ၁ ဒသမ ၆ သန်း၊ ၂၀၁၃ ခုနှစ်က ၁ ဒသမ ၂ သန်း၊ ၂၀၁၄ ခုနှစ်က ၁ ဒသမ ၃၉ သန်းဖြစ်ရာ တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး ၅၀ ရာခိုင်နှုန်းအထက်ရှိ၍ မူဆယ်နယ်စပ်ပေါက်မှ တရုတ်ကုန်သည်များက တရားမဝင်ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

**(အောင်သန့်ခိုင်)**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမလအတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံမှာ စင်ကာပူဖြစ်

စင်ကာပူနိုင်ငံက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမလအတွင်း မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသည့်နိုင်ငံများထဲတွင် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမလဖြစ်သော ဧပြီလကုန်အထိ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း၊ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ စင်ကာပူနိုင်ငံဖြစ်ပြီး နယ်သာလန်က ဒုတိယလိုက်နေကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ဧပြီ ၁ ရက်က စတင်ပြီး မတ် ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ဒေါ်လာ ၈ ဘီလီယံကျော်ရရှိခဲ့သဖြင့် စံချိန်တင်ခဲ့ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုများထဲတွင် စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ၄ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မြန်မာဘဏ္ဍာရေးနှစ်ကုန်ဖြစ်သော ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော ကုမ္ပဏီအများစုမှာ စင်ကာပူနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်ပကုမ္ပဏီအရေအတွက် ၄၃၂၄ ခုရှိသည့်အနက် လေးခုလျှင် စင်ကာပူကုမ္ပဏီတစ်ခုပါရှိကြောင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏအရဆိုလျှင် တရုတ်ကအများဆုံးဖြစ်ကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်ကတည်းကပင် တရုတ်ကုမ္ပဏီ ၇၄ ခုမှာ မြန်မာနိုင်ငံ၌ ဒေါ်လာ ၁၄ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ စင်ကာပူမှာ မြန်မာနိုင်ငံ၌ တရုတ်ပြီးလျှင် ဒုတိယရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေပမာဏမှာ ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံရှိကြောင်း ဆိုသည်။

**(ကျော်သဲအိမ်)**

**❄အဝီစိမှ**

ဒုတိယဌာနမှူး ဦးမျိုးသိမ်းက "အခုမြို့တော်စည်ပင်က တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက် အဆင့်မြင့်ရေပိုက်လိုင်း အသစ်တွေကို နေ့ညဆောင်ရွက်ဆက်သွယ်နေတာ အဓိကကတော့ ကြည့်မြင်တိုင်မြို့နယ်အတွက်ပါ။ ဒါပေမဲ့ ဆက်စပ်နေတဲ့ လှိုင်၊ ကမာရွတ်မြို့နယ်တို့ဟာလည်း အရင်ကထက် ရေအားအထိုက်အလျောက်ကောင်းလာမှာဖြစ်တယ်။

ကြည့်မြင်တိုင်မြို့နယ် ရေအားနည်းရတာက သောက်သုံးရေရရှိဖို့အတွက် ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေကိုယူပြီး တက္ကသိုလ်ရိပ်သာလမ်းမှာရှိတဲ့ ရပ်ကွက်များကနေ ဖြတ်သန်းသွယ်တန်းရတဲ့အတွက် ကြည့်မြင်တိုင်မြို့နယ်ဟာ ကုက္ကိုင်းရေလှောင်ကန်ရဲ့ ရေပိုက်လိုင်းအဖျားပိုင်းမှာကျရောက်နေသလိုဖြစ်တယ်။ တစ်ဖက်မှာလည်း လှော်ကားပိုက်လိုင်းမှတစ်ဆင့် ရေများထပ်မံဆက်သွယ်ပေးပြန်တော့ လှိုင်၊ ကမာရွတ်တို့ကိုပိုက်လိုင်းဖြတ်သန်းရတဲ့အတွက် လှော်ကားရေပိုက်လိုင်းရဲ့ အဖျားပိုင်းမှာပဲ ပြန်လည်ကျနေတော့ ကြည့်မြင်တိုင်ဟာ ပင်မရေပိုက်လိုင်းနဲ့ ဟိုမနီး ဒီမနီးဖြစ်နေလို့ ရေအားရောက်ရှိမှုပမာဏ နည်းရခြင်းဖြစ်တယ်။ ဒါပေမယ့် ကြည့်မြင်တိုင်မြို့နယ်ဟာ ရန်ကုန်မြို့ရဲ့ အဝီစိတွင်းမြေအောက်ရေရရှိမှုဟာ ပထဝီမြေအနေအထားအကောင်းဆုံးဖြစ်တဲ့ မြို့နယ်ဖြစ်တာကြောင့် အဲဒီမြို့နယ်ထဲမှာရှိတဲ့ ပြည်သူတွေဟာ စည်ပင်ကပေးတဲ့ရေကို အပြည့်အဝမရရှိပေမယ့် အဝီစိတွင်းရေများနဲ့ပဲ တွဲဖက်မှီခိုနေလာခဲ့တဲ့ အစဉ်အလာကြောင့် ရေအခက်အခဲ သိပ်မရှိပါဘူး။ ကျွန်တော်တို့က ဒီနေ့မြို့ပြဖွံ့ဖြိုးမှုနဲ့အတူ အနာဂတ်ရေလိုအပ်ချက်ကို ကြိုတင်ဖြည့်တင်းခြင်းအနေနဲ့ ရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။



မြို့တော်စည်ပင်သည် မြို့တော်နေပြည်သူများ သောက်သုံးရေပြည့်ဝစွာ သုံးစွဲနိုင်အောင် နည်းမျိုးစုံနှင့် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ မြို့ပြလူနေထိုင်မှုနှင့် အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်များ၊ အင်းများ၊ စီးပွားရေးလုပ်ငန်းများ အချိန်နဲ့ တစ်ပြေးညီတိုးပွားလာမှုနှင့်အညီ မြို့ပြလိုအပ်ချက်အရ သောက်သုံးရေရရှိနိုင်မည့် ရေအရင်းအမြစ်များကိုလည်း တစ်ဖက်က တိုးချဲ့ရှာဖွေလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ရိပ်သာလမ်း ရေပိုက်လိုင်းဆက်သွယ်ပြီးပါက ကြည့်မြင်တိုင်မြို့နယ်အတွက် ရေများမယူတော့သဖြင့် ကုက္ကိုင်းရေလှောင်ကန်သည် ရေများပိုလာမှာဖြစ်သည်။ ပိုလျှံရေများကိုမြို့တွင်း ခြောက်မြို့နယ်ဖြစ်သည့်လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များအထိ ရေအားဖြည့်ပေးနိုင်မည့်အပြင် ဒဂုံ၊ အလုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့သည် လက်ရှိအခြေအနေများထက် ရေအားပိုမိုရရှိလာမည်ဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ် သောက်သုံးရေပြည့်ဝစွာရရှိရန် ကမ္ဘာအေးစေတီလမ်းနှင့် ပြည်လမ်းအကြားရှိ တက္ကသိုလ်ရိပ်သာလမ်း ရေပိုက်ဆက်သွယ်ခြင်းကို ယာဉ်ကြောပိတ်ဆို့မှုမရှိအောင်နှင့် ယာဉ်သွားလာစီးဆင်းမှုမထိခိုက်အောင် (၂၄၊ ၂၈၊ ၃၂)လက်မ အဆင့်မြင့်ရေပိုက်လိုင်းဆက်သွယ်ခြင်းသည် (၈၅)ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်ရာ ကုက္ကိုင်းလမ်းဆုံ (၄၂)လက်မရေပိုက်လိုင်းနှင့် ပြည်လမ်း-ကမာရွတ်ရှိ လှော်ကားရေပိုက်လိုင်း ပေါင်းကူးဆက်သွယ်ခြင်းကို ဇွန်လတွင် ဆက်သွယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပင်မရေပိုက်လိုင်းနှစ်ခု ဆက်သွယ်ပြီးစီးပါက ကြည့်မြင်တိုင်မြို့နယ် ပြည်သူများအတွက် ရေဂါလန်တစ်သန်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ **(စောသိန်းဝင်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြေဩဇာဆိုင်ပြေဆေးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ပစ္စည်းများနှင့် နည်းပညာရရှိရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဩစတြေးလျနှင့်ဘရာဇီးနိုင်ငံတို့မှ အကူအညီအထောက်အပံ့ရယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၅၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **ကျေးလက်နေ တောင်သူလယ်သမားများ လုပ်ငန်းရာသီအချိန်တိုင်း ပိုးထိသေဆုံးရခြင်းများကို ကာကွယ်ပေးရန်အတွက် မည်သို့စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပအကူအညီများဖြင့် ဤကိစ္စအတွက် ကူညီထောက်ပံ့နေမှုများကို မည်သို့စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံရှိ မြွေများ၏ အဆိပ်ကိုအခြေခံထုတ်လုပ်ခြင်းဖြင့် မြွေကိုက်မှုများအတွက် အထိရောက်ဆုံးဖြစ်သော မြွေဆိပ်ဖြေဆေးကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်မည့် စက်ရုံအဆောက်အအုံသစ်ကို GMP စနစ်ဖြင့် ဆောက်လုပ်လျက်ရှိပါကြောင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့်ပစ္စည်းများနှင့် နည်းပညာရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့မှ အကူအညီအထောက်အပံ့ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်လှမ်းမမီသောဒေသမှ မြွေကိုက်ခံရသည့် တောင်သူလယ်သမားနှင့် အခြေခံလူတန်းစားများအတွက် အရေးပေါ် မြွေဆိပ်ဖြေဆေးထိုးနိုင်ရန် တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများအထိ သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် မြွေဆိပ်ဖြေဆေးများကို



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်။



မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်။

ပေးပို့ထားပါကြောင်း၊ ပြည်ပအကူအညီထောက်ပံ့မှုများရရှိနိုင်ရန် ဆောင်ရွက်ထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မုဒုံမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **မော်လမြိုင်မြို့နှင့် ရေးရထားလမ်းတွင် ဂျပန်မှ အထူးတွဲများ ပြေးဆွဲရန်နှင့် ရထားလမ်းများကို ခေတ်မီအောင် ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ခရီးသည်များအစီးများသည့် ရန်ကုန်မြို့ပတ်လမ်းနှင့် အခြားလမ်းပိုင်းများတွင် ဦးစားပေးဆောင်ရွက်နေရပါသဖြင့် မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် ဂျပန်အထူးတွဲများ ပြေးဆွဲရန် လတ်တလောတွင်အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ခွဲ(၁)၏ မြေသိမ်းနစ်နာမှုတိုင်ကြားစာ (၁၅၀၁)စောင်အနက် မည်မျှဖြေရှင်းပြီး၍ မည်မျှကျန်သေးသည်ကို သိလိုခြင်းနှင့် ဖြေရှင်းဆောင်ရွက်မှုအခြေအနေအား ယင်းကော်မရှင်သို့ ပြန်ကြားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁)မှ ပေးပို့သည့်အစီရင်ခံစာပါ အမှုတွဲများအပေါ် မြေကိစ္စ(၁၄)မှုတွင် စွန့်လွှတ်မြေဧက (၁၁၆၆)ကျော်ကို စိစစ်ခဲ့ပြီး တောင်သူ(၈၄)ဦးသို့ (၆၆၄)ဧကကျော်ကို ယာယီပုံစံဖြင့်လည်းကောင်း၊ အလားတူ တောင်သူ(၁၈)ဦးသို့ လယ်ယာမြေ (၃၈၇)ဧကကျော်ကို ပုံစံ(၇)ဖြင့် လည်းကောင်း လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စားကျက်မြေ (၆၅)ဧကကျော်ကိုလည်း သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်လွှဲပြောင်းရန်ရှိသည်များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ယူကလစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးနှင့်အပြစ်ကို ပြည်သူများပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ဟောပြောပွဲများ၊ သတင်းမီဒီယာများတွင် ရေးသားဖော်ပြခြင်းများ ပြုလုပ်လျက်ရှိ

**နေပြည်တော် မေ ၂၆**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၅၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုးသက်၏ **နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေသော KNU အဖွဲ့အား ယင်းတို့၏ နယ်မြေအတွင်း လုပ်ဆောင်နေမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့များက ကူညီပူးပေါင်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးပြီး နှစ်ဖက်တပ်ဖွဲ့ဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီများ အသက်ဝင်လာပါက KNU အပါအဝင် ငြိမ်းချမ်းရေးဖော်ဆောင်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်နေမှုများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

KNU အဖွဲ့ လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များသည် တပ်ဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ လိုက်နာရမည့်စည်းကမ်းများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒသဘောထားအရ ဒို့တာဝန်အရေး(၃)ပါးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအပိုင်းတွင် မှားယွင်းစွာ လုပ်ဆောင်နေသည့်ကိစ္စရပ်များအပေါ်တွင် ဆက်ဆံရေးရုံးမှတစ်ဆင့် ကန့်ကွက်အကြောင်းကြားစာများ ပေးပို့အကြောင်းကြားခြင်းတို့ဖြင့် ထိန်းသိမ်းကြပ်မတ်လျက်ရှိပါကြောင်း၊ ဥပဒေဘောင်အတွင်းမှ မူဝါဒများချမှတ်၍ ၎င်းတို့နယ်မြေအတွင်း ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း၏ **ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်ရန်ပုံငွေနှင့် အဓိကလိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ခွင့်ပြုချထားပေးရာ၌ သင့်တင့်လုံလောက်စွာ တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရွှေလီ(၃) စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အဓိကအားဖြင့် ရန်ပုံငွေနှစ်စဉ်ပျမ်းမျှ ကျပ်ဘီလီယံ (၁၅၀)ခန့်လိုအပ်မည်ဖြစ်ရာ နိုင်ငံတော်ရန်ပုံငွေနှစ်စဉ်ခွဲဝေရရှိရန် အခက်အခဲရှိသည့်အတွက် ကမ္ဘာ့ဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများထံမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရေးဆွေးနွေးလျက်ရှိသကဲ့သို့ ပြည်ပမှကျွမ်းကျင်သူ Developer များနှင့်လည်း အကောင်အထည်ဖော်မှုအပိုင်းအား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိရာ မကြာမီသဘောတူညီချက်များရရှိမည့် အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း။



သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း။



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် ကြီးမားသော စက်ကိရိယာများနှင့် များပြားသော တည်ဆောက်ရေးပစ္စည်းများ လုပ်ငန်းခွင်အရောက်ပို့ဆောင်နိုင်ရေးဆောင်ရွက်ရာတွင် တွင်းငယ်-မိုးမိတ်လမ်းပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထားသည့်အပိုင်းဖြစ်သည့်အတွက် အဆိုပါလမ်းပိုင်းရှိ တံတားများနှင့်လမ်းများကို တန် (၆၀) ခံနိုင်ဝန်ရှိသည့် တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းနှင့်တံတားများကို နှစ်အလိုက် ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းသဘာဝအရ ဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်သင့်သည့် လမ်းတံတားဆိုင်ရာကိစ္စများကိုလည်း ယာယီအစီအစဉ်ဖြင့် ခိုင်ခံ့အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ယူကလစ်ပင်များစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးနှင့်အပြစ်ကို ပြည်သူများ သိရှိနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ချပြပေးရန်နှင့် ဆက်လက်စိုက်ပျိုးရန်သင့်၊ မသင့်** သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယူကလစ်သစ်မျိုးကို တစ်ဧကလျှင် အပင်(၅၄၀)ဖြင့် စိုက်ပျိုးပါက (၅)နှစ်မြောက်တွင် ယူကလစ်တစ်ပင်မှ သစ်(၇ ဒသမ ၈၁)ကုဗပေရရှိပြီး တစ်ဧကလျှင် ၈၀ ကုဗတန်ခန့်ရရှိမည်ဖြစ်ပါကြောင်း၊ ခေတ်မီနည်းပညာများအရ တစ်သျှူးမျိုးပွားခြင်းနည်းဖြင့် ထုတ်လုပ်ထားသော ယူကလစ်စပ်မျိုး ပျိုးပင်များဖြင့် စိုက်ပျိုးပါက ၃ နှစ်မှ ၅ နှစ်အတွင်း သစ်ပါးလွှာထုတ်လုပ်နိုင်ပြီး စီးပွားရေးအကျိုးအမြတ်များစွာရရှိနိုင်ပါကြောင်း။

တိုးပွားလာသော လူဦးရေအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ သစ်နှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်အား ကျန်ရှိသောသဘာဝတောများကို မထိခိုက်စေဘဲ ဖြည့်ဆည်းပေးနိုင်ရန်၊ အပူပိုင်းလွင်တီးခေါင်ဒေသများ၊ အပင်ရှင်သန်ရန် အခက်အခဲရှိသောမြေညံ့နှင့် စားကျက်မြေများတွင် သစ်တောအမြန်ပြန်လည်ဖြစ်ထွန်းလာပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်နှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် သစ်ကုန်ကြမ်းလိုအပ်ချက်ကို အချိန်တိုအတွင်း အများဆုံးဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် အကြီးမြန်၊ ဘက်စုံအသုံးဝင်သော ယူကလစ်သစ်မျိုးအား စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထိုသို့စိုက်ပျိုးရာတွင် ဒေသခံမျိုးရင်းသစ်ပင်များ ကောင်းစွာရှင်သန်ဖွံ့ဖြိုးနိုင်ခြင်းမရှိသည့် တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသ၊ ကမ်းခြေဒေသနှင့် အခြားမြေများတွင် အသုံးဝင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုအပေါ် မူတည်ပြီး စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းနှင့် ယူကလစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးနှင့်အပြစ်ကို ပြည်သူများပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်အတွက် ဟောပြောပွဲများ၊ သတင်းမီဒီယာများတွင် ရေးသားဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးဂေါက်သီးရိုက်အသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၆**

၂၀၁၅ ခုနှစ် မေ ၂၆ ရက်မှ ၂၈ရက်အထိ မလေးရှားနိုင်ငံ Templer Park Country Club တွင်ကျင်းပမည့် "32nd Malaysian Ladies Amateur Open 2015" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်း ခေါင်းဆောင်သော မြန်မာအမျိုးသမီး ဂေါက်သီးရိုက်အသင်းသည် မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အမျိုးသမီးအားကစားသမားများအဖြစ် ယဉ်မေမျိုး၊ မေဦးခိုင်နှင့် ဖူးပွင့်ရတီခိုင် တို့လိုက်ပါသွားသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

**❖ မြန်မာ့ပင်လယ်ပြင်မှ**

အဆိုပါသတင်းထုတ်ပြန်ချက်တွင်-

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စ ရီနာတာ လော့ဒမ်ဆလီယမ်နှင့် ကုလသမဂ္ဂအေဂျင်စီကိုယ်စားလှယ်များသည် မေ ၂၂ ရက်တွင် ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့ပါကြောင်း၊ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်အတွင်း လက်ရှိဖြစ်ပေါ်နေသော လှေစီးဒုက္ခသည်များကိစ္စနှင့် ရခိုင်ပြည်နယ်၏ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေတို့ကိုကြည့်ရှုရန်အတွက် သွားရောက်ခြင်းဖြစ်ပါကြောင်း။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ လှေစီးဒုက္ခသည်များအား ခေတ္တစောင့်ရှောက်ထားသည့် အလယ်သံကျော်ကျေးရွာသို့လည်း သွားရောက်ခဲ့ပါကြောင်း၊ မေ ၂၁ ရက်တွင် မြန်မာ့ပင်လယ်ပြင်၌ ရွှေ့ပြောင်းသွားလာသူ ၂၀၀ ကျော်အား ကယ်ဆယ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့အား ကုလသမဂ္ဂအနေဖြင့် ချီးမွမ်းပါကြောင်း၊ အဆိုပါရွှေ့ပြောင်းသွားလာသူများအနက် ၂၀၀ မှာ ငယ်ရွယ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားများဖြစ်ပြီး ကျန်သည့် ၁၉ ဦးမှာ အသက် (၁၅)နှစ်နှင့် (၁၇)နှစ်ကြားရှိသူများဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းတို့ကို မြန်မာ့ရေတပ်မတော်မှခေါ်ဆောင်လာခဲ့ပြီး မြန်မာအစိုးရ၊ ဒေသလူမှုအသိုက်အဝန်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏အကူအညီဖြင့် အစားအစာ၊ ရေနှင့် ယာယီနေထိုင်ရန် စီစဉ်ပေးထားကြောင်း။

ခိုကိုးရာမဲ့ဖြစ်နေသူများကို မည်သည့်နိုင်ငံသားပင်ဖြစ်စေ အထူးဂရုတစိုက်ဖြင့် ကယ်ဆယ်ခဲ့သည်ကို မစ္စတာ နမ်ဘီးယားအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ပင်လယ်ပြင်၌ ဒုက္ခရောက်နေသည့်သူများစွာရှိနေသည်ဟုယုံကြည်ရပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် မြန်မာအစိုးရအားတိုက်တွန်းပါကြောင်း၊ မြန်မာနိုင်ငံအပြင် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်း၌ လူမှောင်ခိုမှု၊ လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုအခြေအနေ၏ အရေးကြီးမှုကို နှစ်ဖက်ဆွေးနွေးခဲ့ပါကြောင်း၊ ဒေသတစ်ခုလုံးအတွင်း အလားတူဖြစ်စဉ်များတွင် အဆိုပါဖြစ်စဉ်တွင်ပါဝင်ပတ်သက်သည့် ပွဲစားများ၊ ဤသို့ဆောင်ရွက်ကျူးလွန်မှုများပြုလုပ်သည့် ရာဇဝတ်ဂိုဏ်းများကို အရေးယူရေးကို ကြိုးပမ်းသွားရန် လိုအပ်သည်ကို သဘောတူခဲ့ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နိုင်ငံအတွင်းနှင့် ဒေသအဆင့်ဖြေရှင်းသွားရေး အရေးပါသည်ကို နှစ်ဖက်သဘောတူခဲ့ကြပြီး ယင်းပြဿနာများကို ဖော်ထုတ်ရန် မြန်မာအစိုးရအား ကုလသမဂ္ဂအနေဖြင့် ပံ့ပိုးကူညီရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ ဤကိစ္စရပ်များကို ဆွေးနွေးရန်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်အတွက် နယ်ပယ်များကို ဖော်ထုတ်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၂၉ ရက်တွင်ကျင်းပမည့် ဒေသတွင်းအစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် အတည်ပြုခြင်းကို ကုလသမဂ္ဂအနေဖြင့် ကြိုဆိုပါကြောင်း။

အန္တရာယ်ရှိသည့် ပင်လယ်တွင်း လှေစီးထွက်ခွာမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ရွှေ့ပြောင်းသူများ၏ မူရင်းထွက်ခွာလာသည့် နိုင်ငံများ၏ အခြေအနေများကို မီဒီယာများအနေဖြင့် လွဲရှောင်ရန်မဖြစ်နိုင်ဘဲ အာရုံစိုက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာကြသူများ၏ အခြေအနေများတိုးတက်ရန် ကြိုးပမ်းအားထုတ်မှုအပါအဝင် ရခိုင်ပြည်နယ်ရှိ ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာရသူများကို ၎င်းတို့၏ မူလနေရာသို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီး လူမှုအသက်မွေးမှု၊ ကျန်းမာရေးနှင့် ပညာရေးအတွက် အကူအညီများ ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းသွားလာရသူများအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံးအတွက် အကူအညီများပေးအပ်ရန် အစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့ကို မေတ္တာရပ်ခံထားပါကြောင်း။

ဤကြိုဆိုဖွယ်ကောင်းသည့် တိုးတက်မှုများရှိသော်ငြားလည်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများနှင့် အချို့မူဆလင်ဘာသာဝင်များ ရင်ဆိုင်နေရသည့် အခြေခံအခွင့်အရေးများငြင်းဆိုခံရမှု၊ လွတ်လပ်စွာသွားလာမှုကို ထိန်းချုပ်ထားမှုတို့ကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ရန် များစွာကျန်ရှိနေသေးကြောင်း၊ ရခိုင်ပြည်နယ်တွင်သာမက မြန်မာနိုင်ငံအတွင်းရှိ အခြားအုပ်စုများ နိုင်ငံသားဖြစ်မှု၊ အထူးသဖြင့် တရားဝင်အဆင့်အတန်းရှိမှုကိစ္စများကို လျင်မြန်စွာနှင့် အလုံးစုံဖြေရှင်းသွားရန်လိုအပ်သည်ဟု ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အနေဖြင့် အလေးထားပြောကြားခဲ့ကြောင်း၊ ဤအခွင့်အရေးကိစ္စများကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို လျင်မြန်စွာတိုးမြှင့်ဆောင်ရွက်ရေး၊ စုပေါင်းအားထုတ်ဆောင်ရွက်မှုကိုပါ ဆောင်ရွက်သွားရန် လိုအပ်သည်ကို ထပ်လောင်းပြောကြားခဲ့ကြောင်း၊ သို့မှသာ ပြည်နယ်အတွင်းရှိ ရင်ဆိုင်နေရသည့် ဆင်းရဲမွဲတေမှု၊ ချို့တဲ့မှုစသည့် စိန်ခေါ်မှုများကို ဘက်စုံပါဝင်ဖြေရှင်းသည့် နည်းလမ်းမှတစ်ဆင့် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၆**

ကရင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးစရိတ်နှင့် မွေးမြူရေးစရိတ် ချေးငွေမရရှိသေးသည့် သမဝါယမအသင်းသစ်များအတွက် ချေးငွေကျပ် သန်းပေါင်း ၁၀၇ သန်းကျော် ချေးငွေရရှိပြီးသား အသင်းသားများအတွက် ထပ်မံတိုးမြှင့်ချေးပေးငွေကျပ် သန်းပေါင်း ၇၃၃ သန်းကျော် စုစုပေါင်း ကျပ်သန်းပေါင်း ၁၀၄၀ ဒသမ ၈၅ သန်းကို အတိုးတစ်လ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးပေးသွားမှာဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မေ ၂၅ ရက်က ပြောကြားခဲ့သည်။

ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည့် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ် ပြည်သူများအတွက် ယခင်ထုတ်ချေးပေးထားသည့် ချေးငွေပေါင်း ကျပ် ၂၂၇၇ ဒသမ ၁၅ သန်းဖြစ်၍ ယခုချေးငွေသစ်နှင့်ပေါင်းပါက စုစုပေါင်းထောက်ပံ့ချေးထားငွေ ကျပ်သန်းပေါင်း ၃၃၁၈ သန်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် ထုတ်ချေးပေးထားငွေ ကျပ် ၃၃၁၈ သန်းပေါ်တွင် တစ်လအတိုးနှုန်းထား သက်သာမှု ၂၈၁ သန်းကျော် ခံစားနေရမည်ဖြစ်ကြောင်း၊ ယခင်ချေးငွေများ သတ်မှတ်ကာလတွင် ပြန်ဆပ်ပြီး နောက်ပြန်လည် ထုတ်ချေးရာမှာလည်း အတိုးနှုန်းကို ၁ ကျပ် ၁၅ ပြားဖြင့် တစ်ပြေးညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ယနေ့အထိ ကရင်ပြည်နယ် တောင်သူလယ်သမားများအတွက် ရောင်းချပေးထားပြီးဖြစ်သည့် စက်ပစ္စည်းများမှာ လယ်ယာသုံးစက်ပစ္စည်း ၂၄ စီးနှင့် လုပ်ငန်းသုံးစက်ပစ္စည်း ၃၀ တို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၆၃ ဒသမ ၅၃ သန်းရှိပါကြောင်း၊ ထို့အပြင် ယနေ့အခမ်းအနားတွင်လည်း ကရင်ပြည်နယ်မှ တောင်သူလယ်သမားများအတွက် တောင်ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ပစ္စည်း လေးမျိုး၊ အခြားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ၇၈ မျိုးနှင့် ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ခါးစက်၊ မီးစက်၊ ရော်ဘာကြိတ်စက်၊ အပ်ချုပ်စက်၊ ဆိုင်ကယ်စသည့် လုပ်ငန်းသုံးပစ္စည်း ၁၇၇ မျိုး၊ ရေလုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး စုစုပေါင်းတန်ဖိုး ကျပ်သန်းပေါင်း ၄၄၃ သန်းကျော်ကို အရစ်ကျငွေချေစနစ်ဖြင့် ထပ်မံရောင်းချပေးသွားမှာဖြစ်ကြောင်း၊ ထို့အပြင် အငှားယာဉ်မောင်းပြီး ဘဝရပ်တည်နေရသည့် ပြည်သူများအတွက် စိစစ်ပြီး အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများသို့ လုပ်ငန်းအမျိုးအစားအလိုက် ကျပ်တစ်သိန်းမှ ငါးသိန်း တိုးမြှင့်ချေးငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကလည်းကောင်း၊ သမဝါယမအသင်းသစ်များအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် မွေးမြူရေးချေးငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းကလည်းကောင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပံ့ပိုးချေးငွေများကို ဗဟိုသမဝါယမအသင်းလီမိတက်နှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယနေ့အခမ်းအနားတွင် ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ချေးငွေထုတ်ချေးပေးနိုင်မှုမှာ ကျပ်သန်းပေါင်း ၁၀၄၀ ဒသမ ၈၅ သန်း၊ လယ်ယာသုံးစက်ကိရိယာနှင့် လုပ်ငန်းသုံးစက်ကိရိယာ ၂၇၅ မျိုးအတွက် ကျပ်သန်းပေါင်း ၄၄၃ သန်း စုစုပေါင်း ၁၄၈၃ ဒသမ ၈၅ သန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်းနှင့် သမဝါယမအသင်းသား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပိုင်မြေများတွင် တရားမဝင် ကျူးကျော်ဝင်ရောက်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (ဖောင်ကြီး)ကျေးရွာအနီးတွင် ၁၉၆၅ ခုနှစ် ဇန်နဝါရီ(၁)ရက်မှစတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အနေဖြင့် တက္ကသိုလ်ပိုင်မြေနေရာများပိုင်ဆိုင်မှုအတွက် ခိုင်လုံသောအထောက်အထားများဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ၂၀၁၄ ခု ဇွန်(၁၇)ရက်မှစတင်၍ မြို့နယ်လယ်သမားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌ အမည်ခံ၍ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)နှင့် စံပြကျေးရွာမှ ရာအိမ်မှူး ဦးညွှန့်ဟန်တို့ ခေါင်းဆောင်ပြီး ဒေသခံရွာသူရွာသားများကို သွေးထိုးလှုံ့ဆော်ကာ ဆိုင်းဘုတ်နှင့် အလံတိုင်များစိုက်ထူခြင်း၊ တက္ကသိုလ်ပိုင်မြေဧရိယာအနက် ထန်းတပင်ကွင်း၊ ကွင်းအမှတ် ၉၃၄ (ခ)ရှိ မြေဧက(၃၀)အတွင်း၌ နယ်နိမိတ်ကျောက်တိုင်များစိုက်ထူခြင်း၊ လူနေတဲများ ဆောက်လုပ်ခြင်းတို့ဖြင့် တရားမဝင် ကျူးကျော်နေထိုင်ရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အနေဖြင့် တရားဥပဒေနှင့်အညီ ကနဦးသတိပေးတားမြစ်ခြင်း၊ ဖောင်ကြီးနယ်မြေရဲစခန်း၌ ၂၀၁၄ ခု နိုဝင်ဘာ(၃) ရက်တွင် (ပ) ၁၂၄/၂၀၁၄ ပြစ်မှုပုဒ်မ ၄၄၇ ဖြင့် တိုင်ကြားအမှုဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)နှင့် အပေါင်းပါများသည် မတရားကျူးကျော်ဝင်ရောက်မှုကို ဆက်လက်လုပ်ဆောင်နေသည့်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊ ဥပဒေပိုင်းဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်တို့၏ သဘောထားမှတ်ချက်များတောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လှည်းကူးမြို့နယ်မှ အောက်မြန်မာပြည်၊ မြို့နှင့် ကျေးရွာများအက်ဥပဒေ၊ ပုဒ်မ ၂၁ အရ ၂၅-၅-၂၀၁၅ ရက်နေ့တွင် ဆင့်စာထုတ်ပြန်ထားရှိပြီးဖြစ်ရာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)နှင့် ဦးညွှန့်ဟန်တို့၏ ဦးဆောင်မှု၌ မသိနားမလည်သူ ဒေသခံရွာသူရွာသားများ ပါဝင်ကျူးလွန်ခြင်း မပြုမိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**○ အေအက်ဖ်စီမှ**

ဧရာဝတီအသင်းနှင့် တွေ့ဆုံနေသည့် မလေးရှားကလပ် ဂျိုဟိုဒါရူးအသင်းမှာ အုပ်စု(F)တွင် ပထမနေရာမှ တက်ရောက်လာခြင်းဖြစ်သည်။ အုပ်စုပွဲစဉ် ခြောက်ပွဲအနက် ဟောင်ကောင်ကလပ် ကစ်ချီအသင်းကိုသာ အဝေးကွင်း၌ရှုံးနိမ့်ခဲ့ပြီး ကျန်ငါးပွဲစလုံး အနိုင်ရရှိသည်။ ရှုံး/ထွက် အဆင့် ပွဲစဉ်များကို တစ်ကျော့တည်းသာ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာ အုပ်စု ဒုတိယနေရာသာ ရရှိခဲ့သောကြောင့် အဝေးကွင်း၌ လာရောက်ကစားရခြင်းဖြစ်သည်။ ဧရာဝတီအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အိမ်ကွင်းတွင် ဘန်ဒေါင်း(အင်ဒိုနီးရှား)နှင့် တစ်ဂိုးစီသရေ၊ နယူးရေးဒီးယန့်(မော်လ်ဒိုက်)နှင့် ဂိုးမရှိသရေ၊ လာအိုတိုယိုတာ(လာအို)ကို လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရခဲ့ပြီး အဝေးကွင်းတွင် လာအိုတိုယိုတာနှင့် နှစ်ဂိုးစီသရေ၊ နယူးရေးဒီးယန့်(မော်လ်ဒိုက်)ကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဘန်ဒေါင်းအသင်းနှင့် သုံးဂိုးစီသရေကျခဲ့သည်။ ဧရာဝတီတိုက်စစ်မှူး ရစ္စတီမှာ သွင်းဂိုး ရှစ်ဂိုးဖြင့် ဂိုးသွင်းအများဆုံးစာရင်းတွင် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။

**❒ ကျောဖုံးမှ**

မြိတ်ကျွန်းစုကို ၁၉၉၆ ခုနှစ်ရောက်မှသာ နိုင်ငံခြားသားများ လည်ပတ်ရန် ဖွင့်လှစ်ပေးခဲ့သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်က မြိတ်ကျွန်းစုသို့ ကမ္ဘာလှည့်ခရီးသည် ၂၆၁၂ ဦးသာ သွားရောက်လည်ပတ်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုများက မြိတ်ကျွန်းစုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများက အကျိုးဖြစ်ထွန်းသည်ကို အသိအမှတ်ပြုသော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လမ်းညွှန်ချက်များ ချမှတ်လေ့လာရန် အစိုးရကို တိုက်တွန်းခဲ့သည်။ "အာဏာပိုင်တွေနဲ့ စီမံကိန်းဖော်ဆောင်သူတွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်တွေ ထည့်သွင်းမစဉ်းစားဘူးဆိုရင် စီမံကိန်းတွေက သဘာဝအလှတရားနဲ့ ဒီဒေသမှာရှိတဲ့ သက်ရှိတွေရဲ့ နေထိုင်မှုဘဝပုံစံတွေကို ဖျက်ဆီးပစ်ပါလိမ့်မယ်"ဟု ဒေသခံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်န်ဂျီအို Ecodev ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပြောသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရန်ကုန်ရုံးခွဲတွင် သတင်းအချက်အလက်ဌာနဖွင့်လှစ်၍ မဲဆန္ဒရှင်စာရင်းကြည့်ရှုခြင်း ဝက်ဘ်ဆိုက်အားလွှင့်တင်

ရန်ကုန် မေ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းအချက်အလက်ဌာနဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အဆိုပါသတင်းအချက်အလက်ဌာနဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများအစရှိသည့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများအား မိမိတို့ကော်မရှင်အနေဖြင့်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်လျက်ရှိသည့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအား သတင်းထုတ်ပြန်ခြင်း၊ Website လွှင့်တင်ခြင်းနှင့် ပြင်ပဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိသော်လည်း ကဏ္ဍစုံပါဝင်ပတ်သက်သူများအနေဖြင့် သတင်းအချက်အလက်များကို ပိုမိုလျင်မြန်လွယ်ကူစွာရရှိနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ အများဆုံးရှိသည့် ရန်ကုန်မြို့တွင် ပြင်ပဆက်ဆံရေးဌာနရုံးခွဲအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ရန်ကုန်မြို့တွင် ပြင်ပဆက်ဆံရေးဌာနရုံးခွဲ ဖွင့်လှစ်ခြင်းကြောင့် ကဏ္ဍစုံမှပါဝင်ပတ်သက်ကြသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နီးကပ်လွယ်ကူစွာ ဆက်ဆံနိုင်မည်ဖြစ်ပြီး ဥပဒေဆိုင်ရာအချက်အလက်များ၊ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ၊ သိရှိမေးမြန်းလိုသည့် သတင်းအချက်အလက်များကို ရန်ကုန်ရုံးခွဲ၌ပင် ဆောင်ရွက်ရယူနိုင်မည်ဖြစ်ကြောင်း၊ ကော်မရှင်နှင့်နီးကပ်စွာ ဆောင်ရွက်နိုင်သည့်အတွက် မှန်ကန်တိကျသည့် သတင်းများကို ရရှိမည်ဖြစ်ကြောင်း၊ ကော်မရှင်မှတာဝန်ရှိသူများနှင့် တွေ့ဆုံလိုပါက ၎င်းရုံးတွင် တွေ့ဆုံခွင့်တောင်းခံနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း။



အခြေခံမဲစာရင်းကြေညာခြင်းကို ရန်ကုန်တိုင်း (၁၄) မြို့နယ်တွင် မေ ၂၅ ရက်မှစတင်၍ ကြေညာထားပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းအား သွားရောက်ကြည့်ရှုနိုင်ရုံသာမက Website မှ ကြည့်ရှုနိုင်ရေးအတွက် ယနေ့မှစတင်၍ မဲဆန္ဒရှင်စာရင်းကြည့်ရှုခြင်း ဝက်ဘ်ဆိုက်အား လွှင့်တင်သွားမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းဝင်ရောက်ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်အမည်မှာ https://checkvoterlist.uecmyanmar.org ဖြစ်ကြောင်း။

မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့အမည်စာရင်းရှိရာ မြို့နယ်များ၏မဲစာရင်းများတွင် ၎င်းတို့အမည် ပါ/မပါ လူကိုယ်တိုင်သွားရောက်စရာမလိုပဲ ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ပြီး လိုအပ်သည့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်ခြင်း မပြုရသေးသည့် မြို့နယ်များအတွက်လည်း မဲစာရင်းထုတ်ပြန်ပြီးပါက ဝက်ဘ်ဆိုက်မှ ကြည့်ရှုနိုင်ရေးကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းအချက်အလက်ဌာနဖွင့်လှစ်နိုင်ရန်နှင့် မဲဆန္ဒရှင်စာရင်းကြည့်ရှုစစ်ဆေးခြင်း ဝက်ဘ်ဆိုက်လွှင့်တင်နိုင်ခြင်းတို့အပေါ် ကူညီဆောင်ရွက်ပေးခဲ့သည့် USAID, IFES နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် သတင်းအချက်အလက်ဌာန ဖွင့်လှစ်ရခြင်း၊ မဲဆန္ဒရှင်စာရင်းကြည့်ရှုစစ်ဆေးခြင်း ဝက်ဘ်ဆိုက်လွှင့်တင်ရခြင်းတို့နှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများဘက်ကလည်း သိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးကိုကိုနှင့် ရွေးကောက်ပွဲအရာရှိ ဦးခင်ဇော်ထွန်း၊ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံး၊ ဥရောပသမဂ္ဂသံရုံး၊ ပြင်သစ်သံရုံး၊ ဆွီဒင်သံရုံး၊ ဆွစ်ဇာလန်သံရုံး၊ ဩစတြေးလျသံရုံးတို့မှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ကောင်စစ်ဆိုင်ရာ စိစစ်မေးမြန်းမှုများ ပြုလုပ်လျက်ရှိ

တောင်ပြိုလက်ဝဲ မေ ၂၆

**ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာရှိ ယာယီကယ်ဆယ်ရေးစခန်းတွင် လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ယာယီလက်ခံထားသော ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းအပ်နှံရာတွင် လျင်မြန်လွယ်ကူစေရန်အတွက် တောင်ပြိုလက်ဝဲမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ မေ ၂၅ ရက်တွင် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရောက်ရှိကြသည်။**

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် ယနေ့နံနက် ၁၀ နာရီမှစ၍ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မိုဟာမက်မဟာဘူဘာရာမန်နှင့် လက်ထောက်ကောင်စစ်ဝန်မိုဟာမက်ဆီလင်အူဒင်တို့က လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ၎င်းတို့နိုင်ငံသား မှန်ကန်မှုရှိ/မရှိမေးမြန်းစိစစ်ခြင်း၊ ၎င်းတို့နိုင်ငံအတွင်းရှိ နေရပ်လိပ်စာများသို့ ဆက်သွယ်မေးမြန်းအတည်ပြုခြင်းများ ပြုလုပ်လျက်ရှိသည်။



ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကောင်စစ်ဝန် မိုဟာမက်မဟာဘူဘာရာမန် လှေစီးဒုက္ခသည်များအား မေးမြန်းစိစစ်နေစဉ်။

ထို့အပြင် တာဝန်ရှိသူများသည် ကောင်စစ်ဆိုင်ရာလိုအပ်သော စိစစ်မေးမြန်းမှုများပြုလုပ်ပြီး မှန်ကန်မှုရှိပါက ပြန်လည် လွှဲပြောင်းပေးအပ်မည့် နှစ်နိုင်ငံနယ်စပ်မိုင်တိုင် (၃၁) အနီးရှိ နယ်စပ်တံတားကိုလည်း ကြိုတင်၍ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုကဲ့သို့ ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လှေစီး ဒုက္ခသည်အချို့အား ဘာသာပြန်မှတစ်ဆင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-

**ဦးဝေလွင်သန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးဒုက္ခသည်တွေကို အလယ်သံကျော် ယာယီကယ်ဆယ်ရေးစခန်းကနေ တောင်ပြိုလက်ဝဲ ယာယီကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းတာက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်လွှဲပြောင်းအပ်နှံတဲ့အခါ လျင်မြန်လွယ်ကူစေဖို့ဖြစ်ပါတယ်။ ဒီတောင်ပြိုလက်ဝဲစခန်းမှာ လှေစီးဒုက္ခသည်တွေရဲ့ ကောင်စစ်ရေးရာဆိုင်ရာတွေကို ကြိုတင် ပြင်ဆင်ပေးထားတဲ့အတွက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အနေနဲ့ မေးမြန်းစိစစ်ရာမှာ လွယ်လွယ်ကူကူ မေးမြန်းစိစစ်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။

**မိုဟာမက်မဟာဘူဘာရာမန်**
**ကောင်စစ်ဝန်**
**ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အဖြစ် ရခိုင်ပြည်နယ် စစ်တွေမြို့မှာနေတာ နှစ်နှစ်ကျော်ရှိပါပြီ။ လှေစီးဒုက္ခသည်တွေရဲ့ နေရပ်ကို ပြန်ပို့နိုင်ဖို့ ဒီစခန်းကိုလာရောက်ခြင်းဖြစ်ပါတယ်။ မေးမြန်းတွေ့ရှိချက်တွေကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ သံအမတ်ကြီးကို တင်ပြပါမယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားစစ်မှန်ရင် ကျွန်တော်လက်ခံသွားမှာဖြစ်ပါတယ်။

**ဦးစောနိုင် ဒုတိယညွှန်ကြားရေးမှူး**
**မောင်တောခရိုင်**
**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်လွှဲပြောင်းရင် လွယ်ကူစေဖို့ နယ်စပ်နဲ့ အနီးဆုံးဖြစ်တဲ့ တောင်ပြိုလက်ဝဲ ယာယီကယ်ဆယ်ရေးစခန်းကို ပြောင်းရွှေ့ခြင်းဖြစ်ပါတယ်။ လူသားချင်းစာနာမှုဆိုင်ရာတွေကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တာဝန်ရှိသူတွေ ဒီစခန်းကို ရောက်လာတာဟာ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်အနေနဲ့ ဒုက္ခသည်တွေနဲ့ပတ်သက်လို့ ကောင်စစ်ရေးရာဆိုင်ရာကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ကောင်စစ်ဝန်အနေနဲ့ တစ်ဦးချင်းမေးမြန်းစိစစ် နေတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ကောင်စစ်ဝန်အနေနဲ့ ဒုက္ခသည်တွေဆီက ရရှိတဲ့ဖုန်းနံပါတ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆက်သွယ်မေးမြန်းနေတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ကောင်စစ်ဝန်ရဲ့မေးမြန်းစိစစ်မှုတွေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေဖြစ်ကြောင်း သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဒုက္ခသည် ၂၀၀ ဟာ သူတို့ရဲ့မူရင်းဇာတိဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲက ရပ်ရွာတွေကို အမြန်ဆုံးပြန်နိုင်ဖို့ စိတ်အားထက်သန်နေကြပါတယ်။ လှေစီးဒုက္ခသည်တွေဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံထဲက သူတို့မိဘဆွေမျိုးသားချင်းတွေနဲ့ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို အမြန်ဆုံးပြန်ချင်တယ်ဆိုတဲ့ သူတို့ရဲ့စိတ်ဆန္ဒတွေကို ကျွန်တော်တို့က အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။



ဦးဝေလွင်သန်း။



ဦးစောနိုင်။

**မိုဟာမက်ဆိုရာဟူစိန်**
**နရ်ဒ်ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

စစ်တွေမှာရှိတဲ့ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန် ရောက်လာတယ်။ ကျွန်တော့်ရဲ့ အမည်၊ နေရပ်လိပ်စာနဲ့ ဘင်္ဂလားဒေ့ရှ်ဖုန်းနံပါတ်တွေမေးပါတယ်။ ကောင်စစ်ဝန်က ကျွန်တော့် နိုင်ငံသားဟုတ်ရင် ကျွန်တော်လက်ခံပါတယ်၊ မဟုတ်ရင်လက်မခံဘူးလို့ ပြောပါတယ်။ ဒီမှာရှိတဲ့ လူ ၂၀၀ ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားပါ။ ရာနှုန်းပြည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ကြောင်း အတည်ပြုပါတယ်။ ကောင်စစ်ဝန်လာလို့ ဝမ်းသာတယ်။ သူ့စကားကြားရတာ ပိုဝမ်းသာတယ်။ မကြာခင် ကျွန်တော့်အမေနဲ့လည်း ပြန်တွေ့ရတော့မှာမို့ ဝမ်းသာတယ်။

**မိုဟာမက်ရှုဂျီဒူလာ**
**ဖော်ရိဖူရ်ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်က ကျွန်တော့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ကြောင်း ရာနှုန်းပြည့်အတည်ပြုပေးတယ်။ အရင်တုန်းက မြန်မာအစိုးရက အရေးယူမလားလို့ စိုးရိမ်မိခဲ့တယ်။ အခုလိုဘင်္ဂလားကောင်စစ်ဝန်နဲ့တွေ့ပေးတယ်။ ပြန်ရတော့မယ်ဆိုတော့ ဝမ်းသာတယ်။ ပြန်ရမယ်ဆိုတာ သေချာသွားတော့ အမြန်ဆုံးပြန်ချင်တယ်။ လူ ကုန်ကူးမှုတွေကို ဖော်ထုတ်ပေးစေလိုပါတယ်။ **မင်းမင်းဇော်(သတင်းစဉ်)**



မိုဟာမက်ဆိုရာဟူစိန်။



မိုဟာမက်ရှုဂျီဒူလာ။

# ဆင်းရဲမှုကိုအဆုံးသတ်ရန် ပြည်သူတွေဆီမှာ ရင်းနှီးမြှုပ်နှံပါ

## Ulrich Zachau
## အရှေ့တောင်အာရှဒေသညွှန်ကြားရေးမှူး၊ ကမ္ဘာ့ဘဏ်

လွန်ခဲ့သည့်နှစ် နွေရာသီတွင် မြန်မာနိုင်ငံ မွန်ပြည်နယ် ဆင်ခြေဖုံးဒေသတစ်ခုရှိ စာသင်ကျောင်းတစ်ခုသို့ရောက်ခဲ့ပါသည်။ စူးစမ်းလိုစိတ်၊ မျှော်လင့်ချက်နှင့် ကတိစကားများက ကျောင်းသား ကျောင်းသူတို့၏ မျက်နှာများပေါ်မှာ ထင်ဟပ်နေကြောင်း တွေ့ခဲ့ရသည်။ သူတို့အများစုသည် ဆင်းရဲနွမ်းပါးကြသည်။ သို့သော် သူတို့တွေဆီမှာ အားအင်တွေ၊ အကောင်းမြင်စိတ်တွေ အပြည့်ဖြစ်သည်။

မြန်မာနိုင်ငံသည် သူ့အနာဂတ်ကို ဘယ်လိုပုံဖော်မလဲ။ ဆယ်စုနှစ်များစွာကြာအောင် ဗဟိုချုပ်ကိုင်သည့်အုပ်ချုပ်ရေးစနစ်၊ နိုင်ငံတကာနှင့် အဆက်ပြတ်မှုနှင့် ပဋိပက္ခများကနေရုန်းထွက်နိုင်ရန် ကြိုးစားလျက်ရှိပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အလမ်းများနှင့်အပြိုင် ခက်ခဲသည့်စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ မွန်ပြည်နယ်ဒေသက စိတ်အားထက်သန်နေသော ကျောင်းသား ကျောင်းသူများက ကျွန်တော့်ကို မြန်မာနိုင်ငံ၏ အနာဂတ်ပုံရိပ်နှင့်ပတ်သက်ပြီး ဥပမာကောင်းတစ်ခုပြလိုက်သလိုပင်။ဆင်းရဲမှုများကင်းစင်ပြီး အားလုံးအတူမျှဝေခံစားနိုင်မည့် အခွင့်အလမ်းနှင့် သာယာဝပြောမှုများနှင့် ပြည့်နှက်နေသည့် ပုံရိပ်ပင်ဖြစ်သည်။

ကမ္ဘာ့ဘဏ်ကလည်း ဤပုံရိပ်ကို အတူတကွ မျှော်မှန်းနေပါသည်။ မကြာခင်ကထုတ်ပြန်လိုက်သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်သည် မြန်မာနိုင်ငံအတွက် နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးမူဘောင်ဖြစ်ပြီး လမ်းပွင့်လာမှု၊ လူမှုအသိုင်းအဝိုင်းအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုအဆုံးသတ်ရေးတို့ကို ရည်ရွယ်ထားပါသည်။ ထိုသို့ဆောင်ရွက်ရန် မြန်မာနိုင်ငံ ပြည်သူတွေထံမှာ ရင်းနှီးမြှုပ်နှံရန် အဓိကကျပါသည်။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်သော ပညာရေး၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်များရရှိစေရန် ဆောင်ရွက်ပေးရမည်။ ပြည်သူတိုင်း လက်လှမ်းမီနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊ မှန်မှန်လာသည့် လျှပ်စစ်မီး၊ ရပ်ရွာလူထုအတွက် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရမည်။ နေရာမရွေး၊ အလုပ်အကိုင်မရွေး၊ မည်သည့်နေရာမှာ နေထိုင်သည်ဖြစ်စေ မည်သူမဆို အကျိုးခံစားခွင့်ရှိအောင် ဆောင်ရွက်ပေးရမည်။

ကမ္ဘာ့ဘဏ်၏ကူညီမှုဖြင့် စာသင်ကျောင်းများအတွက် သင်ကြားရေးအထောက်အကူနှင့် ကျောင်းသုံးပစ္စည်းများ ဝယ်ယူနိုင်မည့် ရန်ပုံငွေထောက်ပံ့ခြင်း အစီအစဉ်တစ်ရပ်ကိုလည်း စတင်လျက်ရှိပါသည်။ ထိုအစီအစဉ်တွင် ကလေးငယ်သုံးသောင်းကျော်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးသည့် အစီအစဉ်လည်း ပါဝင်သည်။ ဩစတြေးလျနိုင်ငံနှင့် ကမ္ဘာ့ဘဏ်၏ ကူညီမှုဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံစာသင်ကျောင်းများသို့ ဗဟိုချုပ်ကိုင်မှုမရှိသည့် ရန်ပုံငွေများချထားပေးရေး စီမံကိန်းသည် စာသင်ခန်းသုံးပစ္စည်းများဝယ်ယူရန် ကျောင်းအုပ်ဆရာများ၊ ဆရာ၊ ဆရာမများ၊ မိဘများကို အတူတကွ ဆုံးဖြတ်စေပါသည်။ ကလေးများ၏ အနာဂတ်အတွက် ကံကြမ္မာနှင့် တိုင်းပြည်၏ အနာဂတ်ကိုပိုမိုပုံဖော်နိုင်ရန် မိဘများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။



"ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတာက အရေးကြီးတယ်လို့ ကျွန်မထင်ပါတယ်။ ပညာတတ်တဲ့သူတွေ ပိုမိုများလာလေ အလုပ်လက်မဲ့တွေနည်းပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အရှိန်ကောင်းလာမယ်။"
(ဒေါ်နွယ်နွယ်ဦး မူလတန်းပြဆရာမ ဆိပ်ကြီးခနောင်တိုမြို့နယ်။)

၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံ၌ တစ်နှစ်လျှင်ကလေးငယ်တစ်ထောင်မွေးတိုင်း ၄၁ ယောက်သေဆုံးပါသည်။ နှစ်စဉ်ကိုယ်ဝန်ဆောင်နှစ်ထောင်နှင့်ကလေးငါးသောင်းခန့်သည် ကာကွယ်ကုသရနိုင်သည့် ရောဂါများကြောင့် သေဆုံးနေရသည်။ ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူတိုင်းအခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းတမီရရှိနိုင်ရန် မြန်မာနိုင်ငံက ကြိုးစားလျက်ရှိသည်။ ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်နေသည့်အရေးကြီးသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးစီမံကိန်းသည် ရန်ပုံငွေဒေါ်လာသန်း ၁၀၀ ဖြင့် မြန်မာနိုင်ငံရှိမြို့နယ် ၃၃၀ တွင် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်သွားနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် ကိုယ်ဝန်ဆောင်မိခင်သုံးသန်းကျော်နှင့် ကလေးများအတွက် အကျိုးရှိစေပါမည်။ သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်၊ မွေးခါစကလေးငယ်များနှင့် ကလေးငယ်များ၏အိမ်များကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ကာ စောင့်ရှောက်မှုများ ပိုမိုပေးအပ်သွားနိုင်မည်။

လျှပ်စစ်မီးကဏ္ဍကိုကြည့်လျှင် မြန်မာနိုင်ငံပြည်သူ၏ သုံးပုံနှစ်ပုံသည်



"ဒီဆေးရုံကို ကျွန်မလာရတာကတော့ ဒီမှာကျွမ်းကျင်တဲ့ ဆရာဝန်တွေနဲ့ ဆရာမတွေရှိတယ်။ ကျွန်မကလေးမွေးတုန်းက ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်။"
(မမေဇင်မိုး ကလေးမိခင် လှိုင်သာယာမြို့နယ်။)

လျှပ်စစ်မီးကို ကောင်းစွာသုံးစွဲနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကျောင်းသားများအတွက်စာကျက်ရန်မီးမရှိသလို ဆေးခန်းများမှာလည်း ဆေးသိုလှောင်ရန် ရေခဲသေတ္တာများကို မသုံးနိုင်ချေ။ စီးပွားရေးလုပ်ငန်းများမှာလည်း ကုန်ပစ္စည်းများကို ပုံမှန်မထုတ်လုပ်နိုင်ချေ။

၂၀၃၀ ပြည့်နှစ်တွင် ပြည်သူတိုင်း လျှပ်စစ်မီးသုံးစွဲလာနိုင်ရေးအတွက်မြန်မာနိုင်ငံတွင် ထက်သန်ပြင်းပြသည့် ရည်မှန်းချက်တစ်ခုရှိနေပါသည်။ လာမည့်နှစ်များတွင် ဂျပန်နိုင်ငံအစိုးရ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၊ နယ်သာလန်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့သည် လူဦးရေသုံးသန်းအတွက် လျှပ်စစ်မီးပိုမိုတိုးတက်ရရှိလာစေရန် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းအစီအစဉ်များအတွက် ငွေကြေးကူညီသွားမည်ဖြစ်သည်။ ထို့အပြင် တစ်နိုင်ငံလုံးလျှပ်စစ်မီးသုံးစွဲမှုကို ၂၀၁၇ ခုနှစ်တွင် ၆၆၀ဂီဂါဝပ် အထိ နှစ်ဆမက တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အခြေခံလူတန်းစား ပြည်သူ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်းမှာ ဝမ်းရေးအတွက်စိုက်ပျိုးရေးလုပ်ငန်းကို မှီခိုနေရသည်။ စိုက်ပျိုးရေးလုပ်ငန်းထုတ်လုပ်မှုနှင့် အခွင့်အရေးများကို မြှင့်တင်ပေးရန်မှာ မြန်မာနိုင်ငံကဆင်းရဲမှုကို အဆုံးသတ်တိုက်ဖျက်နိုင်ရန် အရေးကြီးပါသည်။ ယခုထုတ်ပြန်လိုက်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမူဘောင်တွင် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်လာစေရန်လည်းကောင်း၊ ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်သုံးစွဲလာနိုင်စေရန်လည်းကောင်း အကူအညီပေးသွားရန် မျှော်မှန်းထားပါသည်။

သိသာထင်ရှားသည့် တိုးတက်မှုတစ်ခုမှာ လူထုဗဟိုပြုစီမံကိန်း (CDD) ဖြင့် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်၁၅မြို့နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်များကို ကျေးလက်ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်မည့် အခွင့်အရေးများကို ပေးအပ်လျက်ရှိသည်။ ယခင်နှင့်မတူဘဲ ဒေသခံများ၏ ပါဝင်မှုမြင့်တက်လာပြီး ကျေးရွာချင်းဆက်လမ်း၊ တံတား၊ ရေမြောင်း၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် ဈေးများဆောက်လုပ်ပြုပြင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ပြီး ငွေကြေးများကို စီမံခန့်ခွဲလျက်ရှိသည်။ ခြောက်နှစ်ကြာဆောင်ရွက်မည့် အဆိုပါ လူထုဗဟိုပြုစီမံကိန်းကို နိုင်ငံတကာဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေ၏ ထောက်ပံ့ငွေဒေါ်လာ သန်း ၈၀ ဖြင့် စတင်ခဲ့ပြီး လက်ရှိတွင် မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာ ၃၉၀ ကျော်တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတောင်ပိုင်းကျွန်းစုမြို့နယ်ရှိ ပန်းဇင်ကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးအေးသန်းက "လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာသားများအတွက် အလိုအပ်ဆုံးဖြစ်ပြီး စီမံကိန်းများ အကောင်အထည်ဖော်ရန် ကျေးရွာလူထုကိုယ်တိုင်ပါဝင်ပြီး အတူတကွ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

"ကလေးတွေအတွက် စာသင်ကျောင်းကို ပြင်ဖို့လိုတယ်။ မိုးရွာတဲ့အခါ၊ ဒီရေတက်တဲ့အခါ ဝင်လာတဲ့ရေတွေကို တားဆီးဖို့ပါ။ အခုတော့ တစ်မိုးတွင်းလုံး ရေစိုမှာမစိုးရိမ်ရတော့ဘဲ ကျွန်တော်တို့ကလေးတွေ ကျောင်းသွားနိုင်ပါပြီ။"

ယခုကဲ့သို့ ထိထိရောက်ရောက်ဆောင်ရွက်မှုများသည် ပြီးခဲ့သည့်နှစ်က ကျွန်တော်တွေ့ခဲ့သည့် စိတ်အားထက်သန်သော ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူတိုင်းအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ပါသည်။ သူတို့၏လူမှုအသိုင်းအဝိုင်းနှင့် လူမှုဘဝများကို မြှင့်တင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏အနာဂတ်ဘဝများကို ပိုမိုကောင်းမွန်စေမည် ဖြစ်သည်။

"သူတို့ကို ကျွန်တော်တို့ရေလုပ်ငန်းနဲ့ အသက်မမွေးစေချင်ဘူး။ အရမ်းပင်ပန်းလို့ပါ။ သူတို့ကို ပညာတတ်စေချင်တယ်။ ဒီထက်ကောင်းတဲ့ အလုပ်တွေရစေချင်တယ်" ဟု ဦးအေးသန်းက သူ့ကလေးတွေအကြောင်းကို ပြောပြခဲ့ပါသည်။

***Ulrich Zachau သည်ကမ္ဘာ့ဘဏ်၏မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် မလေးရှားနိုင်ငံများအတွက် အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး ဖြစ်သည်။***

**သိသာထင်ရှားသည့် တိုးတက်မှုတစ်ခုမှာ လူထုဗဟိုပြုစီမံကိန်း (CDD) ဖြင့် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၅ မြို့နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်များကို ကျေးလက်ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်မည့် အခွင့်အရေးများကို ပေးအပ်လျက်ရှိ။**

**ယခင်နှင့်မတူဘဲ ဒေသခံများ၏ ပါဝင်မှုမြင့်တက်လာပြီး ကျေးရွာချင်းဆက် လမ်း၊ တံတား၊ ရေမြောင်း၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် ဈေးများဆောက်လုပ်ပြုပြင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ပြီး ငွေကြေးများကို စီမံခန့်ခွဲလျက်ရှိ။**

---

ပြည်ကြီးမလှိုင်
ခိုင်မာဖို့
အခွန်တာဝန်
ကျေပွန်စို့

## ကလေးများ ကျန်းမာရေးအာဟာရဖွံ့ဖြိုးမှု ကိုယ်အလေးချိန်စစ်ဆေး

**ရန်ကုန် မေ ၂၆**

မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း မွေးစမှငါးနှစ်အရွယ်ထိ အာဟာရချို့တဲ့သော ကလေးများ လျော့နည်းပပျောက်စေရေးနှင့် အာဟာရဓာတ်ပြည့်ဝသော ကလေးများဖြစ်စေရေးအတွက် ဖွံ့ဖြိုးမှုဆန်းစစ်ခြင်းအဖြစ် ရပ်ကွက် ၂၀ သို့ လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်က ပုသိမ်ညွန့်ရပ်ကွက်မှ ကလေးငယ်များအား အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများက ကလေးများ၏ကိုယ်အလေးချိန်တိုးတက်မှုကို ချိန်တွယ်စစ်ဆေးရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့်အသင်းသူများက ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



ပြည်တွင်းရေးရာ

# အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက် အမြန်လမ်းမကြီးနှင့်ပတ်သက်၍ အကြံပြုချက်များ လက်ခံကြိုဆို

**ရန်ကုန် မေ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော်လမ်းအပိုင်း နှင့် နေပြည်တော်-စကားအင်းလမ်းအပိုင်းတို့ရှိ အမြန်လမ်းမကြီး တစ်လျှောက်အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော်လမ်းအပိုင်းသည် ၂၀၀၉ ခုနှစ် မတ် ၂၅ ရက် က ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ လမ်းအသုံးပြုသည့် သက်တမ်းမှာ ခြောက်နှစ်ကျော်ခန့်ရှိကာ နေပြည်တော်-စကားအင်းလမ်းအပိုင်းသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့သဖြင့် ယနေ့အထိ လမ်းအသုံးပြုသည့် သက်တမ်းမှာ ငါးနှစ်ခန့်ရှိပြီ ဖြစ်သည်။

အမြန်လမ်းမကြီး၏ နှစ်လမ်းသွားလမ်းအလယ်၌ ယာဉ်ကြောရေးဆွဲထားသော အဖြူရောင်မျဉ်းပြတ်စည်းပေါ်တွင် တပ်ဆင်ထားသည့် (Cat Eye) ရောင်ပြန်မီးကျောက်တုံးများအား အမြန်လမ်းမကြီး တစ်လျှောက် ၃၆၆/၃ မိုင် (အသွားလမ်း/အပြန်လမ်း) နှစ်ဖက်တွင် စုစုပေါင်း ၁၁၇၀၀၀ ကျော် တပ်ဆင်ထားခဲ့ပြီး ယင်းမီးကျောက်တုံး (Cat Eye) အချို့သည် နှစ်ကာလကြာမြင့်စွာ အသုံးပြုထားပြီးဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုများ ရှိလာသောကြောင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လမ်းအပိုင်းလိုက် တာဝန်ခံအင်ဂျင်နီယာများက မိမိလမ်းအပိုင်းအား အပတ်စဉ်စစ်ဆေးပြီး ချောင်နေပါက ကျပ်ခြင်း၊ အသစ်လဲလှယ်ခြင်း၊ အသစ်လဲလှယ်နိုင်ခြင်း မရှိသေးပါက ဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမြန်လမ်းမကြီးတစ်လျှောက် ၃၆၆/၃ မိုင် (အသွားလမ်း/အပြန်လမ်း) နှစ်ဖက်အား ပျမ်းမျှ ၁၅ မိုင်လျှင် (အသွားလမ်း/အပြန်လမ်း) အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းအင်ဂျင်နီယာ တစ်ဦးစီအား တာဝန်ပေးအပ်ထားပြီး စနစ်တကျ ပြင်/ထိန်း လုပ်သားများ၊ အင်ဂျင်နီယာအကူများဖြင့် စခန်းရုံးဖွဲ့စည်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ကျန်ရှိနေမှုများ၊ ထပ်မံပျက်စီးမှုများ ရှိနေနိုင်သောကြောင့် လူမှုကွန်ရက်စာမျက်နှာမှ ထောက်ပြအကြံပြုမှုအား ကျေးဇူးတင်ရှိပါကြောင်း အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေး အဖွဲ့မှ သိရသည်။

ထို့အပြင် ယခုကဲ့သို့ ခရီးသွားပြည်သူများ၏ အမြန်လမ်းမကြီး နှင့်ပတ်သက်၍ အကြံပြုချက်များအား လက်ခံကြိုဆိုလျက်ရှိပြီး အကြံပြုချက် တင်ပြလိုပါက အကြံပြုလိုသည့် လမ်းအပိုင်း မိုင်တိုင်တည်နေရာအား ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံထားကြောင်း အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေး အဖွဲ့၏ မေ ၂၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။ **(စိုးဝင်း-MLA)**



**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် ရပ်ကွက်ကော်မရှင်ရုံးတွင် မေ ၂၅ ရက် နံနက်ပိုင်းက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာမဲဆန္ဒရှင်များအား လူဝင်မှုကြီးကြပ်ရေးစာရင်းပုံစံ ၆၆/၅ စာရင်းအရ ထုတ်ပြန်ကြေညာထားမှုကို တွေ့ရစဉ်။**

(၃၂၉)




## ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ




ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co.,Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆- ၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀)နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ သုံးခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်း နှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး(MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အထကကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

**ဆိပ်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် အသစ်တည်ဆောက်သည့် စာသင်ခန်းသုံးခန်းပါ ပေ ၉၀× ပေ ၃၀ အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်ကို မြခိုင်မာကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးသောကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်တော့မည်ဖြစ်ပြီး ငွေကျပ် ၄၈၆ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆိပ်ဖြူမြို့နယ်တွင် အလားတူ ကျောင်းဆောင်သစ်များဖြစ်သော မယ်ဇလီကွေ့ ကျေးရွာနှင့် ညောင်ဝွေးဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းများ တွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ ဒေသခံပြည်သူများက မိမိတို့မျှော်မှန်းထားသည်ထက် အရည်အသွေးမြင့် ပိုမိုကောင်းမွန်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးသည့်အတွက် အထူး ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရန်လိုအပ်

**စဥ့်ကူး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် နတ်တောင်ကျေးရွာသည် နွေကာလတွင် ရေရှားပါးမှုနှင့် နှစ်စဉ်ကြုံတွေ့နေရပြီး ကျေးရွာနေရာတိုင်း၌ ဘုံပိုင်တွင်းများ တူးဖော်မရသည်ကများသည်။ တူးရပြန်သော်လည်း သောက်သုံးရန်မသင့်သည့် မသန့်ရှင်းသောရေများသာထွက်ရှိသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဒီရွာမှာ ကိုယ်ပိုင်ရေတွင်းတွေ တူးထားတာရှိတယ်။ ဒီတွင်းတွေက မိုးတွင်းမှာ သုံးရေရပါတယ်။ သောက်လို့တော့ မရဘူး။ မသန့်ရှင်းဘူး။ ထုံးခတ်တွေများတော့ နှစ်ရက်သုံးရက်လောက်သောက်လိုက်ရင် ဆီးတွေအောင့်လာတယ်။ မိုးတွင်းမှာဆိုရင် မိုးရေခံပြီး သောက်ရေအဖြစ် လှောင်ထားနိုင်တော့ သောက်ရေအခက်အခဲမရှိပေမယ့် နွေကာလမှာ သောက်ရေရှားပါးပါတယ်။ မိုးပြတ်သွားရင် မြို့အထိတက်ပြီး ရေကားတွေနဲ့သယ်ရတယ်" ဟု ဦးဆုသိန်းက ပြောသည်။

**ဝင်းမောင်(စဥ့်ကူး)**

# ရှန်ဟိုင်းရုပ်ရှင်ပွဲတော်တွင် ပထမဆုံးအကြိမ် Star Wars ရုပ်ရှင်ခြောက်ကားလုံးပြသမည်

ဇွန်လအတွင်းကျင်းပမည့် (၁၈)ကြိမ်မြောက် ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော် (SIFF)တွင် နာမည်ကျော် Star Wars (ကြယ်တာရာတိုက်ပွဲ) ရုပ်ရှင်စီးရီး တစ်မှခြောက်အထိ ခြောက်ကားလုံးကို ပြသသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပွဲတော်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကိုမူကြေညာခြင်း မရှိသေးသော်လည်း ပွဲတော်ရက်ကိုမူ ဇွန် ၁၃ ရက်မှ ၂၁ ရက်အတွင်း ကျင်းပသွားမည်ဟု သိရသည်။

ပြသသွားမည့် ရုပ်ရှင်စီးရီး၏ ဇာတ်ကားခြောက်ကားမှာ The Phantom Menace၊ Attack Of The Clones၊ Revange Of The Sith၊ A New Hope၊ The Empire Strikes Back နှင့် Return Of The Jedi တို့ဖြစ်သည်။

ယင်းရုပ်ရှင်ကားများ၏ ဗီဒီယိုနှင့် ဒီဗွီဒီများကို ထုတ်လုပ်ဖြန့်ချိပြီးဖြစ်သော်လည်း ၎င်းတို့အနက်မှ ဇာတ်ကားသုံးကားမှာမူ တရုတ်နိုင်ငံတွင် ရုံတင်ပြသခဲ့ဖူးခြင်းမရှိသေးချေ။

ယခုကဲ့သို့ ပြသရခြင်းမှာ နောင်ထွက်ရှိမည့် ခုနစ်ကားမြောက် Star Wars ရုပ်ရှင် "The Force Awakens"အတွက် တရုတ်နိုင်ငံတွင်ပရိသတ်ရရှိရေးကိုလည်း ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကာ Star Wars 7ကို ဒီဇင်ဘာ ၁၈ရက်၌ မြောက်အမေရိကတွင် စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်သည် တရုတ်ရုပ်ရှင်ဈေးကွက်ကို များစွာရိုက်ခတ်နိုင်မည်ဟုလည်း ထင်ကြေးပေးနေကြသည်။

**ခင်ခင်သက်**



# မင်းသမီးလီယောင်ဂျီ ပထမဆုံး ရင်သွေးကို လွယ်ထားနေရပြီဖြစ်




Princess Hours ဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်များ လက်ခံအားပေးခဲ့သည့် ကိုရီးယား မင်းသမီး လီယောင်ဂျီသည် ယခုအခါ သူ၏ပထမဆုံးရင်သွေးကို လွယ်ထားနေရပြီဖြစ်ကြောင်း မေ ၂၅ ရက်တွင် Namoo Actors အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အေဂျင်စီက မင်းသမီး လီယောင်ဂျီနှင့်ပတ်သက်ပြီး "အခုအချိန်မှာ သူက ကလေးအတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်နေရသလို တစ်ဖက်ကလည်း ရိုက်ကူးနေတဲ့ဇာတ်လမ်းတွဲတွေမှာ အကောင်းဆုံးသရုပ်ဆောင်နိုင်ဖို့ အားထည့်ပြီး လုပ်ဆောင်နေပါတယ် " ဟု ပရိသတ်များအတွက်ဝမ်းသာစရာသတင်းကို ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် သူ့ထက်အသက်နှစ်နှစ်ကြီးသည့် သွားဆရာဝန်တစ်ဦးနှင့် လက်ထပ်ခဲ့သော မင်းသမီးလီယောင်ဂျီသည် ၂၀၀၃ ခုနှစ်တွင် Nonstop 4 ဇာတ်လမ်းတွဲဖြင့် အနုပညာလောကထဲဝင်ရောက်ခဲ့ပြီး ယခုအခါ Ex-Girlfriend Club ဇာတ်လမ်းတွဲကို မင်းသား ဗြောင်ယိုဟန်၊ မင်းသမီးဆောင်းဂျီဟို တို့နှင့်တွဲဖက်၍ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

**စန္ဒာဝင်း**





# ထောင်ဒဏ်ဆယ်နှစ်ကျခံရဖွယ်ရှိသည့် မင်းသားဂျော်နီဒက်ပ်

ပြီးခဲ့သည့် ဧပြီလက သြစတြေးလျနိုင်ငံသို့ရိုက်ကူးရေးသွားစဉ် သူ၏ ခွေးနှစ်ကောင်အား တရားဝင်မှတ်ပုံတင်ခြင်းမရှိဘဲ ခေါ်ဆောင်ခဲ့သည့်အတွက် ဂျက်ခ်စရိုးမင်းသား ဂျော်နီဒက်ပ်သည် ထောင်ဒဏ်ဆယ်နှစ်ကျခံရဖွယ်ရှိကြောင်း သြစတြေးလျအာဏာပိုင်များကပြောသည်။

အဆိုပါတာဝန်ရှိသူများက ဟောလိဝုဒ်စတားကျူးလွန်ခဲ့သော ကိစ္စမှာ ပြည်ဝင်ခွင့်နှင့် ပတ်သက်သည့်အတွက် ကြီးလေးသောကိစ္စဖြစ်ကြောင်းနှင့် ပြင်းပြင်းထန်ထန်အရေးယူခံရနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

ဂျော်နီဒက်ပ်သည် သူ၏ဇနီး အမ်ဘာဟတ်ဒ်နှင့်အတူ ကိုယ်ပိုင်လေယာဉ်ဖြင့် သြစတြေးလျနိုင်ငံသို့သွားရောက်ခဲ့ရာသူ၏ ခွေးများဖြစ်သောပစ်စတိုနှင့်ဘိုတို့အား သြစတြေးလျအာဏာပိုင်များကို အသိပေးခြင်းမရှိဘဲအတူခေါ်ဆောင်နေထိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

The Sydney Morning Herald ၏ သတင်းထုတ်ပြန်ချက်အရ ဒက်ပ်သည် ဆယ်စုနှစ်တစ်နှစ်ခန့်ထောင်ဒဏ်ကျခံခြင်း သို့မဟုတ် အများဆုံးဒဏ်ကြေးငွေ သြစတြေးလျဒေါ်လာ သုံးသိန်းလေးသောင်း(ပေါင်တစ်သိန်း ခုနစ်သောင်းနှစ်ထောင်) ပေးဆောင်ရဖွယ်ရှိသည်။

**ခင်ခင်သက်**

# မင်းသားဆောင်းဂျွန်ကီ စစ်မှုထမ်းကာလပြီးဆုံး



မင်းသားဆောင်းဂျွန်ကီသည် တောင်ကိုရီးယားနိုင်ငံရှိ အမျိုးသားတိုင်းမဖြစ်မနေထမ်းဆောင်ရသည့် စစ်မှုထမ်းခြင်းကို မေ ၂၆ ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည့်အတွက် ပရိသတ်များနှင့်တွေ့ဆုံသည့် အခမ်းအနားကို ဂိုဆန်တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် ပရိသတ်များစွာ လာရောက်ကြိုဆိုကြသည့်အတွက် ဝမ်းသာမျက်ရည်ကျခဲ့ရသည့် မင်းသားဆောင်းဂျွန်ကီက သူ၏စစ်မှုထမ်းနေစဉ် ကာလတစ်လျှောက်တွင် စိတ်ဓာတ်ခွန်အားများ ပေးခဲ့ကြသည့် ပရိသတ်များကို အလွန်ပင်ကျေးဇူးတင်မိပြီး သရုပ်ဆောင်မှုအပိုင်းကိုလည်း ပိုမိုကောင်းမွန်အောင်ကြိုးစားသွားမည့်အကြောင်း ပြောဆိုခဲ့သည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၇ရက်မှစတင်၍ နှစ်နှစ်နီးပါး စစ်မှုထမ်းပြီးပြန်လာသော သရုပ်ဆောင် ဆောင်းဂျွန်ကီသည် ယခုအခါတွင် KBS 2TV မှ ရိုက်ကူးထုတ်လွှင့်မည့် The Descendant of the Sun အတွက် ရိုက်ကူးရေးများစတင်တော့မည်ဖြစ်ပြီး 'Kwon Bob' နှင့် အခြားအစီအစဉ်များကိုလည်း လက်ခံထားပြီးဖြစ်သည်။

**စန္ဒာဝင်း**

# ၁၇ နှစ်အရွယ် ဟယ်ရီစတိုင်နဲ့ တွဲခဲ့ပါတယ်လို့ ဝန်ခံခဲ့တဲ့ ကာလိုလင်းဖလက်ခ်

ရုပ်မြင်သံကြားအစီအစဉ်မှူး ကာလိုလင်းဖလက်ခ်က One Direction အဖွဲ့မှ ဟယ်ရီစတိုင် အသက် (၁၇)နှစ်အရွယ်တွင် သူနှင့်တွဲခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် အသက်အရွယ်ကွာခြားလွန်းသော အမျိုးသားတစ်ဦးနှင့်တွဲခဲ့သည်မှာ ထူးဆန်းသော်လည်း ဘယ်တော့မှ ရှက်စရာကောင်းသောအဖြစ်ဟု မထင်ခဲ့ကြောင်း ဆိုခဲ့သည်။

အသက် (၃၅) နှစ်ရှိပြီဖြစ်သော ဖလက်ခ်သည် လွန်ခဲ့သည့် လေးနှစ်အကြာ ၂၀၁၁ခုနှစ်က ဟယ်ရီစတိုင်နှင့် တွဲခဲ့ခြင်းဖြစ်ကာ သူတို့နှစ်ဦးသည် အသက်အရွယ်အားဖြင့် ၁၄ နှစ်ကွာခြားလေသည်။

ဖလက်ခ်က "ဒီလို ငယ်ရွယ်လွန်းတဲ့ သူတစ်ဦးနဲ့ တွဲခဲ့မိလို့ ကျွန်မဘယ်သူ့ကိုမှ တောင်းပန်မှာမဟုတ်ဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့ တွဲခဲ့တဲ့အချိန်မှာ ဆိုးရွားတဲ့ကိစ္စတွေလည်း မရှိခဲ့ဘူး။ ဘယ်သူမှလည်း မနာကျင်ခဲ့ဘူးလေ"ဟု ဆိုခဲ့သည်။

သို့သော် သူက ဘဝတစ်လျှောက်တွင် ယုံကြည်မှုအရှိဆုံးအမျိုးသားဟု ထင်ခဲ့ရသူမှာ သူ၏ရည်းစားဟောင်း X Factor ၏ တွဲဖက်အစီအစဉ်တင်ဆက်သူ အိုလီမန်သာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့သည်။

**ခင်ခင်သက်**

# ရုပ်မြင်သံကြားအစီအစဉ်

27 - 5 -2015 (A' [ ;ae)

## မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၁၆ | မေတ္တာပို့ | ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၆း၂၀ | ဓမ္မပူဇာတေး | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၄၁) |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၆း၀၆ | Go For Gold |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၆း၁၅ | Meet With The Celebrities |
| ၈း၁၅ | မွေးမြူသုတ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်ထဲက တော်ဝင်သမားတော် (အပိုင်း-၄၈) - ရယ်စရာပျော်စရာ ဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၃၅) |
| ၈း၃၀ | DVD Hits | | |
| ၈း၃၅ | ဇာတ်လမ်းတို | | |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း | | |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ | | |
| ၉း၀၀ | စာပေအလင်း စာပေသတင်း | | |
| ၄း၁၅ | လှုပ်တစ်ပြက် | | |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | |
| ၄း၅၅ | ရှေးဟောင်းသုတ | | |

## MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၂၃) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ | ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၄၁) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၀) | ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၉း၄၀ | အနုပညာမိုးကောင်းကင် | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ် ကမ္ဘာလေး" (အပိုင်း-၈၁) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ | ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၁၆) |
| ၁၀း၄၅ | ရန်ကုန်မြင်ကွင်းကျယ် | ၉း၄၅ | Let's Talk |
| ၁၁း၀၅ | ဟင်းချက်ရအောင် | ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၃၀ | MRTV-4 Stage | ၃း၄၅ | World of Knowledge |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၅) | ၄း၃၀ | တန်ခိုးထွန်းခေါင် ရွှေနတ်တောင် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၄၀) | | |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၂၂) | | |
| ၅း၅၀ | Miss Myanmar World 2015 | | |
| ၆း၁၀ | Health Fix | | |

## mitv

- Myanmar Social & Charitable Association (Ep-1) Mingalar Byuha
- Culture Shows: Theatrical Art
- Snake Dancer
- News Extra
- Guiding Star of Song Birds
- Myanmar Master Class "Kyaw Phyu San"
- Ngapali, Unique Spot To Relax
- Myanmar Paper Toys
- Myanmar Sculpture-Work of Art
- Nang
- Creations of a Designer
- Short Trip With Steve (Taungyi Trip)
- Today Myanmar "Online Shopping"
- News Extra
- Youth Filmmaker: Khin Su Kyi
- Insight Myanmar (Library) (Ep-3) Library for Women & Children
- Civic Duty
- The Pride of Myanmar "Traditional Handicraft"
- Kayin Child Boxer
- News Extra
- Archery Session (from Ramayana Play)
- Amazing "U Nyein Chan Aung"
- Simple Living With High Spirit
- News Extra







# ဒီပေးမှာ စီရိုနယ်လ်ဒိုလက်သစ်ဟု ပက်ဂျီဆန်ချီးကျူး

ယခင်မန်ယူတောင်ပံကစားသမားပက်ဂျီဆန်က မန်ယူမှအသစ်ခေါ်ယူထားတဲ့ တောင်ပံကစားသမားဒီပေးဟာ စီရိုနယ်လ်ဒိုလို တူညီတဲ့စွမ်းရည်ရှိသူလို့ ထုတ်ဖော်ချီးကျူးခဲ့ပါတယ်။ ပက်ဂျီဆန်က သူပီအက်စ်ဗွီမှာ ကစားခဲ့တဲ့ ကာလတစ်လျှောက် ဒီပေးနှင့်အတူတကွကစားခဲ့ရာမှာ ပထမဆုံးအမြင်မှာကတည်းက ဒီပေးဟာ စီရိုနယ်လ်ဒိုလို ကစားနိုင်တဲ့ ကစားသမားဖြစ်တယ်ဆိုတာ သတိပြုမိခဲ့တယ်လို့ဆိုပါတယ်။ ဒီပေးဟာ ဒီနွေရာသီအပြောင်းအရွှေ့မှာ မန်ယူက ပထမဆုံးခေါ်ယူခွင့်ရရှိမယ့် ကစားသမားဖြစ်လာမှာဖြစ်ပြီး အပြီးသတ်ဆေးစစ်ချက်တွေအားလုံးလည်း ပြည့်ပြည့်စုံစုံပြုလုပ်ပြီးနေပါပြီ။

ပက်ဂျီဆန်က "ဒီပေးက အခုမှအသက်(၂၁)နှစ်ပဲရှိပါသေးတယ်။ ဒါပေမယ့်သူနဲ့ ကျွန်တော် အတူတူကစားခဲ့တုန်းကတည်းက သူဘယ်လောက်ကောင်းတယ်ဆိုတာ စကစားကတည်းက သတိထားခဲ့မိတယ်။ သူက မာမာထန်ထန်ကစားနိုင်သလို ဖြတ်တင်ဘောတွေ၊ ဘောလုံးပေးပို့မှုတွေ အားလုံးလည်း ကောင်းပါတယ်။ သူ့ကိုတချို့က စီရိုနယ်လ်ဒိုနဲ့ ကစားပေါက်တူတယ်လို့ ပြောကြတယ်။ ကျွန်တော်လည်းဒီလိုပဲတွေးမိပါတယ်။ သူက မန်ယူကို အောင်မြင်မှုရအောင်ကူညီရင်း ရိုနယ်လ်ဒိုလိုပဲ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတစ်ဦးဖြစ်လာဖို့ ဆန္ဒရှိနေသူပါ" လို့ ချီးကျူးခဲ့ပါတယ်။

ပက်ဂျီဆန်က ယခုနှစ်မှာ မန်ယူချန်ပီယံလိဂ်ဝင်ခွင့်ပြန်လည်ရရှိခဲ့တဲ့အပေါ် ဝမ်းမြောက်နေပြီး မန်ယူအနေနဲ့ မနှစ်ကစိတ်ပျက်ဖွယ်ရလဒ်တွေအပေါ် မေ့ပျောက်နိုင်ခဲ့တယ်ဆိုတာ အလုပ်နဲ့ သက်သေပြနိုင်ခဲ့တယ်လို့လည်းဆိုခဲ့ပါတယ်။ ပက်ဂျီဆန်ဟာ ၂၀၀၈ မန်ယူချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့စဉ်က အသင်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ကစားခွင့်ရရှိခဲ့သူပါ။

# ဘာစီလိုနာက မိမိအားလေးစားမှုမရှိဟု အဲဗက်စ်ဝေဖန်




ဘာစီလိုနာအသင်း နောက်ခံလူ အဲဗက်စ်က ဘာကာတာဝန်ရှိသူတွေအနေနဲ့ သူ့အပေါ် လေးစားမှုမရှိတဲ့အတွက် ဒီနွေအပြောင်းအရွှေ့ကာလမှာ ဘာကာက ထွက်ခွာမယ်လို့ အရိပ်အမြွက်ဆိုခဲ့ပါတယ်။ အသက် (၃၂) နှစ်ရှိနေပြီဖြစ်တဲ့ ဒီဘရာဇီးနောက်ခံလူဟာ ၂၀၀၈ ကတည်းက ဆီဗီလာကနေ ဘာစီလိုနာကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး နောက်လမှာ ဘာကာနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကသက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။

ဘာစီလိုနာဥက္ကဌ ဂျိုးဇက်မာတိုမူက အဲဗက်စ်ကို ဘာကာမှာ ဆက်ရှိနေစေဖို့ ဘယ်လိုစည်းရုံးရမလဲဆိုတာသိပေမယ့် တွေ့တွေ့ဆိုင်ဆိုင်လာရောက်ပြီး ဆွေးနွေးတာမရှိဘဲ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ပဲဆွေးနွေးစေခဲ့တဲ့အတွက် ပြေလည်မှုမရရှိခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာ ဒါရိုက်တာအဖွဲ့ဝင်တွေက သူ့ကို ငွေနောက်လိုက်နေတယ်လို့ စွပ်စွဲခဲ့လို့ အဲဗက်စ်က အခုသူ့ခြေထောက်နှစ်ချောင်းလုံးနဲ့ ခေါင်းက ဘာစီလိုနာက ထွက်ခွာပြီး ဖြစ်နေပြီလို့ဆိုခဲ့တော့ လာမယ့်နွေမှာ ဘာကာက ထွက်ခွာဖို့သေချာနေပြီဖြစ်ပါတယ်။

# ချန်ပီယံလိဂ်ကစားခွင့်ရချင်၍အသင်းပြောင်းမည်ဟု ရှနိုက်ဒါလင်ဆို



ဆောက်သမ်တန်ကွင်းလယ်လူ ရှနိုက်ဒါလင်က ချန်ပီယံလိဂ် ဝင်ခွင့်ရရှိထားသော ပရီမီယာလိဂ် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများကို ရှေ့တိုးလုပ်ဆောင်သွားမည်ဟု ဆိုခဲ့သည်။

အသက် (၂၅) နှစ်အရွယ်ရှိ အဆိုပါ ကွင်းလယ်လူမှာ ပြီးခဲ့သည့် ဘောလုံးရာသီက စပါးသို့ပြောင်းရွှေ့ရန် နီးစပ်ခဲ့သေးသော်လည်း ဆောက်သမ်တန် ကစားသမားများဖြစ်သော ရီကီလမ်းဘတ်၊ လုခ်ရှော၊ လယ်လာနာ၊ လော့ဖ်ရန်တို့အား အသင်းမှ ထွက်ခွာခွင့်ပေးခဲ့ပြီးဖြစ်ရာ သူ၏အပြောင်းအရွှေ့ကို တာဝန်ရှိသူများမှ ပယ်ချခဲ့သည်။

ရှနိုက်ဒါလင်အား စပါးနှင့် အာဆင်နယ်အသင်းများမှခေါ်ယူရန်ချဉ်းကပ်နေကာ ဆောက်သမ်တန်က ၎င်းကွင်းလယ်လူအား ပြောင်းရွှေ့ကြေးပေါင် ၂၅သန်းရမှသာ ထွက်ခွာခွင့်ပေးနိုင်မည်ဟု တုံ့ပြန်ထားသည်။ အာဆင်နယ်သည် ကွင်းလယ်တွင်ကိုကွာလင်ခြေစွမ်းပြနေသော်လည်း ရှနိုက်ဒါလင်အား ခေါ်ယူရန် နီးစပ်နေသလို ကစားသမားကိုယ်တိုင်က စပါးထက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသော အာဆင်နယ်သို့သာပြောင်းရွှေ့လိုသည်ဟု ဆိုခဲ့သည်။

" ကျွန်တော်ဆုံးဖြတ်ချက်ချပြီးပါပြီ။ သေချာတာက ချန်ပီယံလိဂ်ကစားခွင့်ရတဲ့ အင်္ဂလန်အသင်းတစ်သင်းမှာ ကစားခွင့်ရဖို့ ကျွန်တော်ကြိုးပမ်းသွားမှာပါ။ ဒါက ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်ပါ။ ကျွန်တော် ဆောက်သမ်တန်က ထွက်ခွာဖြစ်မယ်ဆိုရင် ဒါကယူရိုပါလိဂ်ထက် ပိုအဆင့်မြင့်တဲ့ ပွဲတွေကို ကစားခွင့်ရချင်လို့ပဲဖြစ်ပါတယ်။

ဒါပေမယ့် အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ် သက်တမ်း နှစ်နှစ်ကျန်သေး သလို က လပ် က တောင်း ဆို ထား တဲ့ ငွေပမာဏသာ ကျွန်တော့်ကို လိုချင်နေတဲ့အသင်းတွေကပေးနိုင်မယ်ဆိုရင်ကျွန်တော် ဒီက ထွက်ခွာတော့မှာပါ။ ငွေပမာဏနည်းနည်းနဲ့တော့ ကျွန်တော့်ကို မရနိုင်ပါဘူး။ ထိုက်သင့်တဲ့ကြေးတစ်ခုတော့ ပေးမှရမှာပါ" ဟု ပြင်သစ်ရေဒီယို RMC နှင့် အင်တာဗျူးပြုလုပ်စဉ် ရှနိုက်ဒါလင်က ပြောကြားခဲ့သည်။

ရှနိုက်ဒါလင်က လက်ရှိတွင် ဒူးအရွတ်ကြောဒဏ်ရာမှ ပြန်လည်သက်သာနေပြီဖြစ်ကာ နောက်နှစ်ဘောလုံးရာသီတွင် အခြားအသင်းသစ် ဂျာစီကို ဝတ်ဆင်ပြီး ချန်ပီယံလိဂ်ဝင်ရောက်ကစားခွင့်အတွက် မစောင့်နိုင်လောက်အောင်ဖြစ်နေသည်ဟုလည်း ဆိုခဲ့သည်။

# ဖယ်လ်ကာအို ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိ

မန်ယူကအပြီးသတ်ခေါ်ယူရန် ငြင်းပယ်ခဲ့သည့်အတွက် မိုနာကိုတွင် ပြန်လည်ကစားရတော့မည့် တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ချယ်လ်ဆီးသို့ ရောက်ရှိရန်နီးစပ်နေပြီဖြစ်သည်။

ဖယ်လ်ကာအိုအနေဖြင့် မိုနာကိုသို့ပြန်သွားရန်ဆန္ဒမရှိဘဲ ချယ်လ်ဆီးတွင်သာ ကစားသွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လက အာဆင်နယ်က ဖယ်လ်ကာအိုအား ခေါ်ယူရန် စိတ်ဝင်စားမှုရှိခဲ့သော်လည်း ယခုနှစ် နွေဈေးကွက်တွင် ခေါ်ယူရန် ထပ်မံကြိုးစားမှု မရှိခဲ့ပေ။

ချယ်လ်ဆီးကလည်း ဒရော့ဘာနေရာ၌ အစားထိုးရန် တိုက်စစ်မှူးတစ်ဦး လိုအပ်နေပြီး ဖယ်လ်ကာအိုနှင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုတို့၏ ကိုယ်စားလှယ်မှာ တစ်ဦးတည်းပင်ဖြစ်ရာ



ဖယ်လ်ကာအိုက ပရီမီယာလိဂ်တွင် ဆက်ကစားခွင့်ရရန် သူ၏ကိုယ်စားလှယ်ဖြစ်သူ မန်းဒက်ဇ်အား ချယ်လ်ဆီးတွင် ကစားခွင့်အတွက် ချိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။

မန်းဒက်ဇ်သည် လက်ရှိတွင် မော်ရင်ဟိုအတွက် အက်သလက် တိုက်စစ်မှူး ဂရစ်ဇ်မန်းကိုခေါ်ယူရန်ကြိုးပမ်းပေးနေပြီး အဆိုပါကစားသမား နေရာတွင် ဖယ်လ်ကာအိုအား အစားထိုးကာကြားဖြတ်ခေါ်ယူပေးရန်စီစဉ်နေသည်။

သို့သော် ဖယ်လ်ကာအို၏ တစ်ပတ်လုပ်ခမှာ ပေါင်၂၆၅၀၀၀ဖြစ်ပြီး လက်ရှိတွင် ချယ်လ်ဆီး၏ ဈေးအကြီးဆုံးကစားသမား ဟာဇက်ပင် ပေါင် ၂၀၀၀၀၀ သာရရှိနေရာ အကယ်၍ ဖယ်လ်ကာအိုအနေဖြင့် လစာနှုန်းထားကို လျှော့ယူခဲ့ပါက အပြောင်းအရွှေ့မှာ ဖြစ်မြောက်နိုင်ဖွယ်ရှိသည်။

ထို့ပြင်ချယ်လ်ဆီး၌ အခြားကိုလံဘီယာကစားသမားတစ်ဦးဖြစ်သော ကွာဒရာဒိုမှာလည်း ခြေစွမ်းမပြနိုင်ဘဲရုန်းကန်နေခဲ့ရရာ မန်ယူတွင်ပြသခဲ့သော ဖယ်လ်ကာအို၏ ခြေစွမ်းကြောင့် မော်ရင်ဟိုအနေဖြင့် ၎င်းအား ခေါ်ယူသင့်မသင့်ချင့်ချိန်နေခြင်းဖြစ်သည်။

## အန်စလော့တီအား ရီးယဲလ်ထုတ်ပယ်

မေ ၂၅ ရက်က ရီးယဲလ်ဥက္ကဌ ပီရက်ဇ်ဟာ အသေးစားသတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး နည်းပြအန်စလော့တီကို လက်ရှိတာဝန်မှရပ်စဲလိုက်ကြောင်း ပြောကြားခဲ့ပါတယ်။အန်စလော့တီရဲ့နေရာမှာနာပိုလီနည်းပြဘင်နီတက်ဇ်နဲ့ အစားထိုးသွားဖို့ ရာနှုန်းပြည့်နီးပါးသေချာနေတယ်လို့ အန်စလော့တီရဲ့ ကိုယ်စားလှယ်ဖြစ်သူ အန်နက်စ္စရိုဘရောင်ဇတီက ဆိုခဲ့ပါတယ်။

အန်စလော့တီက ရီးယဲလ်မှသူ့ကိုထုတ်ပယ်ခဲ့ပေမယ့်လည်း ရီးယဲလ်မှာရှိနေခဲ့တဲ့ကာလတွေအတွက်တာဝန်ရှိသူတွေကိုကျေးဇူးတင်ရှိကြောင်းသူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အန်စလော့တီရဲ့ရီးယဲလ်ကို ကိုင်တွယ်ခဲ့တဲ့နှစ်နှစ်တာကာလမှာ ချန်ပီယံလိဂ်ဖလား၊ ကိုပါဒယ်ရေးဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားတွေကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။


## အာဆင်နယ်က ဘင်ဇီမာအားခေါ်ယူရန်ကြိုးပမ်း

အာဆင်နယ်သည်လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကိုစိန်ခေါ်နိုင်ရန်အတွက် ရီးယဲလ်တိုက်စစ်မှူးဘင်ဇီမာအားခေါ်ယူရန် အဓိကထားကြိုးပမ်းနေပြီး ကစားသမားကိုယ်တိုင်လည်း လန်ဒန်အခြေစိုက်အသင်းသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားမှုရှိသည်ဟု အာဆင်နယ် တာဝန်ရှိသူများက ယုံကြည်နေသည်။

ထို့ပြင် အဆိုပါကစားသမားအတွက် ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဝန်းကျင်လောက်သုံးစွဲလျှင်ရီးယဲလ်ဘက်မှ လက်ခံနိုင်ဖွယ်ရှိသည်။ အာဆင်နယ်သည်လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း နာမည်ကြီးကစားသမားဖြစ်သော အိုဇေးလ်၊ ဆန်းချက်ဇ်တို့ကို ဆက်တိုက်ခေါ်ယူနိုင်ခဲ့ရာ ယခုနှစ်အပြောင်းအရွှေ့တွင်လည်း ဘင်ဇီမာကို ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်ချက်မြင့်မားနေသည်။

မေလှဲ့လင်း - စုစည်းသည်။

# ကော့သောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်/ရောင်းဝယ်/သုံးစွဲသူများအား နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်များ ချမှတ်




ဇွန် ၂၆ ရက်တွင်ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

### နောင်ချိုမြို့နယ်

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မေ ၂၁ ရက်က သီပေါဘက်မှနောင်ချိုဘက်သို့ အိုက်ပုမောင်းနှင်ပြီး အိုက်ဆုလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ တစ်ကီလိုနှင့် ဘိန်းစိမ်း တစ်ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် အိုက်ပု (၂၈) နှစ်နှင့် အိုက်ဆု (၁၉)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### ပင်လောင်းမြို့နယ်

မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၃) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ရင်းမှီးတောင်ရွာ ညောင်ပင်အနီးတွင် မေ ၂၁ ရက်က ခွန်နောင် မောင်းနှင်လာသည့် MDY 5E/-----TOYOTA ဖိုးဝိုးမော်တော်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ သိမ်းဆည်းရမိသဖြင့် ခွန်နောင် (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### တာမွေမြို့နယ်

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန် (အရှေ့)မှ တပ်ဖွဲ့ဝင်များသည် မေ ၂၂ ရက်က တာမွေမြို့နယ် နတ်မောက် ရပ်ကွက် ကန်ပတ်လမ်းတွင် ရဲအောင်ကျော် မောင်းနှင်ပြီး မသက်ထက်နိုင် လိုက်ပါလာသည့် 2E/---မာစီဒီး အနက်ရောင်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၂ ပြား သိမ်းဆည်းရမိသဖြင့် ရဲအောင်ကျော် (၃၅)နှစ်နှင့် မသက်ထက်နိုင် (၂၄) နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### တန့်ယန်းမြို့နယ်

တန့်ယန်းမြို့အဝင် ဆိုင်းဘုတ်အနီးတွင် မိုင်းကောင်ကျေးရွာဘက်မှ လားရှိုးဘက်သို့ အိုက်အောင်မောင်းနှင်ပြီး မပါနန်းလိုက်ပါလာသည့် ဆိုင်ကယ်နှင့် အိုက်စိုင်းလျှန်မောင်းနှင်ပြီး မအေးခမ်းလိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးအား ရှာဖွေရာ ဘိန်းစိမ်း ၁၃ ထုပ် စုစုပေါင်း ၁၇ ဒသမ ၅၅ ကီလို သိမ်းဆည်းရမိသဖြင့် အိုက်အောင်(၁၉) နှစ်၊ မပါနန်း (ခ) ပါနု(၄၇) နှစ်၊ အိုက်စိုင်းလျှန် (ခ) အိုက်စိုင်း(၁၉)နှစ်နှင့် မအေးခမ်း (၄၃)နှစ်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မေ ၂၁ ရက်က တန့်ယန်း-လားရှိုးသွားကားလမ်း တန့်ယန်းမြို့အဝင် ဆိုင်းဘုတ်အနီးတွင် မိုင်းကောင်ကျေးရွာဘက်မှ လားရှိုးဘက်သို့ ဆိုင်ကယ်စီးလာသူ အိုက်မြင့်အား ရှာဖွေရာ ဘိန်းစိမ်း ခြောက်ထုပ် (၈ ဒသမ ၁ ကီလို) သိမ်းဆည်းရမိသဖြင့် အိုက်မြင့် (ခ) စိုင်းမောင်မြင့် (၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



**နေပြည်တော် မေ ၂၆**

၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ ရက်က ကော့သောင်းမြို့နယ် ဂျလန်းကျွန်း အနောက်ဘက် မိုင် ၁၄၀ ခန့်အကွာတွင် တွေ့ရှိသော အောင်လင်းထွန်း အမည်ပါ စက်လှေကို ရှာဖွေရာ ပဲ့နင်း ခိုင်မင်းဦးပါအမျိုးသား ၁၅ ဦးနှင့် အတူ အမှန်ခြစ် ✔ အမှတ်အသားပါ ပန်းရောင်နှင့် RN တံဆိပ်ပါ အစိမ်းရောင် Ecstasy ဆေးပြား ၂ ဒသမ ၃၈၅ သန်း ဖမ်းဆီးရမိ၍ ကော့သောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ခရိုင်တရားရုံးက ပြစ်မှုကြီးအမှတ် ၃၄/၂၀၁၄ အရလည်းကောင်း၊ ကွင်းဆက်တရားခံပြေး သုံးဦးအား ပြစ်မှုထွေအမှတ် ၁၃/၂၀၁၄ အရလည်းကောင်း လက်ခံစစ်ဆေးဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေ ၂၅ ရက်က ခရိုင်တရားသူကြီးက တရားခံ ခိုင်မင်းဦးပါ အမျိုးသား၁၅ ဦးနှင့် ကွင်းဆက်တရားခံပြေး စောဘီးလူးပါ အမျိုးသားသုံးဦးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀(က)အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ မူး/စိတ် ပုဒ်မ ၂၀(ခ) အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ပြစ်ဒဏ်သုံးရပ်အား သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

---

# “ကျပ်သိန်းသုံးထောင်ရလိုမှုဖြင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးစိုးထွန်းရှိန် တရားစွဲ” ဆိုသည့် (၂၆-၅-၂၀၁၅) ရက်စွဲဖြင့် ထုတ်ဝေသော Tomorrow News ဂျာနယ်ပါ ကိစ္စရပ်အတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အနူးအညွတ်တောင်းပန်ကြောင်း အသိပေးကြေညာခြင်း

၁။ အဆိုပါဖြစ်စဉ်ဖြစ်ရပ်များမှာ ၂၀၀၆ ခုနှစ်က ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် အာရှကြီးပွားတိုးတက်ရေးထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက် (ယခု အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ)မှ တည်ဆောက်ခဲ့သော တန်(၁၀၀)ဆံ့ အအေးခန်းနှင့် တစ်နေ့ (၁၀)တန်ကျ ရေခဲစက်လုပ်ငန်းအား ဝန်ကြီးဌာနဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းစုလီမိတက်နှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ လွှဲပြောင်းလက်ခံပြုလုပ်ရာတွင် လွှဲပြောင်းပေးသည့်ကုမ္ပဏီဘက်မှ ရရန်ကျပ် (၂၂၉၇)သိန်းနှင့် နစ်နာကြေး (၇၀၃) သိန်း စုစုပေါင်းကျပ်သိန်းသုံးထောင်ရလိုမှုနှင့် လွှဲပြောင်းလက်ခံရယူမည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက်မှ ရရန်ကျပ်သိန်း (၁၅၀၀)ခုနှိမ်ပေးချေမှုအပေါ် မှားယွင်းစွာ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကို မှားယွင်းစွာတရားစွဲဆိုခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းသွားမည် ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အနူးအညွတ်တောင်းပန်ပါကြောင်း အများပြည်သူသိရှိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးစိုးထွန်းရှိန်**
**ဥက္ကဋ္ဌ**
**အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ**

ဆောင်းပါး

# ဖြူစင်စိမ်းလန်း ငြိမ်းချမ်းဝေဖြာ

**ခ လှထွဋ်ဦး**

ကျေးလက်နှင့်မြို့ပြ အကြားအလပ်မရှိ ကျောင်းဝတ်စုံအဖြူအစိမ်းလေးဖြင့် ကျက်သရေရှိလာတော့မည်ဆိုသည့်စာသားလေးယခင်တစ်ပတ် ပညာပဒေသာဂျာနယ် အတွဲ (၄) အမှတ် (၁၇) စာမျက်နှာ (၃) မှာ ဖတ်လိုက်ရသည်။ မူလတန်းအရွယ်ကလေးများ ကျောင်းဝတ်စုံအဖြူအစိမ်းလေးတွေ အခမဲ့ပေးအပ်ရန် နိုင်ငံတော်က စီစဉ်ထားပြီဟု သိရသည်။

တိုင်းဒေသကြီးအချို့မှာ ကျောင်းဝတ်စုံကို အရွယ်အစားလေးမျိုးခွဲပြီး သက်ဆိုင်ရာကျောင်းအုပ်စုအလိုက် ထုတ်ပေးနေသည်ကိုလည်း သတင်းများမှာ တွေ့မြင်နေရပါပြီ။ အရင်နှစ်များက သူငယ်တန်းအရွယ်ကျောင်းသားတစ်ဦးကို ငွေတစ်ထောင်ကျပ်နှုန်း နိုင်ငံတော်က ထောက်ပံ့ခဲ့သည်။ ယခုနှစ် ကုန်ကျစရိတ်က ဝတ်စုံတစ်စုံကို ထောင့်ငါးရာလောက်ရှိတယ်ဟု သိရသည်။ ကျေးလက်ဒေသတချို့တွင် ကျောင်းနေအရွယ်တွေ အဖြူအစိမ်းမဝတ်နိုင်၊ မဝယ်နိုင်ကြသည်ကများသည်။ ဖြစ်သလိုဝတ်စား၊ အိမ်အလုပ်တွေကမန်းကတန်းသိမ်းပြီး ကျောင်းလွယ်အိတ်ခပ်နွမ်းနွမ်းလေးလွယ်ကာ အပြေးအလွှားကျောင်းတက်ရတာ ကျေးလက်ဓလေ့လို့တောင် ဆိုရမလိုဖြစ်နေတာ ကြာခဲ့ပြီ။

အထက်အညာဒေသများ အောက်ပြည်အောက်ရွာများကိုကြည့်ပါက စိမ်းစိမ်းစိုစို ပင်ပျိုအုပ်တွေကြားမှာ အရောင်စုံတို့လွင့်ပြယ်နေသော ဝတ်စုံနွမ်းလေးနှင့် မူလတန်းအရွယ်ကလေးများ ရပ်ဓလေ့၊ ရွာဓလေ့မို့ ပျော်ရွှင်စွာ ကျောင်းသွားနေကြသည်မှာ ခေတ်တွေဘယ်လိုပြောင်းပြောင်း သတိထားဂရုစိုက်မိသူနည်းသည့် မြင်ကွင်းလေးများ ဖြစ်သည်။

"ကျွန်တော်အညာဒေသကို တာဝန်နဲ့ခရီးထွက်တုန်းက အဲဒီဒေသလမ်းတွေဟာ ဖြောင့်တန်းနေတာ မျက်စိတစ်ဆုံးပါပဲ။ ကားပေါ်ကလှမ်းကြည့်ရင် မြင်ကွင်းရှေ့ကလမ်းဟာ အကွေ့အကောက်မရှိသလို ဘေးဘက်မှာဆီးပင်၊ ထနောင်းပင်တွေကခပ်လှမ်းလှမ်းမှာ နေပူထဲထီးထီးကြီးပါပဲ။ ဒါပေမယ့် ကလေးငယ်လေးတွေလေးငါးယောက်ကတော့ တချို့လွယ်အိတ်ကို ခေါင်းဆောင်းလုပ်၊ တစ်ချို့ကပုဆိုးလေးကွင်းသိုင်းပြီး ကျောင်းသွားနေကြတဲ့ပုံကို အခုအထိ မျက်လုံးထဲကမေ့လို့မရဘူး" ဟု မိတ်ဆွေတစ်ဦးက သူတွေ့မြင်ခဲ့ရသည့် ကျေးလက်ကလေးတစ်စု ကျောင်းသွားတဲ့မြင်ကွင်းကို အမှတ်တရပြန်ပြောဖူးသည်။

မြို့ပြတွင် မိဘ၏ ပံ့ပိုးပေးနိုင်မှုနှင့်အတူ ကျောင်းနေအရွယ်ကလေးများ၏ အရောင်အသွေးနှင့် ဘဝအခြေအနေက မိုးလုံလေလုံကျောင်းတော်ကြီးတွင် အေးဆေးစွာ စာသင်ဖို့ ဖန်တီးပေးထားသကဲ့သို့ဖြစ်၏။ တချို့ကျောင်းများတွင် ကိုယ်ပိုင်သတ်မှတ်ထားသောအဖြူ အစိမ်းဝတ်စုံဒီဇိုင်းတွေ ရှိကြတယ်။ ဘယ်အတန်းရောက်ရင် ဘယ်ဝတ်စုံပုံစံ၊ ရင်ဖုံးအင်္ကျီကဘယ်လို၊ ဘယ်နေ့မှာဘယ်လိုဝတ်စုံဝတ်ရမယ်ကအစ စည်းကမ်းသတ်မှတ်ထားကြသည်။ ဝတ်စုံမြင်ရုံနှင့် ဘယ်ကျောင်းကဆိုတာ မြင်သာသည်။ ဘယ်လိုပဲပုံစံဒီဇိုင်းကွဲပြားပါစေ လုံချည်အစိမ်းနှင့် အင်္ကျီအဖြူဆိုတာကတော့ ကျောင်းသွားရင် အတူတူပဲဟု ဆိုရပေမည်။

"ကျွန်မတို့ကျောင်းက မိန်းကလေးကျောင်းပါ။ သူငယ်တန်းအရွယ်ကနေ ငါးတန်းအရွယ်ထိ လုံချည်ဝတ်ခွင့်မပေးပါဘူး။ အပေါ်အင်္ကျီအဖြူနဲ့ စကတ်အတိုဝတ်ရတယ်။ အဲဒါက ကျောင်းကသတ်မှတ်တဲ့ဝတ်စုံပုံစံပါ။ ဆံပင်ကို အရောင်ဆိုးခွင့်မရှိပါဘူး။ အဖိုးတန်လက်ဝတ်ရတနာတွေ မဝတ်ရပါဘူး။ သနပ်ခါးထင်ထင်ရှားရှားလိမ်းခွင့်မရှိသလို အင်္ကျီဆိုရင်လည်း လက်စကနဲ့လက်ရှည်ဝတ်ရမယ့်ရက် သတ်မှတ်ပေးထားပါတယ်။ ကျောင်းကောင်စီအသင်းလိုက်အရောင်၊ ကိုယ်တက်နေတဲ့အတန်းတံဆိပ်နဲ့ ကျောင်းအမည်ကို ရင်ဘတ်မှာကပ်ထားရတယ်။ လက်မောင်းမှာတော့ ကျောင်းတံဆိပ်တပ်ထားရတယ်" ဟု ရန်ကုန်မြို့ရှိ နာမည်ကြီးကျောင်းမှ ကျောင်းတစ်ကျောင်းဖြစ်သည့် လသာအ. ထ. က(၂) တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ ကျောင်းသူတစ်ဦးက ပြောပြသည်။

> ## ကျောင်းဝတ်စုံအဖြူအစိမ်းလေးတွေကို အခမဲ့ပေးလိုက်ခြင်းသည် မိဘရင်ခွင်မှခွဲခါစ ရင်သွေးငယ်လေးတွေကို. .

အဆိုပါကျောင်းမှ အတန်းကြီးကျောင်းသူများအနေနှင့် လက်ရှည်ဝတ်ရမည့်နေ့နှင့် လက်စကဝတ်ရမည့်နေ့များဝတ်မိပါက ကျောင်းတံခါးမှာ တာဝန်မှူးဆရာမ မသိအောင် လွယ်အိတ်နဲ့ကာပြီး အခြားကျောင်းသူတွေအကြား အပြေးအလွှားတိုးဝှေ့သွားရတာလည်း ကျောင်းသူဘဝ အမှတ်တရနေ့လေးတွေဟု ၎င်းကဆိုလာသည်။

"တနင်္လာနေ့နဲ့သောကြာနေ့မှာ လက်ရှည်ဝတ်ရတယ်။ မှားတော့မှားခဲ့ပါတယ်။ တစ်ခါတစ်လေမှားရင်တော့ လွယ်အိတ်နဲ့ကွယ်ပြီး ကျောင်းထဲအပြေးအလွှားဝင်ရတာပေါ့။ အင်္ကျီအဖြူတွေကြားမှာဆိုတော့ သိပ်မသိသာပေမယ့် ဖိနပ်အဖြူတော့သိသာတယ်။ အဖြူရောင်မှာ သဲကြိုးကို ဖန်စီကျောက်တွေတပ်တာတို့၊ ဖိနပ်အမြင့်တို့ကို စီးခွင့်မပြုဘူး။ စလစ်ပါအပါးအဖြူပဲဝတ်ရတယ်။ မှားရင် ကျောင်းအုပ်ဆရာမကြီးရုံးခန်းမှာ လက်မှတ်ထိုးရတယ်။ အထက်တန်းကျောင်းသူဘဝရဲ့ အမှတ်တရနေ့လေးတွေပါပဲ"ဟု သူက ပြောပြသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟု ဆိုကြသည်။ ကျောင်းနေအရွယ်ကစပြီး ကျောင်းစည်းကမ်းထဲ အပါအဝင်ဖြစ်သည့် ကျောင်းဝတ်စုံအဖြူအစိမ်းလေးများကို အခမဲ့ပံ့ပိုးပေးလိုက်ခြင်းသည် မိဘရင်ခွင်မှခွဲခါစ ရင်သွေးငယ်လေးများကို အမျိုးသားစည်းကမ်းမျိုးစေ့လေးတစ်ခု ပေးလိုက်သည်ပဲဟု ဆိုချင်သည်။ ယင်းမျိုးစေ့ကလေးကို မြို့ပြမှာလည်း စိုက်နိုင်သလို ကျေးလက်မှာလည်း စိုက်နိုင်သည်။ အရောင်စုံနွမ်းဖတ်ဖက်ဝတ်စုံလေးတွေ၏ နေရာမှာ ဖြူလွလွအင်္ကျီနဲ့ စိမ်းစိုစိုလုံချည်လေးတွေ နေရာယူတော့မည်။ ခေတ်အဆက်ဆက်မေ့ခဲ့ကြသည့် ကျေးလက်ဒေသမှ မူလတန်းအရွယ်ကလေးငယ်များ ကျောင်းဝတ်စုံအဖြူအစိမ်းတွေနှင့် တွေ့မြင်ရတော့မည်။ ကျေးလက်၏ စိမ်းလဲ့လဲ့လယ်ကွင်းတွေကြားမှာ အဖြူအစိမ်းဝတ် မူလတန်းအရွယ်ကလေးငယ်တို့ ပျော်ရွှင်စွာဖြတ်သန်းရင်း စာသင်ခန်းဆီသို့ သွားကြတော့မည်။ ဟိုဝေးဝေးဆီက လှမ်းကြည့်မိရင် ငွေဖျိုင်းဖြူတွေအလားလယ်ကန်သင်းရိုးပေါ်မှ ဖြတ်သန်းသွားကြမည့် သူတို့ရဲ့ပုံရိပ်ကို မြင်ယောင်နေမိသည်။

ကျောင်းဝတ်စုံသတ်မှတ်ချက်အရောင်(အဖြူနှင့်အစိမ်း) ကို မည်သည့်ခေတ်၊ မည်သည့်ခုနှစ်တွင် မည်သည့်ပုဂ္ဂိုလ်ကသတ်မှတ်ခဲ့သည်ကိုမသိသော်လည်း သူရွေးချယ်ခဲ့သည့် အရောင်များမှာ သူမရှိတော့သည့်တိုင် ထာဝရဖြူစင်စိမ်းလန်းစွာရှိနေဦးမှာဖြစ်သည်။

ကျောင်းဖွင့်ချိန် နေခြည်နုနုအောက်တွင် ရွှေရောင်တောက်နေသော စာသင်ကျောင်းများအတွင်း တစ်နိုင်ငံလုံးရှိ မူလတန်းအရွယ်ကလေးငယ်များကို တူညီဝတ်စုံများဖြင့် မြစိမ်းကျောက်တို့ကြား ပုလဲဖြူတို့ ရောယှက်ထားသည့်နှယ် မြင်တွေ့ရမှာဖြစ်တော့သည်။ ။

## ရွှေဘိုခရိုင် (က.ည.န) မှ ယာဉ်မောင်းသင်လူလိုင်စင်နှင့် ဆိုင်ကယ်လိုင်စင် သက်တမ်းတိုးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေး

**ဝက်လက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ ယဉ်မောင်းသင်လူလိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်းတို့ကို မေ ၂၃ ရက်တွင် ဝက်လက်မြို့ မြို့မကျောင်းတိုက်အတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားရေးမှူးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမာနှင့် ဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဒေါ်ညွန့်ကျင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ပုဂ္ဂလိကမော်တော်ယဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးဇော်တင့်နှင့်အဖွဲ့ဝင်များက ယဉ်မောင်းသင်လူလိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
ADVANCED DIPLOMA IN BUSINESS MANAGEMENT
နှင့်
ADVANCED DIPLOMA IN FINANCE & BANKING
သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ အဆင့်မြင့်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) Advanced Diploma in Business Management (ADBM)
(ခ) Advanced Diploma in Finance and Banking (ADFB)

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး DBM နှင့် DFB အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောဒီပလိုမာအောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး ဇွန်လ (၆)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်း၏ဒုတိယနှစ်နှင့်ညီမျှပြီး BBA ဘွဲ့နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀

Pun Hlaing Golf Estate Avenue,
Hlaing Thayar Township, Yangon, Myanmar
Tel: +95 1 684 321, 684 325, 684 336,
+95 9 4210 42679

Immediate Vacancies for Pun Hlaing Siloam Hospitals

Pun Hlaing Siloam Hospitals have been delivering the international standard quality care and having leading facilities, education and latest equipment and technology. We are planning for further expansion of the existing hospitals and healthcare delivery institutions in Myanmar.
It is a great, once in a life time opportunity to work in a wonderful health care environment with the lasting social, financial, professional and academic impact. We are currently looking for the experienced and dynamic people to join at our hospitals national across Myanmar.
(Fresh graduates are also welcome)

Immediate Vacancies for
- Specialists
- Senior Medical Officers
- Resident Medical Officers
- Staff Nurses (OT, ICU, OPD, Ward, ED, CSD)
- Midwives
- Radiographers
- Pharmacists
- Medical Technologists
- Physiotherapists
- Health Care Assistants
- Chief Engineer
- Chief Cook
- IT Officer
- Financial (Accounts, Cashiers)
- Administrative Secretary
- Human Resources Assistant
- Customer Support Services Assistants

Our hospital will offer a competitive remuneration package and career development opportunities based on experience and ability. Those interested can send their applications in person within two weeks together with their CVs and 2 recent passport photos, copies of relevant certificates, NRC card, Labor registration form, and police station recommendation.
Human Resources Department
email: hr.phlh@spa-mm.com
Only short-listed applicants will receive a reply.

ဖတ်စရာ

# ထန်းလျက်နှင့်ရေနွေးကြမ်းကုသိုလ်ပြုသည့်ရွှေတောင်ထီးတောင်



မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက အဆင်အလာမပျက်ဆင်ပွဲများဆင်နွှဲလာခဲ့သော ယဉ်ကျေးမှုပွဲတော်ရှိသည့် မြို့တစ်မြို့ရှိသည်။ ထိုမြို့မှာ ကျောက်ဆည်မြို့ပင်ဖြစ်သည်။ လယ်တွင်းကိုးခရိုင်အပါအဝင် တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းဘုရားများစွာ တွေ့ရှိဖူးမြော်နိုင်သည့်မြို့ပင်ဖြစ်သည်။ ကျောက်ဆည်မြို့ဝင်သည်နှင့် ဆင်ဖြူတော်နှစ်စီးစီက ကြိုဆိုနေသလိုပင် မြို့လယ်တွင်လည်း ဆင်ဖြူတော်ငါးစီး၊ တောင်ခြေတွင် ဆင်ပြောင်ကြီးနှစ်စီးနှင့် အခြားဆင်ရုပ်များစွာက ကြိုဆိုနေလျက်ရှိနေသည်။ ကျောက်ဆည်ကို ရှေးလူကြီးများဆိုထားသည်က မုဋ္ဌောကိုးဆူ၊ ဂူကိုးဂူ၊ ဆပ်သွားကိုးခု၊ ဆည်ကိုးခု၊ အနော်ရထာမင်းကောင်းမှုဟု ဆိုထားပြီး အနော်ရထာမင်းကောင်းမှုစေတီများစွာရှိသည်ဟု ဆိုထားသည်။

အခြားထင်ရှားသောနေရာများမှာ ရွှေသာလျောင်းတောင်၊ ဝေဘူကျောင်းတိုက်၊ ငြိမ်းချမ်းရေးကျောင်းတိုက်၊ ဝေဘူတောင်တန်း၊ ဆယ်ဆူဘုရား၊ ကကုသန်၊ ကောဏဂုန်၊ ကဿပ၊ ဂေါတမဘုရားရှင်အား ရည်မှန်းပူဇော်ထားသော ဉာဏ်တော်အတောင် ၃၀ ရှိသည့် မဟာမြတ်လေးဆူ၊ ဓာတ်တော်တောင်ဂူဘုရားများ၊ မြင်စိုင်းဘုရားများ၊ လေးမျက်နှာရွှေမုဋ္ဌော၊ ရွှေလှံ့ထောင်၊ မြသိန်းတန်၊ ကျောက်သေတ္တာ၊ ရွှေဂူကြီး စသောသမိုင်းဝင်ဘုရားများကို ဖူးမြော်နိုင်သည်။

ယင်းအတူပင် ကျောက်ဆည်မြို့အနောက်မြောက်အရပ်နှင့် မြောက်အရပ်တွင် ဥတေနမင်းဖွားမြင်သည်ဟုဆိုထားသော မင်းမွေးတောင်၊ ရွှေတောင်ထီးတောင်နှင့် ဘုရားဖူးများ တစ်နှစ်ပတ်လုံးစည်ကားသည့် ရွှေသိမ်တော်မြတ်စွာဘုရားတို့ကိုလည်း ဖူးမြော်နိုင်သည်။

ထိုဘုရားများထဲတွင် တစ်နှစ်ပတ်လုံး ဘုရားဖူးများကို ထန်းလျက်နှင့်ရေနွေးကြမ်း ကုသိုလ်ပြုသည့်နေရာမှာ ရွှေတောင်ထီးတောင်ပင်ဖြစ်သည်။ ရွှေတောင်ထီးတောင်ပေါ်တွင် မြတ်စွာဘုရား ရဟန္တာများစွာဖြင့် ကြွချီလာဟန်၊ သုမေဓာရှင်ရသေ့မှ အလျားမှောက်ကာ တံတားဆောက်ကုသိုလ်ပြုဟန်ပုံတော်များ၊ တောင်ပေါ်အထိအကွာအဝေးတူညီစွာ တည်ထားပုံမှာ အဝေးကပင်မြင်နိုင်သည်။

တော်ပေါ်အထိ လာရောက်ဖူးမြော်ကြသော ဘုရားဖူးများကို တစ်နှစ်ပတ်လုံး ရေနွေးကြမ်း၊ ထန်းလျက်များဖြင့် ဧည့်ခံကုသိုလ်ပြုလေ့ရှိသည်။ တောင်ပေါ်မှ ကျောက်ဆည်မြို့၏ အလှရှုခင်းကို ကြည့်ရှုနိုင်ပြီး အေးမြသောလေနုအေးကို ခံစားရင်း စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်သောနေရာပင် ဖြစ်သည်။ ကျောက်ဆည်ဒေသမှ ကုသိုလ်ရှင်များကလည်း တောင်ပေါ်ရောက်အောင်သွားကာ ထန်းလျက်ကုသိုလ်ပြုသည်များလည်းရှိသည်။ ကျောက်ဆည်နယ်တွင် လှပကာစိတ်ဝင်စားဖွယ်ရာကောင်းသောတောင်၊ တစ်နှစ်ပတ်လုံးထန်းလျက်၊ ရေနွေးကြမ်းတို့ဖြင့်ကုသိုလ်ပြုရာတောင် အဖြစ်ထင်ရှားသည်။ **တိမ်တမန်**

## စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းဆပ်ကော်မတီဝင်များအစည်းအဝေးကျင်းပ

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ မေလနောက်ဆုံးအပတ်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဗဟိုစားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးလှမော်ဦးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအား ပြည်သူလူထုကျန်းမာရေးအတွက် အဓိကအရေးကြီးသဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် ၎င်းက တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို သက်ဆိုင်ရာပညာရှင်၊ စားသုံးသူကိုယ်စားလှယ်များ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သဖြင့် အားလုံးပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဆက်လက်ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးကို သိရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်းနှင့် မကြာသောကာလမှာ စာသင်ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်၍ အသိပညာပေးဆွေးနွေးသွားကြဖို့လိုကြောင်း ၎င်းကဆက်လက်ပြောသည်။

ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များကလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်လာပြီး စားသုံးသူတို့၏ ဘေးအန္တရာယ်ကင်းရှင်းရေး စိတ်ကျေနပ်မှုရရှိစေရေး၊ အာမခံမှုပေးနိုင်သော အရည်အသွေးမြှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွတ်တတ်စေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဦးလှမော်ဦးကဆက်လက် ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအတွင်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီဝင်များ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များမှ မိမိတို့တိုင်းဒေသကြီးအတွင်း စားသုံးသူရေးရာကိစ္စများနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်အခြေအနေ ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြပြီး သိလိုသည်များကို မေးမြန်းရာ ဗဟိုကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့မှ ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

စားသုံးသူအကာအကွယ်ပေးရေးကို မိမိတို့မိသားစုမှတဆင့် ပတ်ဝန်းကျင်အဆင့်ဆင့်သို့အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ **(ကြေးမုံ)**

## ပြည်သူများ၏ကျန်းမာရေးအခမဲ့ကုသ

**မော်လမြိုင်ကျွန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများ၏ကျန်းမာရေးအား အဖြူရောင်နှလုံးသားအခမဲ့ဆေးကုသရေးအဖွဲ့က ဆေးကုသပွဲကို မေ ၂၃ ရက် နံနက် ၈ နာရီက ညီမာရုံမင်းကျောင်းတိုက်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းအခမဲ့ဆေးကုသပွဲတွင် အရိုးအကြောအထူးကုဆရာဝန်ကြီးနှင့်အတူ အဖြူရောင်နှလုံးသားအဖွဲ့တာဝန်ခံ ဆရာဝန်ဒေါက်တာပြည့်စုံခန့်နှင့်အဖွဲ့တို့က လူနာတစ်ဦးချင်းအား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးကုသပေးကြသည်။

ဆေးကုသမှုခံယူကြသော လူနာပေါင်း ၈၁ ဦးတို့အား ဆေးဝါးကုသပေးရာတွင် အဖြူရောင်နှလုံးသားအခမဲ့ဆေးကုခန်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့်အမှုဆောင်များက မြို့နယ်ရှိလူနာများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**






# vlv;oly;pmrsm; -15

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

jr oef; wif



**လန်ဒန်၊ ဇန်နဝါရီ ၁၅ ရက်၊ ၁၇၄၈ ခုနှစ်။**

**လူလေး**

နောက်တစ်နှစ်အတွက် ဖေဖေ့ကို နှစ်သစ်ကူးလက်ဆောင်ပေးမယ်ဆိုလို့ ဝမ်းသာတယ်။ အဖိုးထိုက်တန်တဲ့ လက်ဆောင်ပေးလေလေ ဖေဖေကလည်း ကျေးဇူးတင်လေလေ ဖြစ်ရမှာပေါ့။ ဘာလက်ဆောင်ကို ပေးမလဲဆိုတာ ကတော့ မင်းအပေါ်မှာတည်တယ်။ နှစ်တိုင်း ဖေဖေအလိုချင်ဆုံး လက်ဆောင်ကတော့ စာအုပ်တစ်အုပ်အသစ်ပြန်ရိုက်သလို မင်းတစ်ယောက် လူသစ်ဖြစ်လာရေးပဲ။ အဲဒီစာအုပ်ဟာ ပိုပြီး အကျအပေါက်နည်း ရမယ်။ ပိုပြီး အရွယ်ပမာဏကြီးလာရမယ်။ ပိုပြီး အမှားတွေကိုပြင်ဆင်ထားတာဖြစ်ရမယ်။

မင်းကဘုရင်ရဲ့ တရားရုံးတော်မှာလည်း တရားသူကြီးမလုပ်ချင်၊ အင်္ဂလန်မှာလည်း ရာထူးဂုဏ်ထူးတွေ မလိုချင်ဆိုတော့ တက္ကသိုလ်တစ်ခုခုမှာ ဂရိစာပေပါမောက္ခကော မလုပ်ချင်ဘူးလား။ အဲဒီအလုပ်ကတော့ ဂုဏ်လည်းရှိတယ်။ ဂရိစာပေကိုလည်း ဒီလောက် ကျွမ်းကျင်စရာ မလိုဘူး။ (မင်းမှာ ရှိထားတာလောက်နဲ့ ဖြစ်ပြီလို့ ဖေဖေယူဆတယ်။) ဒါကိုမှ မကြိုက်သေးဘူးဆိုတော့ ဖေဖေအနေနဲ့ ဘာကို အကြံပေးရမှန်းတောင် မပြောတတ်တော့ဘူး၊ ဒါကြောင့်မို့ မင်းအနေနဲ့ ဘယ်လို အလုပ်မျိုးကို လုပ်ချင်သလဲဆိုတာ ဖေဖေသိချင်တယ်။

ဒီအချိန်ဟာ ကိုယ်ဘယ်ပန်းတိုင်ကို သွားမယ်ဆိုတာ သတ်မှတ်ရမယ့် အချိန်၊ လုပ်စရာရှိတာကို လုပ်ရမယ့် အချိန်ဖြစ်တယ်၊ မစ္စတာဟာတီ ပြောပြသလောက်ဆိုရင်တော့ မင်းဟာ နိုင်ငံရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ဖို့ မျှော်မှန်းနေတယ်လို့ သိရတယ်။ ဒီအတိုင်းမှန်ရင် ဖေဖေနေရာမှာ ဆက်ခံပြီး ဝင်လုပ်ရုံပေါ့။

မင်းလုပ်ချင်တယ်ဆိုရင ဖေဖေနှုတ်ထွက်ပြီး မင်းကို အချိန်မရွေး လွှဲပြောင်းပေးဖို့ အဆင်သင့်ပဲ။ ဒါပေမယ့် အဲဒီလို နိုင်ငံရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ချင်ရင် လိုအပ်တဲ့ အသေးအဖွဲကလေးတွေကိုတော့ ပြင်ဆင်ထားရလိမ့်မယ်။

ဒီလိုဖြစ်ဖို့ အတွက် ရှေးဟောင်း သမိုင်းနဲ့ ခေတ်သစ်သမိုင်းတို့အပြင် ဘာသာစကားများကို ကျွမ်းကျင်ဖို့လိုလာလိမ့်မယ်။ လူမျိုးတိုင်းရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံတွေ၊ အုပ်ချုပ်ရေးစနစ်တွေ၊ ရှေးဟောင်းနဲ့ ခေတ်သစ် အင်ပါယာနိုင်ငံကြီးတွေ ပေါ်ထွန်းလာပုံနဲ့ ပျက်စီးပြိုလဲသွားပုံတွေ၊ အဲဒီလို ပေါ်ထွန်းလာပုံနဲ့ ပျက်စီးသွားရတဲ့ အကြောင်းရင်းတွေ၊ တိုင်းပြည်တွေရဲ့ အင်အားတွေ၊ ကြွယ်ဝမှုတွေ၊ ကူးသန်းရောင်းဝယ်မှုတွေ။ ဒါတွေကို သိဖို့လိုလိမ့်မယ်။

ဒီအရာတွေဟာ သေးဖွဲတယ်လို့ထင်ရပေမယ့် နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ကောင်းကောင်းသိဖို့လိုတယ်။ ဒါကြောင့်မို့ အဲဒီအကြောင်းအရာတွေကို မင်းလေ့လာလိမ့်မယ်လို့ မျှော်လင့်တယ်။

နိုင်ငံခေါင်းဆောင်လုပ်တဲ့နေရာမှာ အခြားသော အရံအရည်အချင်းများလည်း လိုသေးတယ်။

အဲဒီအရည်အချင်းတွေကို ရအောင် မင်းအားလပ်တဲ့အချိန်မှာ ကြိုးစားလေ့လာထားပါ။

အဲဒီအရည်အချင်းတွေကတော့ မိမိရဲ့ စိတ်ကို ထိန်းချုပ်နိုင်ခြင်းပဲ။ ဘာအကြောင်းနဲ့ပဲ ဖြစ်ဖြစ် စိတ်လိုက်မာန်ပါမဖြစ်ဖို့ အရေးကြီးတယ်။ နောက်အရည်အချင်း တစ်ခုကတော့ စိတ်ရှည်ခြင်းပဲ။ အနှစ်မရှိတဲ့၊ သေးဖွဲတဲ့၊ လျော်ကန်ခြင်းမရှိတဲ့၊ ကျိုးကြောင်းညီညွတ်ခြင်းမရှိတဲ့စကားတွေကို စိတ်ရှည်စွာ နားထောင်နိုင်ရမယ်။

ဒီလိုနားထောင်ပြီး တစ်ဖက်သားကို စိတ်ထိခိုက်ခြင်းမရှိစေဘဲ ငြင်းပယ်တဲ့စကားကို ဆိုတတ်ရမယ်။ လိုက်လျောရင်လည်း တစ်ဖက်သားအနေနဲ့ အလေးအနက်ခံယူသွားအောင် ပြောတတ်ရမယ်။

နောက်တစ်ချက်ကတော့ ကျွမ်းကျင်လိမ္မာမှု၊ မုသားပြောဆိုခြင်းမရှိဘဲ အမှန်တရားတစ်ခုကို ဖုံးကွယ်နိုင်တဲ့ ကျွမ်းကျင်မှုမျိုးရှိရမယ်။ နောက်တစ်ခုက အခြားသူများရဲ့ မျက်နှာအမူအရာကို ဖတ်တတ်တဲ့ ထိုးထွင်းပါးနပ်မှုရှိရမယ်။

နောက်တစ်ခုက မင်းရဲ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို တစ်ခြားလူမသိနိုင်အောင် ဖုံးကွယ်ထားနိုင်တဲ့ တည်ငြိမ်မှုမျိုးရှိရမယ်။ သဘောကတော့ အပြင်ပန်းအားဖြင့် ပွင့်လင်းပြီး တကယ်အမှန်အားဖြင့် သီးသန့်ဖြစ်နေရမယ်။ ဒီအရည်အချင်းတွေကတော့ နိုင်ငံရေးသမားတစ်ယောက်ဖို့ မရှိမဖြစ်တဲ့ အရည်အချင်းတွေပဲ။

❖ ❖ ❖

**လန်ဒန်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၇၄၈ ခုနှစ်။**

**လူလေး**

မင်းရဲ့ နောက်ဆုံးစာထဲမှာ လိုက်ပဇစ်မှာ အချိန်ကို ကောင်းစွာအသုံးချခဲ့ကြောင်း ဖော်ပြထားတဲ့အတွက် ဖေဖေဝမ်းသာတယ်။ ဒီအတိုင်းပဲ အကျိုးရှိအောင်နေပါ။ ဒီလိုသာ အချိန်ကို မှန်ကန်စွာအသုံးချသွားတတ်ရင် နောင်နှစ်နှစ်လောက်အတွင်းမှာ မင်းဟာ အရွယ်တူတွေထက် သာသွားမှာပဲလို့ ဖေဖေယုံကြည်တယ်။ ဖေဖေမေးထားတဲ့ ဂျာမန်စကား နှစ်လုံးတို့ရဲ့ အဓိပ္ပာယ်ကို ရှင်းပြတဲ့အတွက် ကျေးဇူးတင်တယ်။

ဖေဖေအကြံပေးချင်တာကတော့ ဂျာမန်စကားကောင်းတတ်ချင်ရင် ကိုယ့်အစေခံအဖြစ် ဂျာမန်စကားတစ်ခုတည်းကိုသာ ပြောတတ်တဲ့ ဂျာမန်အစေခံကို ငှားထားရင် အကောင်းဆုံးပဲထင်တယ်။ ဒီလိုဆိုရင် ဂျာမန်စကားကို ကောင်းကောင်းကျွမ်းကျင်သွားမှာ သေချာတယ်။ ဒါပေမယ့် ဘယ်လိုအစေခံကိုပဲငှားငှား အစေခံကိုသူဝတ်ရမယ့် တူညီဝတ်စုံကို အမြဲဝတ်ဆင်ပါစေ။ အစေခံတွေမှာ အစေခံတွေဝတ်ရမယ့် တူညီဝတ်စုံမပါရင် တော်တော်အကြည့်ရဆိုးတယ်။ ပြီးတော့ အသုံးလည်း မတည့်ဘူး။

မင်းက နောက်ထပ် အစေခံတစ်ယောက်ငှားလိုက်ရင် လက်ရှိအစေခံက သူ့ကို အစေခံတူညီဝတ်စုံမဝတ်ဘဲ နေခွင့်ပေးဖို့ မင်းကိုတောင်းဆိုလိမ့်မယ်။ ဘဏ္ဍာစိုးကလည်း အလားတူတောင်းလိမ့်မယ်။ သဘောကတော့ သူတို့အနေနဲ့ မင်းကို ဆံပင်ဖြီးချင်ဖြီးလိမ့်မယ်။ မုတ်ဆိတ်ရိပ်ချင်ရိပ်ပေးမယ်။ ဒါလောက်ပဲလုပ်မယ်။ တစ်ခြားအလုပ်တွေကိုတော့ မလုပ်နိုင်တော့ဘူးဆိုတဲ့ သဘောပဲ။ ဒါကြောင့်မို့ မင်းကို သတိပေးချင်တာက ဘယ်အစေခံကိုပဲဖြစ်ဖြစ် အသစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ အစေခံတူညီဝတ်စုံကို မချွတ်ပါစေနဲ့။

မိုးရေထဲမှာ ဖုံတွေထဲမှာ မင်းကို အဝတ်အစားလဲပေးဖို့၊ ရထားနောက်ကွယ်မှာ မင်းကို အဝတ်အစားလဲပေးဖို့၊ ကုလားထိုင်မှာ ထိုင်ရင်းက မင်းကို အဝတ်အစားလဲပေးဖို့ အစေခံတစ်ယောက်ကို ခေါ်သွားရတာဟာ နေရာတကာမှာ မသင့်လျော်ဘူးဆိုတာမင်းသိပါတယ်။

ဒါပေမယ့် မသင့်လျော်သည့်တိုင် လိုအပ်လာရင် ဒီအလုပ်တွေကို လုပ်ပေးဖို့အတွက် အစေခံကိုတော့ တူညီဝတ်စုံကို အမြဲဝတ်ခိုင်းထားရမယ်။

မွန်စီယာနဲ့ မဒမ်ဖလင်းမင်းတို့နဲ့ တွေ့တယ်။ မင်းကို ချီးမွမ်းကြတဲ့အတွက် ဖေဖေဝမ်းသာတယ်။

အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့တယ်လို့ ပြောကြတဲ့အတွက် ဖေဖေပိုပြီးဝမ်းသာရတယ်။ ဖေဖေစိတ်ထဲမှာ ဒီလောက်မှ ယဉ်ကျေးသိမ်မွေ့ပါ့မလားလို့ သံသယဖြစ်နေခဲ့တာ ခုလိုကြားရတော့ ပိုပြီး ဝမ်းသာတာပေါ့။

မဒမ်ဖလင်းမင်းကဆိုရင် မင်းဟာ ရှက်ကိုးရှက်ကန်း မဖြစ်တတ်ဘူးတဲ့။ အေးအေးဆေးဆေး သက်သက်သာသာပဲတဲ့။

အဲဒီအချက်ကတော့ မင်းတို့အရွယ် အင်္ဂလိပ်လူမျိုးတစ်ယောက်အတွက် အရေးကြီးဆုံးပါပဲ။

ဖေဖေလည်း မနက်ဖြန်မှာ ဘာ့သ်ကိုသွားမယ်။ တစ်လလောက်တော့ကြာလိမ့်မယ်ထင်တယ်။ ဖေဖေ့အဖို့တော့ ပိုကောင်းသွားတာပေါ့။ အလုပ်တာဝန်တွေက အနားရပြီးတဲ့နောက်မှာ အေးအေးဆေးဆေး နေခွင့်ရသွားတာပေါ့။

အဲဒီရောက်ရင် ဖေဖေဆီက စာတွေဒီထက်များများ ဖတ်ရလိမ့်မယ်ထင်တယ်။

**မင်္ဂလာညပါ။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

ဆုံသစ္စာ
Ph: 09731 74066
095504667

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

ဘာကြောင့် ရန်ကုန်လမ်းညွှန် မှာ ကြော်ငြာသင့်တာလဲ
1 IN 3 PEOPLE USE IT IN YANGON
135,000 COPIES
EVERYWHERE U NEED WEB | MOBILE | PRINT
The YANGON DIRECTORY
NO.1 DIRECTORY IN MYANMAR
SALES: 01-250 700 www.yangondirectory.com
ဘာပဲလိုလို ?

PUN HLAING HOSPITAL
Call us 684433
ထင်နှင့်ထင့်မီထားစုဖွဲ့တယ် လက်ကွက်မခံထင်ထော အခွင့်အရေး
15 March ~ 15 June

| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ၊ မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်၊ မမှန်စစ်ဆေးခြင်း (Hip & Club Foot) | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာ စစ်ဆေးခြင်း (PSA) | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားဓါတ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်း (Hep B Screening) | 9,900 ks |

Amazing Price
ပန်းလှိုင်ဆေးရုံ တွင်သာ
LIKE US ON facebook Pun Hlaing Hospital
အရှိုးပွဲမှုတိုင်းတာခြင်းကိုအခမဲ့

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" ဒေါ်ဒေါ်ရော မမကြိုင်ရော ခိုင်နဲ့ လှိုင်ကို သိပ်အလို မလိုက်ကြပါနဲ့။ အခု မြင်ပြီ မဟုတ်လား "

ဒေါ်လှယဉ်သည် ရိုးအစွာဖြင့် ကျွန်တော့်ထံ စုံစမ်းသည်။

" မောင် . . . အဲဒါ ဘာဖြစ်ကြတာလဲ "

" ဘာဖြစ်တယ်ဆိုတာ ဒေါ်ဒေါ် မြင်သားပဲ။ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့် ဘာမှ ရှေ့ဆက်မဖြစ်ကြပါစေနဲ့ . . . " ကျွန်တော်သည် ခြံတွင်းသို့ ထွက်လာခဲ့သည်။

ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသထွက်နေမှန်း ရိပ်မိသည်။ ဤဒေါသသည် မည်သူ့ထံ ဦးတည်နေသနည်း။ ဤသည်ကိုမူ ကျွန်တော် မသိ။

ကြိုင်သည် ကျွန်တော့်နောက်ပါးမှ လိုက်လာ၍ ခုံတန်းထက်၌ ထိုင်သည်။ ကြိုင်၏ အေးချမ်းသော မျက်နှာကို မြင်ရသောအခါ ကျွန်တော် စိတ်အတန်ပြေသွားသည်။

ဘာစကားက စ,ရမှန်းမသိ၍ ပြောမိပြောရာ ပြောမိသည်။

" မမကြိုင်ကော မီးပွဲ လျှောက်မကြည့်ဘူးလား "

ကြိုင်က သူ့လက်တွင် ပတ်ထားသော စိပ်ပုတီးကို ပြသည်။

"မမကြိုင် ဥပုသ်ယူထားတယ် . . . ။ ဒါထက် မောင်ကကော ဘာလို့ လျှောက်မလည်လဲ "

" မောင် လာတုန်းကတော့ လျှောက်လည်ဖို့ပဲ မမကြိုင် . . . ။ လျှောက်လည်တယ်ဆိုတာ မမကြိုင် မှတ်မိသေးလား။ မောင်တို့ငယ်ငယ်က သန်လျင်မှာမီးပွဲ လျှောက်ကြည့်တာလေ "

ကြိုင်၏ မျက်နှာမှာ မသိမသာ ရဲသွားပြန်၏။ ဘာကို သွားသတိရသည်မသိ၊ အတန်ကြာမှသက်ပြင်းလေးရှိုက်လိုက်ပြီး ဆိုသည်။

" အခုလည်း . . . မောင် ဘာလို့ လျှောက်မကြည့်လဲ. . . ။ ပျော်စရာကြီးပဲ . . . "

"မမကြိုင်က ဘာကို ပျော်စရာကြီးလို့ ဆိုတာလဲ။ ရန်ကုန်မီးပွဲနဲ့ သင်္ကြန်ကို မောင်သိပ်စိတ်ပျက်တယ်။ နောက်တာတွေက လွန်တယ်။ ပျော်တာထက် ပျက်တာက များတယ်။ သီတင်းကျွတ်အဓိပ္ပာယ်၊ တန်ဆောင်တိုင် အဓိပ္ပာယ်၊ သင်္ကြန် အဓိပ္ပာယ်တွေ တစ်ခုမှ မရှိတော့ဘူး " ကြိုင်သည် ပြုံး၍ ကျွန်တော့်ကို စိုက်ကြည့်သည်။ ဘာကြောင့် ကြိုင်သည် ဤအပြုံးမျိုးကို ပြုံးနိုင်သနည်း။ ပြုံးနိုင်ရသနည်း . . . ။

ကြိုင့်အပြုံးသည် ဆွေးမြေ့သည်။ နားလည်သည်းခံသော အပြုံးလည်းဖြစ်သည်။ သနားကြင်နာသော အပြုံးလည်း မည်၏။

"ဒါဖြင့် မောင် . . . ဘာလို့ ခိုင်နဲ့ လှိုင်ကို မတားသလဲ "

" ကျွန်တော် ဘာကြောင့် တားရမလဲ . . . ။ ခိုင့်ကိုကော လှိုင့်ကိုကော ကျွန်တော် ပိုင်တာမှ မဟုတ်ဘဲ။ တားလို့ ဖြစ်ပါ့မလား "

ကြိုင်သည် ပြုံးပြန်၏။ ကျွန်တော် သည်းမခံနိုင်သော အပြုံးကို ပြုံးပါသည်။

" မမကြိုင် အဲဒီလို မပြုံးပါနဲ့ဗျာ . . . ။ မောင်ဟာ . . . ပြုံးစရာ၊ ရယ်စရာ ဖြစ်နေသလား "

ကြိုင်သည် နေရာမှ ထသည်။ ဖြူဝင်းသွယ်ပျောင်းသော သူ့လက်များဖြင့် ကျွန်တော့်ပုခုံးကို ကိုင်၏။

"မမကြိုင် ပြုံးမိတာ ခွင့်လွှတ်ပါ မောင် . . . ။ မမကြိုင် မပြုံးရင် ဘာလုပ်ရမလဲ။ မောင့်လိုပဲလိုက်ဒေါသထွက်ရမလား။ ဒါမှမဟုတ် ငိုနေရမလား . . . "

ကျွန်တော်က ကြိုင့်ကို အံ့သြစွာ ပြန်ကြည့်မိသည်။ ကြိုင့်မျက်လုံးများ၌ အရောင်တို့ လဲ့နေသည်။ ဝန်းဝိုင်းသော မျက်ရည်များပေလော မသိ။ ကြိုင်က အေးချမ်းစွာ ဆိုသည်။

" မောင်ရယ် . . . သိပ်ပြီး စိတ်ခုတ်မကြီးပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကံကြမ္မာနဲ့ လောကဆိုတာက စိတ်ခုတ်ကြီးတဲ့လူတွေကို သရော်လှောင်ပြောင်တတ်တယ်။ လူဆိုတာ ခက်သားပဲ။ ပိုင်တာကို မပိုင်ထင်တယ်။ မပိုင်တာကို အပိုင် ထင်တတ်တယ်။ ရှိတာကို မရှိထင်တယ်။ မရှိတာကို အရှိထင်တယ်။ ထင်တာတွေ လွဲမှ ငိုရ ရယ်ရမှန်း မသိ ဖြစ်တတ်တယ်။ ငိုတာထက်စာရင် ရယ်နိုင်တာ အနည်းဆုံး ပြုံးနိုင်တာ အကောင်းဆုံးထင်တယ် မောင် . . . "

ကြိုင်သည် ဤမျှသာ ဆို၍ အိမ်တွင်းဝင်သွားသည်။ ခြံတွင်း၌ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်သည်။

ကြိုင်သည် သဘာဝတ္တဗေဒပညာ မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ် သီးဆစ် (ဋီကာ)ကို ရေးနေသူဖြစ်သည်။ သူ့ဋီကာ၏ နိဒါန်းနှင့် နိဂုံးကို ပြောသွားလေသည်လား မသိ။

ညဉ့်ဆယ့်တစ်နာရီထိုးကာနီးမှ ခြံဝသို့ ဂျစ်ကားတစ်စီး အပြင်းမောင်းနှင် ဆိုက်ကပ်လာသည်။

ဂျစ်ကားပေါ်ရှိ လူအားလုံး တုန်ယင်ချောက်ချားနေကြသည်။ ခိုင်က အရင် ပြေးဆင်းလာပြီး ကျွန်တော့်ကို အရင် ဖက်ငိုသည်။

ရုတ်တရက် ကြောင်နေမိပြီးမှ ကျွန်တော်က ခိုင့်ပုခုံးကို ကိုင်လှုပ်၍ မေးရ၏။

" ခိုင် ဘာဖြစ်တာလဲ၊ ပြောစမ်း . . . မောင့်ကို ပြောစမ်း . . . "

ခိုင်က မဖြေ။ တသိမ့်သိမ့်သာ ရှိုက်ဖိုငိုကြွေးနေသည်။

ခိုင့်လက်များက အေးစက်နေသည်။ ကျွန်တော့်ကို ဆုပ်ကိုင်ထားဟန်မှာ ရေနစ်သူတစ်ဦး၏ ဆုပ်မိဆုပ်ရာ သဏ္ဌာန် ပေါ်နေသည်။

ကျွန်တော်က ခိုင့်ကို ငုံ့ကြည့်မိသည်။

" အို . . . "

ခိုင့်အင်္ကျီတွင် ရဲရဲနီသော သွေးတို့ စွန်းထင်းလျက် ရှိနေ၏။

" ခိုင် . . . ခိုင် . . . "

ကျွန်တော်က ထိတ်လန့်တကြား အော်သည်။ ခိုင်က မလှုပ်။ ကျွန်တော်သည် ခိုင့်ကိုယ်လေးကို ပွေ့ချီယူမိသည်။ ခိုင် သတိလစ်နေလေပြီတကား။

ခိုင့်ကို ပွေ့ရင်း ကျွန်တော်က ကျန်လူများကို လှမ်းကြည့်မိသည်။ ဤလူများအနက် ငြိမ်းမောင် မပါ။

ကျွန်တော်က မျိုးဆွေဆိုသူအား လှမ်းမေးသည်။

" နေပါဦး၊ ဘာဖြစ်လာကြတာလဲ၊ အသေကြီးတွေလို ငြိမ်မနေကြစမ်းနဲ့။ ပြောကြစမ်းပါဦး ငြိမ်းမောင်ကော "

ပထမဦးဆုံး ဆိုသူမှာ လှိုင်ဖြစ်သည်။

" ကို . . . ကို . . . မောင် . . . အစ်ကိုငြိမ်းမောင်ရယ် . . . အစ်ကိုငြိမ်းမောင်ရယ် . . . "

လှိုင်က စကားမဆုံးဘဲ မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုကြွေးတော့သည်။

ကြိုင်နှင့် ဒေါ်လှယဉ် ထွက်လာသည်။ ကျွန်တော်သည် သတိလစ်လျက်ရှိသော ခိုင်အား ကြိုင်နှင့် ဒေါ်လှယဉ်ဆီ လွှဲပေးပြီး မျိုးဆွေ၏ အင်္ကျီရင်ဘတ်ကိုဆွဲလျက် မေးသည်။

" ဟေ့လူ ဘာဖြစ်လာတာလဲ၊ ပြောလေဗျာ "

ထိုအခါမှ မျိုးဆွေသည် လှုပ်ရှားလာသည်။

" ဟို . . . ဟို . . . ငြိမ်း . . . ငြိမ်းမောင် . . . ။ ဆေးရုံမှာ ထားခဲ့ရတယ် "

ကျွန်တော်သည် မျိုးဆွေ၏ ရင်ဘတ်ကို ပိုတင်းအောင် ဆုပ်၍ ဆောင့်မေးသည်။

" ဘာလို့ ငြိမ်းမောင် ဆေးရုံရောက်ရတာလဲ။ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ " မျိုးဆွေသည် ပင်ပန်းမောဟိုက်စွာနှင့် ကျွန်တော့်ကို မျက်လုံးအပြူးသား ကြည့်နေသည်။

ကျွန်တော်က တင်းကျပ်စွာ ဆွဲထားသော လက်ကို ဖြေလိုက်၏။

ထိုအခါ မျိုးဆွေက လေကို အငမ်းမရ ရှူရှိုက်လိုက်ပြီး စကား စ,ပြောသည်။

"ကျွန်တော်တို့နဲ့ တင်မောင်ညွန့်တို့ကား ဘုတ်ကလပ်နား သွားဆုံတယ်။ သူတို့ နောက်ကြတယ်။ ကျွန်တော်တို့ သည်းခံပါသေးတယ်။ နောက် ကားပေါ် ဗျောက်အိုးကျလာတယ်။ အဲဒီတော့ ရန်ဖြစ်ကြတယ်။ ငြိမ်းမောင်ကတော့ ဝင်တားတာပဲ။ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သွားတုန်း ဘယ်သူ့လက်ချက်မှန်း မသိဘူး။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09 43334111 01-682844
09 43334222 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

VALUESTAR
EDUCATION CENTRE
Building a Brighter FUTURE
English Language
• General English
• Spoken English
• Business English

VALUESTAR
EDUCATION CENTRE
• Revit (Archi & Structure)
• Auto CAD (Inter & Advanced)
• Civil Project Training
• Estimate
• Etabs & Safe
• 3ds Max

◆ World Class Engine Oil "HANA Plus"
◆ ကမ္ဘာ့အဆင့်မီ အင်ဂျင်ဝိုင် "ဟာနာ ပလပ်စ်"
Save Your Engine
Save Your Money
"HANA Plus"
HANA PLUS
ISO - 9001/14001
Korea patent Number - 10-1336294
Phone : 09-977998881, 09-977998882, www.hanarokmmyanmar.com



# နတ်တလင်းတွင် ယခုနှစ် ငရုတ်စိုက်ရာသီ၌ စိုက်ပျိုးသူများပြားလာ



**နတ်တလင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တာကျိုး၊ ချောင်းကမ်း၊ ညောင်ငုတ္တို၊ ကျွဲသေ၊ ဘုရားထု၊ ချောင်းခွ စသည့်ကျေးရွာများတွင် ပြီးခဲ့သည့်ငရုတ်သီးပေါ်ရာသီ၌ ဈေးကောင်းရသဖြင့် ယခုနှစ် ငရုတ်စိုက်ပျိုးရာသီတွင် ငရုတ်စိုက်တောင်သူများ များပြားလာကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူတစ်ဦးဖြစ်သူ ချောင်းကမ်းရွာမှ ကိုနိုင်လင်းအောင်က "မနှစ်က ဈေးကောင်းရထားတော့ အခုနှစ်မှာ စိုက်တဲ့သူများလာပါတယ်။ တချို့တောင်သူတွေဆိုရင် လေးကျိုး၊ ငါးကျိုးလောက် တိုးချဲ့စိုက်ပျိုးလာကြတယ်။ လာမယ့်ငရုတ်ပေါ်ချိန်မှာ ဈေးကောင်းရမှာကို မျှော်လင့်ပြီး စိုက်ပျိုးနေကြတာပါ။ ဒီဒေသတွေမှာစိုက်ပျိုးကြတဲ့ ငရုတ်မျိုးက ညောင်ရမ်းဆိုတဲ့အတောင့်ရှည်မျိုးနဲ့ မိုးထောင်မျိုးပဲ အစိုက်များကြတယ်။ မိုးထောင်မျိုးက အတောင့်ပုတယ်။ ရောင်းဈေးကြတော့လည်း ညောင်ရမ်းငရုတ်သီးဈေးထက် ဈေးနည်းတယ်။ နွေရာသီနဲ့ မိုးရာသီ စပ်ကူးမတ်ကူးကာလမှာ အလုပ်သမားတွေအတွက်လည်း တစ်နေ့လူတစ်ယောက်ကို မနက် ၆ နာရီက မနက် ၁၀ နာရီထိ ငရုတ်ပင်စိုက်လိုက်ရင် တစ်ထောင်ကျပ်ရတယ်။ မွန်းလွဲ ၁ နာရီကနေ ညနေ ၄ နာရီထိကို တစ်ထောင်ကျပ် တစ်ရက်ကိုနှစ်ထောင်ကျပ်ပေးရတယ်။ ကောက်စိုက်သလိုမျိုး မပင်ပန်းဘူး။ သက်သက်သာသာနဲ့ရတာပါ။ တချို့ကြတော့လည်း ကိုင်းသမားအချင်းချင်း လက်စားစိုက်ကြတယ်။ များသောအားဖြင့်တော့ အငှားစိုက်ကြတာများပါတယ်" ဟုပြောပြသည်။

**(၀၇၁)**

# မူဆယ်၌ သုံးဘီးဆိုင်ကယ်မောင်းသူများ အဆင်ပြေ

**မူဆယ် မေ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်၌ မြို့နယ်အချင်းချင်း ကုန်စည်ကူးသန်းနေသော ကုန်သည်များကြောင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူများမှာ တွက်ခြေကိုက်၍ အဆင်ပြေကြောင်း သိရသည်။

မူဆယ်မြို့တွင် နေ့စဉ် တရုတ်ပြည်မထဲမှထွက်ရှိသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း တင်ပို့ရောင်းဝယ်နေကြသည့် ကုန်သည်ပွဲစားများမှာ အဆိုပါသုံးဘီးဆိုင်ကယ်ကို အသုံးပြု၍ ကုန်များတင်ဆောင်ခြင်းကြောင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူများမှာ ပို၍အလုပ်ဖြစ်လာကြောင်း ယင်းတို့က ပြောသည်။

"နေ့စဉ် ဝင်ငွေကျပ် ၁၀၀၀၀ ကျော်လောက် ရပါတယ်။ မကွေးမြို့နယ်ကနေ မူဆယ်လာရောက်ပြီး သုံးဘီးဆိုင်ကယ်မောင်းတာပါ။ ကျွန်တော်တို့ မကွေးမြို့နယ်မှာဆိုရင် နေ့စားအလုပ်သမားတစ်ဦးကို ငွေကျပ် ၃၀၀၀ ရဖို့ဆိုတာ မလွယ်ကူပါဘူး။ မူဆယ်မြို့မှာ တစ်မြို့နယ်ကနေ တစ်မြို့နယ်ကို နေ့စဉ် ကုန်စည်ကူးသန်းနေတဲ့ ကုန်သည်ပွဲစားတွေ ပေါများသလို တရုတ်ပြည်နယ်နဲ့နီးတော့ သုံးဘီးဆိုင်ကယ်မောင်းနေသူအားလုံး အဆင်ပြေကြပါတယ်။

'အခုဆိုရင် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ လမ်း၊ တံတားတွေကို ဒေသဖွံ့ဖြိုး တိုးတက်ဖို့ ရှေးရှုပြီး အထူးအလေးထားဆောင်ရွက်ပေးနေလို့ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေ နေ့စဉ် မိသားစုစားဝတ်နေရေးအတွက် ငွေရှာရတာ လွယ်ကူပါတယ်" ဟု အဆိုပါ သုံးဘီးမောင်းနေသူတစ်ဦးကပြောသည်။

**ကျော်ကျော်(မလှိုင်)**

# မလှိုင်မြို့နယ်၌ ထန်းပင်ပေါများခြင်းကြောင့် ထန်းလက်ပစ္စည်းလုပ်ရောင်းသူများအဆင်ပြေ

**မလှိုင် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် ဒေသခံတောင်သူများသည် ယခုလ မိုးရွာသွန်းမှုနည်းပါးပြီး စိုက်ပျိုးသီးနှံများမှာ ဖြစ်ထွန်းအောင်မြင်ခြင်း မရှိသော်လည်း မြို့နယ်အတွင်း ထန်းပင်ပေါများခြင်းကြောင့် ဒေသခံထန်းပင်ပိုင်ရှင်နှင့် ထန်းလက်ပစ္စည်းပြုလုပ်ရောင်းချသူများ အဆင်ပြေနေကြောင်း သိရသည်။

"ထန်းကုလားထိုင်ပြုလုပ်ရောင်းချတာ နှစ် ၂၀ ကျော်ရှိပြီ။ ကျွန်တော်တို့ဒေသက ထန်းပင်ပေါများတာကြောင့် လုပ်ကိုင်ရတာအဆင်ပြေပါတယ်။ တစ်နေ့ကို ထန်းကုလားထိုင်ရောင်းတန်းဝင် ငါးလုံးလောက်ပြီးပါတယ်။ ရောင်းတန်းဝင် ထန်းကုလားထိုင်တွေကို ကိုယ့်ဒေသအတွင်း ရောင်းချသလို တောင်ကြီး၊ ကလော၊ နေပြည်တော်စသည့် မြို့ကြီးတွေကိုလည်း တင်ပို့ရောင်းချပါတယ်။

အဆိုပါ ထန်းလက်ပစ္စည်းများထဲမှ ကုထားထိုင်မှာ လုပ်၍ရောင်းရသည်မှာ ရောင်းအားကောင်းပြီး ယင်းကုလားထိုင်ရောင်းဈေးမှာ တစ်လုံးကို ကျပ်၁၅၀၀မှကျပ်၈၀၀၀အထိရောင်းချကြောင်း သိမ်ကုန်းကျေးရွာမှ ထန်းလက်ကုလားထိုင် ကိုယ်တိုင်ပြုလုပ်ရောင်းချသူ ဦးဖိုးသူကပြောပြသည်။

မလှိုင်မြို့နယ် အညာဒေသ၌ ထန်းပင်ပေါများခြင်းကြောင့် လက်မှုပညာဖြင့် ထန်းကုလားထိုင်ပြုလုပ်ရောင်းချသူများသည် အိမ်နေရင်း တစ်ဖက်တစ်လမ်းမှ မိသားစုစားဝတ်နေရေး အဆင်ပြေနေကြောင်း သိရသည်။

ထန်းပင်မှထွက်ရှိသော ပစ္စည်းများအနက် ထန်းရွက်ကိုအညာဒေသရှိ ဈေးဆိုင်တဲ၊ ဘုရားပွဲတော် စသည့်နေရာများ၌ သုံးစွဲခြင်း၊ ထန်းလက်ကို ထန်းကုလားထိုင်၊ ထန်းလက်တောင်း စသည်များ ပြုလုပ်ကြသည့်အပြင် ထန်းသားကို အိမ်ဆောက်လုပ်ရာတွင် အသုံးပြုခြင်း၊ စားသုံးကုန်အဖြစ် ထန်းပင်မှ ထန်းလျက်၊ ထန်းမြစ်၊ ထန်းသီး၊ ထန်းရည် စသည်များ ရရှိသောကြောင့် ရှေးလူကြီးများက ပဒေသာပင် (ဝါ) ထန်းပင်ဟုခေါ်ဝေါ်လေ့ရှိကြောင်း သိရသည်။



**ကျော်ကျော်(မလှိုင်)**












## ဗုဒ္ဓဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်များ ပေးအပ်

**ဝါးခယ်မ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ မင်းကျောင်းစာသင်တိုက်တွင် တတိယအကြိမ် ယဉ်ကျေးလိမ္မာယဉ်သွေးကမ္ဘာ အခြေခံဗုဒ္ဓဘာသာသင်တန်း (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၈ နာရီက ကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို တစ်လကြာဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၃၇ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းအောင်လက်မှတ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ အင်္ကျီအဖြူ၊ အစိမ်းစသည့်တို့ကို သင်တန်းဆရာတော် ဘဒ္ဒန္တသူရိယနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ရင်သွေးငယ် အနာဂတ်မျိုးဆက်သစ်များ ကိုယ်ကျင့်တရားဖြင့် တိုင်းကျိုးပြည်ကျိုး၊ သာသနာတော်အကျိုး၊လူမျိုးအကျိုး ပခုံးပြောင်းထမ်းဆောင်နိုင်ရန် ယဉ်ကျေးလိမ္မာယဉ်သွေးကမ္ဘာ အခြေခံဗုဒ္ဓဘာသာသင်တန်း (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်သင်တန်းကို ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။ **ကျော်စိန်(ဝါးခယ်မ)**

## ရေစကြိုမြို့နယ်တွင် မေလ မိုးကောင်းလွန်း၍ ပဲတီစိမ်းခင်းအချို့ ရေမြုပ်ကာ ဈေးနှုန်းလည်းကျဆင်းနေ

**ရေစကြို မေ ၂၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၉ ရက်က သုည ဒသမ ၁၅ လက်မ၊ မေ ၁၅ ရက်က သုည ဒသမ ၁၀လက်မ၊ မေ ၁၆ ရက်က ၁ ဒသမ ၇၅ လက်မ၊ မေ ၁၈ ရက်က သုည ဒသမ ၁၅ လက်မ၊ မေ ၁၉ ရက်က ၂ ဒသမ ၁၅ လက်မ၊ မေ ၂၀ ရက်က ၁ ဒသမ ၃၅ လက်မ အသီးသီးမိုးရွာသွန်းခဲ့မှုကြောင့် ပဲတီစိမ်းခင်းအချို့ ရေဝင်ရေမြုပ်ခဲ့ကြကြောင်း သိရသည်။

"ဒီလ အစောပိုင်းရွာတဲ့မိုးက နွေစပါး၊ နွေနှမ်းနဲ့ ပဲတီစိမ်းတွေအတွက် အများကြီးအကျိုးရှိလို့ ကျွန်တော်တို့တောင်သူတွေ ဝမ်းသာနေကြတာပေ့ါဗျာ။ ဒီနှစ်မှာ နှမ်းတွေ၊ ပဲတီစိမ်းတွေကလည်း ကောင်းမှ ကောင်း။ ပဲတီစိမ်းတွေဆိုရင် ပထမတစ်ကြိမ်အသီးဆွတ်ခူးလို့ရသမျှရောင်းတာ တစ်တင်း ၄၀၀၀၀ ဈေးရတယ်။ စောတဲ့လူက ၄၁၀၀၀ တောင် ရကြတာ။ ဒုတိယအကြိမ်အသီးဆွတ်ပြီးတဲ့လူတွေကတော့ ဟန်ကျတာပေ့ါဗျာ။ ကျွန်တော်တို့ကတော့ မေ ၁၉၊ ၂၀ ရက်ရွာတဲ့မိုးကြောင့် ပဲတီစိမ်းခင်းတွေထဲ ရေဝင်အပွင့်၊ အသီးတွေ တန်းလန်းနဲ့ ရေမြုပ်ကုန်တော့ လုံးဝဆုံးရှုံးသွားတာပေ့ါ။ မိုးရွာအပြီးဆွတ်လို့ရတဲ့ ပဲတီစိမ်းကျပြန်တော့ မိုးမိလို့ အရည်အသွေးမကောင်းဘူးဆိုပြီး ပွဲရုံတွေက အရင်ဈေးမပေးတော့ဘဲ ၃၉၀၀၀၊ ၃၈၀၀၀ ကနေ အခုရက်ကြတော့ ၃၆၀၀၀ ပဲပေးတော့ ဈေးတွေက ကျသွားတယ်။ ဒါကြောင့် ကျွန်တော်တို့တောင်သူတွေမှာ စိုက်ရပျိုးရတာ မိုးမရွာတော့လည်းမရွာလို့၊ ရွာတော့လည်းဆိုးရွား ရောင်းရတဲ့ဈေးကလည်း အတတ်အကျနဲ့ ဒုက္ခကတော့ အမျိုးမျိုးပါပဲ" ဟု ပဲရောင်းလာသူ တောင်သူတစ်ဦးက ပြောပြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဈေးတွင် မေ ၂၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ခွင့်မပြုဆိုးဆေးများပါဝင်သည့် ငါးဖယ်ချဉ်၊ ပုစွန်ချဉ်၊ စိမ်းစားငါးပိ၊ ပုစွန်ခြောက်၊ ငရုတ်ဆီ၊ ငရုတ်သီးမှုန့်၊ ဆော့စ်အမျိုးမျိုး၊ လက်ဖက်၊ ဂျင်းနုပ်၊ ပဲကြီးလှော်၊ ပဲနီလေး၊ ကြံမဆိုင်၊ မှုစ်၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ ယိုစုံအမျိုးမျိုးစသည်တို့ကို ဝယ်ယူစားသုံးခြင်းမပြုရန် သတိပေးတားမြစ်သည့် ကြော်ငြာဆိုင်းဘုတ်များကို ဈေးတာဝန်ခံရုံးမှ စည်ပင်ဝန်ထမ်းများက ပြည်သူများသိရှိစေရန် လိုက်လံချိတ်ဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ထိန်ဝင်း(ကြည့်မြင်တိုင်)

## မလှိုင်မြို့နယ်တွင် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ ရပ်နားမှုကြောင့် ပြည်သူများ သွားလာရေး အခက်ကြုံ

**မလှိုင် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်သည် ကျေးလက်ဒေသများမှ လာရောက် ရောင်းဝယ်ကြသကဲ့သို့ မြို့ကြီးများမှလည်း ကား၊ ထော်လာဂျီစသည့် စက်တပ်ယာဉ်များဖြင့် လာရောက်ရောင်းဝယ်ကြသည့် မြို့ဖြစ်သည်။

ငါးရက်တစ်ခါပြုလုပ်သည့်ဈေးနေ့တွင် ယာဉ်ပိုင်ရှင်များသည် မိမိတို့ယာဉ်များကို စည်းကမ်းမဲ့စွာ ရပ်တန့်ထားခြင်းရှိသည့်အပြင် အများပြည်သူသွားလာနေသည့် ပွဲစားတန်းလမ်းမပေါ်၌ ယာဉ်နှစ်ထပ် ရပ်တန့်ထားသည်။

" ကျွန်တော်တို့ ခရီးသွားတွေက စည်းကမ်းမရှိရပ်ထားတဲ့ ကားတွေကို ရှောင်တိမ်းသွားနေရတယ်။ ဝန်စည်စလယ်ပါရင် ပိုပြီးရှောင်တိမ်းဖို့ခက်တယ်"ဟု ခရီးသွားတစ်ဦးက ပြောပြသည်။

ထို့ပြင် ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မတို့နေနေတဲ့ မလှိုင်မြို့ဟာ ဟိုအရင်က ဒီလောက်မတိုးတက်ပါဘူး။ ဒါပေမယ့် ယာဉ်မတော်တဆမှုတွေလဲ မကြုံခဲ့ဖူးပါဘူး။ အခုလိုခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာချိန်မှာ လူတိုင်းကိုယ်စီ စည်းကမ်းရှိစွာ နေထိုင်နိုင်ဖို့ လိုအပ်ပါတယ်။

"အခုလို စည်းကမ်းမဲ့စွာ ရပ်တန့်ထားတဲ့ စက်တပ်ယာဉ်တွေကိုကြည့်ပြီး ကျွန်မတို့ သားသမီးတွေကို နေ့စဉ် ယာဉ်မတော်တဆမဖြစ်ရလေအောင် ပြောဆို ဆုံးမနေရပါတယ်။ အခုဆိုရင် မလှိုင်မြို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီများလည်းရှိတဲ့အတွက် ယာဉ်များစည်းကမ်းမဲ့စွာ ရပ်တန့်ထားခြင်းကို စနစ်တကျဖြစ်အောင် ထိန်းသိမ်းပေးစေလိုပါတယ်" ဟု ပြောသည်။ **ကျော်ကျော်(မလှိုင်)**


### နှစ် (၅၀) ပြည့် ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးမင်းဆွေ (အထက်တန်းပြ - ငြိမ်း၊ ဖျာပုံ) + ချစ်မေမေ ဒေါ်စိန်တီ (အလယ်တန်းပြ - ငြိမ်း၊ ဖျာပုံ) တို့၏ ၂၇-၅-၂၀၁၅ ရက်နေ့တွင် ကျရောက်သော (၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နလုံး၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ...

သမီးကြီး - ဒေါ်နီနီယဉ် (အထက်တန်းပြ-အ. ထ. က-၂၊ မရမ်းကုန်း)
သားကြီး - ဦးသိမ်းဆွေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)+ဒေါ်သင်းမိုးမိုးလွင်
သားငယ် - ဦးမျိုးမင်းဆွေ
သမီးငယ် - ဒေါ်စုစုဌေး၊ ဒေါ်စုစုထွေး (Great Light ကိုယ်ပိုင်အထက်တန်းကျောင်း)
ချစ်မြေး - မောင်ဘုန်းမြတ်ဆွေ



### ဝမ်းတော်ပြည့်ပညာဒါန

**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။
သင်တန်းဖွင့်မည့်နေ့ ။ ၃-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့)ဖွင့်မည်။
သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ နံနက်(၇း၃၀)မှ(၉း၃၀)ထိ။
သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့်ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ဖုန်း-၀၉၅၄၁၀၉၀၉၊ ၀၉၅၀၈၈၂၆၄ သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်းသွင်းတက်ရောက်သင်ယူနိုင်ပါသည်။






### ရောင်းမည်/ငှားမည်

ရန်ကုန်၊သဃ်န်းကျွန်းမြို့နယ်၊ရွှေအင်ကြင်းရိပ်မွန်၊(ပ)ထပ်၊ 2350 Sqft , 2MBR , 2BR ၊ဘုရားခန်း ပြင်ဆင်ပြီးအမည်ပေါက် **ရောင်း (၂၉၀၀-သိန်း) ၊ ငှား(၉-သိန်း)**
ပြင်ဦးလွင်၊ရပ်ကွက်ကြီး(၂)၊သုမင်္ဂလာရပ်ကွက်၊မြို့ပတ်(၁)လမ်း ကျောကပ်၊ (50' x 100') အုတ်တံတိုင်းကာပြီး ဂရန်အမည်ပေါက် **ရောင်း (၁၅၅၀-သိန်း)** ၊
ဆက်သွယ်ရန်။ Ph : 09 5003197, 09 5199730, 09 2046031



### ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။B.Com/B.Ecom/LCCI ကျား/မ ( ၅)ဦး
၂။B.A / B.Sc ကျား/မ (၁၀)ဦး
၃။Computer Operator ကျား/မ ( ၅)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ် (၁)အတွက် Computer Accounting ကျွမ်းကျင်လျှင် လစာကောင်းကောင်း ပေးမည်။ ကိုယ်ရေးအချက်အလက်၊ ပညာ အရည်အချင်း အောင်လက်မှတ် မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပတ်စပို့ ဓါတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရမည့် လိပ်စာ၊ တယ်လီဖုန်းနံပါတ် အပြည့်အစုံနှင့်အတူ အသက်(၅၀)နှစ်အောက်ရှိသူများသည် တက်နေကုမ္ပဏီ၊ အမှတ်(၆၄)၊ ဝေဇယန္တာလမ်း၊ ၈-ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁)လ အတွင်းလျှောက်ထားနိုင်ပါသည်။



### လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015

June-13 စမည်။

**LCCI, MYOB, IFR**

| Level I+II | သင်တန်းချိန် |
| --- | --- |
| Sec(A) Sat+Sun | 7-9 (am) |
| Sec(B) Sat+Sun | 9-11(am) |
| Sec(C) Sun | 11-3(pm) |
| Sec(D) Mon+Tue | 6-8 (pm) |
| Sec(E) Mon to Fri | 12-3(pm) |
| Sec(F) Sat | 11-3(pm) |
| Sec(G) Wed | 11-3(pm) |

| Level III | |
| --- | --- |
| Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Tue-to-Fri | 9-12 am |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ
09 510 9922
0979 510 9922
0997 510 9922

၃၄ ၊ ၄ လွှာ၊ အင်းဆိန်လမ်းမ။ လှည်းတန်း ၊တာမွေဂွတ်(လှည်းတန်းဈတ်တိုင်အနီး) 09 7313 6677

# တောင်တွင်းကြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးကုသ

**တောင်တွင်းကြီး မေ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဇေယျတုဖောင်ဒေးရှင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးကုသခြင်းကို မေ ၂၃ ရက် နံနက် ၈ နာရီခွဲက လွှတ်တော်ကိုယ်စားလှယ်များရုံး၌ ကျင်းပခဲ့သည်။

မင်းဘူးခရိုင် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်တိုက်ဖျက်ရေး ကျွမ်းကျင်ပညာရှင် ဦးညိုမောင်ပါဝင်သည့် ပညာရှင်လေးဦးတို့မှ စမ်းသပ်စစ်ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်(၄) ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ ကျေးရွာပေါင်း ၁၃၀ တို့မှ မျက်စိဝေဒနာရှင် အမျိုးသား ၁၈၁ ဦး၊ အမျိုးသမီး ၃၁၅ ဦး ပေါင်း ၄၉၆ ဦးတို့ လာရောက်ပြသခဲ့ရာ မျက်စိခွဲစိတ်လူနာ ၆၁ ဦး၊ မျက်တောင်စိုက်ခွဲစိတ်လူနာ သုံးဦးအား မင်းဘူး၊ မကွေးနှင့် တောင်တွင်းကြီးမြို့နယ်များရှိ ဆေးရုံများ၌ မျက်စိအထူးကုဆရာဝန်များမှ အခမဲ့ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# အလိုတော်ပြည့်ဆရာတော်အား Mr. Vijay Nambiar ဖူးမြော်

**စစ်တွေ မေ ၂၆**

စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်ကြီးအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Vijay Nambiar နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မေ ၂၃ ရက် ညနေပိုင်းတွင် စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်၍ဆရာတော်အား ဖူးမြော်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယင်းသို့ဖူးမျော်တွေ့ဆုံရာတွင် Mr. Vijay Nambiar က ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့်လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ အဖွဲ့များက ကူညီကယ်ဆယ်စောင့်ရှောက်ထားမှုများအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုကြောင်း၊ ကျေးဇူးတင်ကြောင်း တင်ပြလျှောက်ထားခဲ့သည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်ကြီးက ပြန်လည်မိန့်ကြားရာ၌ မြန်မာနိုင်ငံတိုင်းရင်းသားများသည် မေတ္တာတရားကို အလေးထားသူများဖြစ်၍ မေတ္တာတရားဖြင့် ကူညီကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အနေဖြင့်လည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စသည်ဖြင့် ပြန်လည်မိန့်ကြားခဲ့သည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**



# ပြတိုက်များတိုးတက်လာစေရန် ပြတိုက်အသင်းဖွဲ့စည်းနိုင်ရေးကြိုးပမ်း

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံကို International Conference Museum (ICOM) အဖွဲ့ဝင်ဖြစ်လာစေရန် မြန်မာနိုင်ငံမှ ပြတိုက်များစုစည်းဖွဲ့စည်းထားသည့် Myanmar Museum Association ပြတိုက်အသင်းဖွဲ့စည်းရန် ကြိုးပမ်းနေသည်ဟု သိရသည်။

ပြတိုက်များသည် နောင်လာနောက်သားမျိုးဆက်သစ်များအတွက် များစွာသော သမိုင်းအထောက်အထား၊ ဗဟုသုတများကို လေ့လာနိုင်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်များ တက်ကြွစေရန်နှင့် ခရီးသွားများကိုလည်း ဆွဲဆောင်မှုရှိစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြတိုက်ပညာရှင် ဒေါ်နုမြဖုံက ပြောသည်။

“ဘာလို့ အသင်းဖွဲ့ဖို့အရေးကြီးလဲဆိုတော့ ICOM အဖွဲ့ဝင်ဖို့ ကျွန်မညွှန်မှူးဘဝကတည်းက လျှောက်လိုက်တယ်။ ဒါနဲ့ ကျန်တာတွေအကုန် အိုကေတယ်။ ဒါပေမဲ့ ပြတိုက်အသင်းအဖွဲ့ရှိလားမေးတော့ မရှိလို့ပြန်ဖြေလိုက်တော့ ဝင်လို့မရဘူး။ ကျွန်မက ငွေတတ်နိုင်လို့ အသင်းဝင်ချင်တော့ လူပုဂ္ဂိုလ်အနေနဲ့တော့ ဝင်လို့ရတာပေါ့။ ဒါပေမဲ့ အမျိုးသားပြတိုက်အနေနဲ့ အဖွဲ့ဝင်ချင်ရင်တော့မရဘူး။ ကျွန်မက မြန်မာနိုင်ငံအနေနဲ့ ပြတိုက်တွေကိုပါ မန်ဘာပိုဖြစ်စေချင်တာ။

ပြတိုက်မှူးများက တတ်နိုင်ရင် ဒေါ်လာ ပေးသွင်းပြီး လူပုဂ္ဂိုလ်အနေနဲ့ အသင်းတော့ဖြစ်လို့ရတယ်။ ICOM အဖွဲ့ဝင်ဖြစ်လာစေရန် Myanmar Museum Association ပြတိုက်အသင်းဖွဲ့စည်းရန် ကြိုးပမ်းနေတယ်။ ဒါကြောင့် ပြတိုက်တွေကို တပြေးညီမြင့်တက်အောင် မြန်မာနိုင်ငံရဲ့ ဝန်ကြီးဌာနမှ ပြတိုက်တွေ ပုဂ္ဂလိကပြတိုက်တွေကို ပြတိုက်စံချိန်စံညွှန်းနဲ့ညီညွတ်အောင် ကြိုးစားနေပါတယ်” ဟု မြန်မာနိုင်ငံပြတိုက်ပညာရှင် ဒေါ်နုမြဖုံက ပြောသည်။

မြန်မာနိုင်ငံက ပြတိုက်များထွန်းကားစေရန် ပြတိုက်ကြီးများ၊ ပြတိုက်ငယ်များ၊ နယ်ပြတိုက်များ ပူးပေါင်းလှုပ်ရှားမှုများ လိုအပ်ကြောင်း၊ မြန်မာနိုင်ငံပြတိုက်အသင်းဖြစ်လာပါက နယ်ပြတိုက်များ၊ လူသိနည်းပြတိုက်များကို ပြတိုက်ကြီးများက ၎င်းပြတိုက်အသင်းနှင့် ဆက်သွယ်၍လည်းကောင်း ကူညီပေးခြင်းဖြင့် ပြတိုက်များပိုမိုတိုးတက်လာမည်ဖြစ်ပြီး လှုပ်ရှားမှုများအနေဖြင့် ဟောပြောပွဲများ၊ ပြပွဲများ လုပ်ပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

ယခုနှစ် မေ ၁၈ ရက်တွင်ကျရောက်သည့် နိုင်ငံတကာပြတိုက်များနေ့တွင် မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ကျင်းပခဲ့သည်။

**သန့်ဇင်ဝင်း**

# မန္တလေးယဉ်ကျေးမှုတက္ကသိုလ်မှသိကောင်းစရာများဟောပြော

**ချောင်းဦး မေ ၂၆**

မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ အမြင့် အ. ထ. က ကျောင်း ‘မင်းလက်ဝါး’ ခန်းမ၌ ချောင်းဦးမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံအထက်တန်းမှ ကျောင်းသား၊ ကျောင်းသူများကို မေ ၂၁ ရက်၊ ညနေ ၃ နာရီက မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ကျောင်းမှ သိကောင်းစရာများအကြောင်းကို တွေ့ဆုံပွဲပြုလုပ်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မန္တလေးယဉ်ကျေးမှု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးယုလွင်နှင့် မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊အပါအဝင် စုစုပေါင်း ၃၈၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးယုလွင်က ယဉ်ကျေးမှုတက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကာ မန္တလေးတက္ကသိုလ် ပန်းချီဌာနမှ ကထိကဒေါ်မြခက်က ပန်းချီပညာကို လက်တွေ့ရေးဆွဲပြသခဲ့ပြီး သဘင်ဌာနမှ ကထိက ဒေါ်မြင့်မြင့်လှိုင်က သဘင်ပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကာတီယာစိန်တိုက်

“အို. . . ပိုက်ဆံများရှိလို့က တော့ ကာတီယာစိန်တိုက် က စိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ . . .”

- 1ct အောက်မှ 10ct အထက်ထိစိန်ပွင့်ကြီးများကို သက်သာသောအထူးနှုန်းထားဖြင့် ရောင်းချပေးနေပါသည်။
- တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
- စိန်အကြွေ ဆိုဒ်စုံများကို လက်ကားဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်)လမ်း၊Tel : 246838, 384905, 241929

Show Room(II) No.52 အရှေ့ဘက်အပြင်တန်း၊ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Tel : 253308, 09 73249661

Think in English

အလုပ်လုပ်ရင်း ကျောင်းတက်ရင်း အင်္ဂလိပ်စာ တိုးတက်လိုသူများအတွက်

IELTS

09425026102

သည်းခြေအိတ်ကျောက်တည်နေရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါများပျောက်ဆေးနည်း အခမဲ့ပေးမည် –

ဆေးနည်းအပြည့်အစုံသိရှိလိုပါက ဦးသန်းဝင်း၊ အာဆီယံ အင်ဂျင်နီယာ အင်ဂျင်နီယာချုပ်ကြီး (ငြိမ်း) Ph: 095070157 ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ
ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်အေးတို့၏သား

**ဗိုလ်ကြီးသက်ပိုင်စိုးဦး**
**B.E(Electronics), D.S.T.A**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ
ဆရာဦးယုရွှေ-ဒေါ်တင်နွဲ့တို့၏သမီး

**မအေးချမ်းငြိမ်း**
**Bachelor of Commerce(Y.U.E)**
**Manager(Octagon Automobile & Machinery Services Co.,Ltd)**

တို့၏ ၂၆-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ Sky Star Hotel (Royal Ballroom) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့် (Octagon Automobile & Machinery Services Co.,Ltd)နှင့်ဇနီး ဒေါ်ခင်မျိုးဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးကျော်မိုးနိုင်၊ ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်နှင့်ဇနီး၊ ဦးချမ်းမြ အုပ်ချုပ်မှုဒါရိုက်တာ (Octagon Automobile & Machinery Services Co.,Ltd)၊ ဦးအုန်းဆိုင်၊ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးအောင်နှင့်ဇနီး၊ ဗိုလ်မှူးအောင်သန်းဝင်းနှင့်ဇနီးတို့အားလည်းကောင်း၊ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပါသော ဒုတိယဗိုလ်မှူးကြီးငွေအောင်နှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီးဆွေဝင်းနှင့်ဇနီးတို့အားလည်းကောင်း၊ မိဘဆရာသမားများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး ကိုမျိုးသီဟသူ၊ သတို့သားအရံ ဗိုလ်ကြီးတေဇာမြင့်စိန်၊ ဗိုလ်ကြီးအောင်မြင့်ထွန်း၊ သတို့သမီးအရံ မနီနီအောင်၊ မသက်မြတ်နိုး၊ မင်္ဂလာပန်းများကြဲပေးသော မအိန္ဒြေဝင့်ခြယ်၊ မင်္ဂလာအောင်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော မခင်မျိုးအောင်၊ မနှင်းဦးလှိုင်၊ မိတ်ကပ်မေဦးနှင့်အဖွဲ့၊ ဝတ်စုံဒီဇိုင်နာ မအေးအေးမိုး၊ မှတ်တမ်းဓာတ်ပုံနှင့်ဗီဒီယို Forever Photo Studioအဖွဲ့၊ ပန်းအလှဆင် ကိုငြိမ်းချမ်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော Octagon Automobile & Machinery Services Co.,Ltd မှ အရာရှိများနှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးသက်ပိုင်စိုးဦး-မအေးချမ်းငြိမ်း**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

-ကျန်းမာရေးဆောင်းပါး-

# သံဓာတ်ချို့တဲ့ခြင်းကိုဖော်ပြတဲ့ လက္ခဏာကိုးရပ်

ခ ပေါက်ပေါက်

ပျမ်းမျှ အမျိုးသမီး ၁၀ ဦးမှာ ခြောက်ဦးခန့်က သံဓာတ်ချို့တဲ့လေ့ရှိကြပြီး နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများတဲ့ အမျိုးသမီးတွေမှာ သံဓာတ်ပိုမိုလိုအပ်နေတယ်လို့ အမေရိကန်နိုင်ငံရှိ the Centers for Disease Control and Prevention မှ ကျွမ်းကျင်သူများက ဆိုပါတယ်။ သံဓာတ်ချို့တဲ့ခြင်းရှိ-မရှိ မိမိကျန်းမာရေးအခြေအနေကို အောက်ပါလက္ခဏာကိုးရပ်တို့ဖြင့် စမ်းစစ်နိုင်ပါတယ် -

**အလွန်အမင်း မောပန်းခြင်း**

ခန္ဓာကိုယ်က သံဓာတ်ကိုအသုံးပြု၍၊ သွေးကလာပ်စည်းဆဲလ်များထဲရှိ အောက်စီဂျင်ကို သယ်ယူပေးတဲ့ သွေးနီဓာတ်တစ်မျိုးကို ထုတ်လုပ်ပေးပါတယ်။ သံဓာတ်ချို့တဲ့လာသောအခါမှာ ကျန်းမာသန်စွမ်းတဲ့ သွေးဆဲလ်တွေ အလုံအလောက်မရှိတော့ဘဲ အလွန်အမင်း မောပမ်းနွမ်းနယ်လာပါတော့တယ်။

**အာရုံစူးစိုက်၍ မရခြင်း**

သံဓာတ်ချို့တဲ့လာတဲ့အခါ အာရုံခံအင်္ဂါအဖွဲ့အစည်းတွေ ချို့ယွင်းသွားတာကြောင့် ပုံမှန်လုပ်နေကျအလုပ်တွေမှာတောင် စိတ်အာရုံစူးစိုက်၍မရတော့ဘဲ တက်တက်ကြွကြွမရှိ စွမ်းဆောင်ရည်တွေ တဖြည်းဖြည်းကျဆင်းလာပါတယ်။

**စိတ်ဝင်စားမှု မရှိခြင်း**

သံဓာတ်ချို့တဲ့လာခြင်းကြောင့်၊ အာရုံခံအဖွဲ့အစည်းတွေကို ထိခိုက်စေရုံမျှမက စိတ်နှလုံးနောက်ကျိလာကာ မိမိရဲ့မိသားစု၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ ယခင်လို စိတ်ဝင်စားမှုမရှိတော့ဘဲ တစ်ယောက်ထည်း ဘာသိဘာသာနေလိုစိတ် ပြင်းပြနေတတ်ပါတယ်။

**အသက်ရှူကြပ်ခြင်း**

သွေးထဲမှာ သံဓာတ်လုံလောက်မှုမရှိတဲ့အခါ ခန္ဓာကိုယ်က အောက်စီဂျင်ကို အလွန်အမင်းတောင်းတလာပြီး အသက်ရှူမဝ မွန်းကြပ်မှုတွေဖြစ်လာပါတယ်။ ပုံမှန်အားကစားလေ့ကျင့်ခန်းလုပ်တဲ့အခါတွေ၊ ပုံမှန်လမ်းလျှောက်တဲ့အခါတွေမှာ သိသိသာသာ အသက်ရှူမဝလာခြင်းဟာ သံဓာတ်ချို့တဲ့နေတဲ့ လက္ခဏာတွေပဲဖြစ်ပါတယ်။

**အသားအရေဖြူရော်ရော်ဖြစ်ခြင်း**

နှုတ်ခမ်းသား၊ လက်ဖဝါး၊ အောက်မျက်ခမ်းအတွင်းသားတွေမှာ ယခင်နဲ့မတူ ဖြူစွတ်လာခြင်း၊ လက်ဖဝါး၊ ခြေဖဝါးတွေ အေးစက်ကာ မျက်နှာနှင့် အသားအရေတွေ ဖြူရော်ရော်ဖြစ်လာခြင်းကလည်း သွေးနီဥပမာဏတွေ ကျဆင်းလာတာကြောင့် သွေးမလျှောက်နိုင်တော့ပါဘူး။

**ကြွက်သားတွေနာကျင်ခြင်း**

ခန္ဓာကိုယ်ကြွက်သားတွေမှာ သံဓာတ်တွေအားနည်းလာတာကြောင့် ကြွက်သားတွေ ပျော့အိလျော့ရဲလာပြီး တော်ရုံတန်ရုံ ဖိတွန်းမိတာကိုတောင် အထိမခံနိုင်တော့ဘဲ အသားတွေနာကျင်လာပါတယ်။

**ခြေသည်း၊ လက်သည်းတွေကွဲထွက်ခြင်း**

ခြေသည်း၊ လက်သည်းအစပ်နားတွေ သူ့အလိုလို တစ်စစီကွဲထွက်ခြင်းက သံဓာတ်ချို့တဲ့ခြင်းရဲ့လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ အချို့သူတွေမှာ လက်သည်းခွံတွေက အပေါ်ကိုဖောင်းမနေတော့ဘဲ၊ ဇွန်းသဏ္ဌာန် အတွင်းပိုင်းကို ချိုင့်ခွက်ဝင်နေကြပါတယ်။

**မကြာခဏဖျားနာခြင်း**

အသက်ရှူလမ်းကြောင်းမှတဆင့် အလွယ်တကူကူးစက်နိုင်တဲ့ အအေးမိ၊ နှာစေး၊ ချောင်းဆိုးစသော ရာသီဖျားတွေကို မကြာခဏကူးစက်ခံရခြင်း၊ ခါတိုင်းနဲ့မတူ တော်ရုံတန်ရုံအအေးခံရရုံမျှနှင့် နှာခေါင်းပိတ်ခြင်းတို့ကလည်း သံဓာတ်ချို့တဲ့ခြင်းကြောင့်ပါပဲ။

**ပန်းရောင် (သို့မဟုတ်) အနီရောင် ဆီးသွားခြင်း**

သွေးဆုံးပြီး အမျိုးသမီးကြီးတွေ ၁၀ ဦးမှာ နှစ်ဦးလောက်က ပန်းရောင် (သို့မ ဟုတ်) အနီရောင် ဆီးသွားတတ်ပါတယ်။ တချို့အမျိုးသမီးကြီးတွေက လက်ဖက်ရည်ကြမ်းကျကျကဲ့သို့ နီညိုရောင်ဆီးသွားတတ်ပါတယ်။ အကယ်၍ အနီရောင်ခြယ် စတော်ဘယ်ရီသီးတွေ၊ beet root (ခေါ်) သကြားမုန်လာ(ခေါ်)သွေးနီရောင် အရည်ရွှမ်းတဲ့ မုန် လာဥနီအလုံးတွေကို မစားဖြစ်ဘဲ ဆီးအရောင်က သူ့အလိုလို ပြောင်းသွားခြင်းက သံဓာတ်ချို့တဲ့ခြင်း၏လက္ခဏာဖြစ်ပါတယ်။

**သံဓာတ်ဖြည့်တင်းပေးတဲ့အစားအစာများ**

(၁) အမဲအသည်းမှာ သံဓာတ်ပမာဏ ၅ ဒသမ ၈ မီလီဂရမ်အထိ အပြည့်အဝပါရှိပြီး ကျန်းမာရေးကိုထိခိုက်စေမယ့် အဆီနှင့် ကယ်လိုရီပါဝင်မှု လွန်စွာနည်းပါးပါတယ်။

(၂) အမဲသား(မိုးခိုသား)ထဲမှာ သံဓာတ်ပမာဏ ၂ ဒသမ ၉ မီလီဂရမ်ပါရှိတဲ့အပြင် ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ ပရိုတင်း၊ ဗီတာမင်ဘီ ၆၊ ဗီတာမင်စီနှင့် ဗီတာမင်ဒီတို့ ကြွယ်ဝစွာပါရှိပါတယ်။

(၃) အမဲသားမှာ သံဓာတ်ပမာဏ ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး၊ ခန္ဓာကိုယ်အတွက် မလိုလားအပ်တဲ့ ကိုလက်စထရောတွေကျအောင် ပံ့ပိုးပေးပါတယ်။

(၄) ကြက်(ရင်ပုံသား)ထဲမှာ သံဓာတ်ပမာဏ ၁ ဒသမ ၁ မီလီဂရမ်ပါရှိနေလို့ ခြေလေးချောင်းသား မစားသူများအဖို့ သံဓာတ်အားဖြည့်စာအဖြစ် ကြက် (ရင်ပုံ) သား စားပေးသင့်ပါတယ်။ (အရေခွံမစားပါနှင့်)

(၅) ဆဲလ်မွန်ငါးထဲမှာ သံဓာတ်ပမာဏ ၀ ဒသမ ၇ မီလီဂရမ်ပါရှိပြီး အိုမီဂါ-၃ ဖက်တီးအက်ဆစ်တွေ ပါရှိနေတာကြောင့် သွေးခဲပိတ်ဆို့ခြင်းနှင့် လေဖြတ်ခြင်းတွေ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

(၆) ရွှေဖရုံသီးအစေ့ထဲမှာ သံဓာတ်ပမာဏ ၄ ဒသမ ၂ မီလီဂရမ်ပါရှိပြီး ကျောက်ကပ်ကျောက်တည်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။


(၇) ချောကလက်စစ်စစ် အမည်းရောင်ထဲမှာ သံဓာတ်ပမာဏ ၄ ဒသမ ၁ မီလီဂရမ်ပါရှိပြီး သွေးထဲက ကိုလက်စထရောတွေကိုချပေးကာ သွေးအားနည်းခြင်းမှလည်း ကာကွယ်ပေးပါတယ်။

(၈) စမုန်ဖြူ(အခြောက်) ထဲမှာ သံဓာတ် ပမာဏ ၃ ဒသမ ၇ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်စီတို့ ပါရှိတဲ့အပြင် ခန္ဓာကိုယ်ကို ဘေးဥပါဒ်ဖြစ်စေတဲ့ ကိုလက်စထရော လုံးဝမပါရှိပါဘူး။

(၉) တင်လဲရည်(သကာရည်)ထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၅ မီလီဂရမ်ပါရှိတဲ့ပြင် ကယ်လ်စီယမ်ဓာတ်တွေ အပြည့်အဝပါရှိပါတယ်။

(၁၀) Apricots(ခေါ်)ဆီးသီးခြောက်ထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြု beta carotene၊ အမျှင်ဓာတ်နှင့် အခြားအာဟာရဓာတ်တွေ ပါရှိနေပါတယ်။

(၁၁) ပဲနီလေးထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၃ မီလီဂရမ်ပါရှိပြီး မပျော်ဝင်လွယ်သော အမျှင်ဓာတ်တွေ ပါရှိနေတာကြောင့် ဆာလောင်မွတ်သိပ်မှုမဖြစ်စေတော့ဘဲ အဆာခံစေပါတယ်။



(၁၂) အာလူး(ကြီးကြီး)တွေထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အာဟာရသိဒ္ဓိပြည့်ဝတဲ့ အစာဖြစ်ပါတယ်။

(၁၃) ဟင်းနုနွယ်ပင်ထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး ကင်ဆာဆဲလ်တွေကြီးထွားမှုကို ဟန့်တားပေးနိုင်စွမ်းရှိပါတယ်။

(၁၄) ပဲကတ္တီပါထဲမှာ သံဓာတ်ပမာဏ ၂ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခွန်အားတိုးပွားစေတဲ့အပြင် နှလုံးရောဂါဖြစ်နိုင်ခြေနည်းပါးအောင် ကူညီပေးပါတယ်။

(၁၅) တို့ဟူးထဲမှာ သံဓာတ်ပမာဏ ၂ ဒသမ ၀ မီလီဂရမ်ပါရှိပြီး အာဟာရဓာတ်ပြည့်ဝတာကြောင့် သက်သတ်လွတ်စားသူတွေ မှီဝဲသင့်ပါတယ်။ ရင်သားကင်ဆာဖြစ်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။

(၁၆) ပဲထောပတ်ထဲမှာ သံဓာတ်ပမာဏ ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြု သတ္တုဓာတ်တွေနှင့် အင်ဇိုင်းတွေကြွယ်ဝတဲ့အစားအစာ ဖြစ်ပါတယ်။

(၁၇) ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်းထဲမှာ သံဓာတ်ပမာဏ ၁ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်တွေ အမြောက်အများပါရှိတာကြောင့် အူမကြီးနှင့် အစာအိမ်ကင်ဆာတို့ကို မဖြစ်စေအောင် ဟန့်တားပေးပါတယ်။

**ကိုးကား - Women Health**

Global Asia Myanmar Travels & Tours Co.,Ltd.
ဂလိုဘယ် အာရှမြန်မာ ခရီးသွားလုပ်ငန်း
Let's go around the World !
နိုင်ငံခြား အပန်းဖြေခရီးစဉ်များ
(၁)ဂျပန် (၇) တရုတ်-ဟောင်ကောင်-မကာအို
(၂)စင်ကာပူ-မလေးရှား (၈) ဩစတြေးလျ/နယူးဇီလန်
(၃)ဗန်ကောက် (၉) ဥရောပနိုင်ငံကြီး(၁၀)နိုင်ငံ
(၄)ဖော်ဒိုက်(လ်) (၁၀)အမေရိကား
(၅)ဗီယက်နမ်-ကမ္ဘောဒီးယား (၁၁)ဘရာဇီး-အာဂျင်တီးနား
(၆)ကမ္ဘောဒီးယား-လာအို (၁၂)ထိုင်း ပူးခက်ခရီးစဉ်
ဈေးအမြင်
နိုင်ငံတကာလေကြောင်းလိုင်း(၁၀၀)ကျော်၏ လေယာဉ်လက်မှတ်များ ရောင်းချပေးခြင်းနှင့် နိုင်ငံတကာ ဗီဇာလျှောက်ထားခြင်းများကိုလည်း လူကြီးမင်းများစိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။
ကုမ္ပဏီကြီးများ၏ Special Trip များကိုလည်း အထူးနှုန်းထားဖြင့် ဆောင်ရွက်ပေးပါသည်။
01 382988, 01 388911, 01 391619, 01 536400, 01 501202
09 43067325, 09 250032489

ဂုဏ်ယူဝမ်းမြောက်ခြင်း
ဦးစိုးပိုင် (ဥက္ကဋ္ဌ)
ပိုင်မိသားစု အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်
အား
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ 'နိုင်ငံ့စွမ်းဆောင်ရည်ဆု'
(ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု)
ကို
၂၀၁၅ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်၏အကျိုးအတွက် ဆတက်ထမ်းပိုး
တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။
မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း




SiES ENGLISH SCHOOL
ဆယ်တန်းဖြေထားသူများအတွက်
4-SKILL ENGLISH
အဂ်လိပ်စကားပြော
လူကြီးများ ဘွဲ့ရများ ဝန်ထမ်းများအတွက်
ဖုန်း 09 5406533
TARGET YOUR IELTS BAND-7 Prepare With Us
Starts on - 1 June 2015

JUNE INDUSTRY LTD.



မြေအသုံးချရေးဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာန၊ရန်ကုန် မှ စမ်းသပ်သည်။
► Ygn: + 95 9 4200 99011, 4200 99022, 4200 99033 ► Mdy: + 95 2 24490, 39985, 39725, 36122




**ကား** မျိုးစုံ

(Alphard/Hiace ၇၊၉၊၁၃ယောက်စီး/Saloon/၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။

Ph:09-5418126

---

Coffee & Bakery

**ဆိုင်အမြန်ရောင်းမည်**

(ယခုဖွင့်လှစ်ဆဲ)

၇/၈ လမ်းဆုံအနီး၊ မြောက်ဒဂုံ

Ph: 09-423726948, 09-428048291

---

**ရောင်းရန်ရှိသည်**

တာမွေမြို့နယ်၊ကျိုက္ကဆံလမ်းမ တာမွေဈေးအနီး။ ၇-လွှာပေါ် ရှိတိုက်ခန်း(၁၈× ၇၀)ပေ။

ဆက်သွယ်ရန် ဖုန်း။ ၀၉-၅၀၂၄၈၀၈
၀၉-၅၄၁၅၃၄

---

**ကိုယ်တွင်းရောဂါများ၊ အဖုအကျိတ်များ၊**
**အကြောအဆစ်ရောဂါများအတွက်လိမ်းနိုင်/သောက်နိုင်သည့်**
**ဒေါ်ဝါဝါ(ခရိုင်တိုင်းရင်းဆေးမှူး) မြိတ်ခရိုင်မှကိုယ်တိုင်ထုတ်လုပ်သည့်၊**
**မြိတ်ဒေသထွက် ၁၀၀%သန့်ရှင်းစစ်မှန်သည့်**

## ကမ်းဇော်ဆီစစ်စစ်ရပြီ

**လက်လီ/လက်ကားရရှိနိုင်ပါသည်။**

**ဆက်သွယ်ရန်**

(၁) ပင်ရင်း၊ အမှတ်(၈)၊ ပန်းဝတ်ရည်လမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့၊ ဖုန်း၀၉-၈၇၆၀၂၄၀၊ ၀၉-၄၂၂၁၉၃၇၃၆
(၂) သိကြားရေစင်ဆေးတိုက်၊ အမှတ်(၂၄)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၁၅၁၄၉
(၃) မှန်ချိုဆေးတိုက်၊ အမှတ်(၂၆၁)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။ ဖုန်း၀၁-၃၈၄၆၅၁၊ ၀၁-၃၇၅၁၀၃
(၄) ကံသာဆေးတိုက်အမှတ်(၃၁)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်းတာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၅၄၉၈၈၁
(၅) ဝင်းတိုင်းရင်းဆေးခန်း၊ အမှတ်(၂၀၁)၊စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်း၊ ဖုန်း၀၉-၇၉၈၅၅၉၅၉၂
(၆) ကျော်ကျော်ဆေးဆိုင်၊ အမှတ်(၁၀၆)A၊ ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်း
(၇) ဒေါ်သန်းသန်းမြင့် ကျောက်မီးသွေးရုံလမ်း၊ ရွှေလမ်းထိပ်၊ မော်လမြိုင်မြို့၊ ဖုန်း၀၉-၅၀၀၀၈၇၀
(၈) လှလှလင်းအမှတ်တရလက်ဆောင်ပစ္စည်းဆိုင်၊ တိုင်းရုံးလမ်းဆုံနှင့် ဥတ္တမတံတားကြီးလမ်းဆုံကြား၊ ရေးလမ်း၊ ထားဝယ်မြို့၊ ဖုန်း၀၉-၅၃၂၀၅၅၁၊ ၀၉-၂၄၀၀၃၂၈
(၉) ဒေါ်နွဲ့နွဲ့ရီ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆရာများအဆောင်၊ မန္တလေးမြို့။ ၀၉-၉၇၁၀၇၈၉၀၇၊
(၁၀) ဦးအောင်စိုးလွင်၊ အမှတ်(၁၆၄၉)၊ ရွှေတချောင်းလမ်း၊ အမှတ်(၁)ရဲစခန်းအနီး၊ ပြည်မြို့။ ဖုန်း-၀၅၃-၂၆၃၂၆၊ ၀၉-၅၃၁၃၀၃၈
(၁၁) ဦးရင်ကီး၊ ရိပ်သာလမ်းမကြီး၊ လှည်းကူးမြို့။ ၀၁-၆၂၉၃၆၂

---

VAC®
VALUE ADDED CONSULTANCY

**မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**

**VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။**

ဝန်ထမ်းလိုအပ်နေသောလုပ်ငန်းရှင်များအတွက်
အရည်အချင်းပြည့်မီသော ဝန်ထမ်းများ စိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။
ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။
မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။

VAC မှတစ်ဆင့်အလုပ်ရလျှင် အလုပ်လျှောက်သူဝန်ထမ်းမှ ဝန်ဆောင်ခပေးရန်မလိုပါ။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ

**Job Openings for Foreign Firms**

**Factory Manager** - Japan Co - USD 2000 — M(1)
-Any Grad, Exp On Food Factory, Fluent In English

**Sales & Marketing Officer** - USD 800 – 1000 — M/F(2)
- 5yrs Sales & Marketing Exp On Air- Line

**Sr Sales Executive** - USD 800 – 1000 — M/F(1)
- 5yrs Project-Based Commerical Sales Exp On Construction Material

**Sr Sales Executive** - USD 800 – 1600 - 5yrs Sales Exp On IT Service — M/F(1)

**Finance Officer** - USD 1000 – 1500 — M/F(1)
- B.Com, CPA, LCCI III, ACCA, 7yrs Exp On Relevant Field

**Treasury Asst Manager** - USD 1200 — M/F(1)
- B.Com, ACCA II, 3yrs Exp On Relevant Field ( Pre Banking Field )

**Secretary - Office Secretary** - USD 500 — M/F(8)
- Any Grad, 3yrs Exp, English Or Japanese Language Skill

**Recruitment Specialist** — M/F(1)
- Any Grad, 5yrs On Exp Recruitment Function at Intl Company

**Receptionist**- 1yrs Exp in Relevant Field ( Pre Banking Field ) USD- 300 — F(1)

**Driver** USD- 300 — M(1)

E-mail ဖြင့် အလုပ်လျှောက်နိုင်သည်။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094



# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင်အခမ်းအနား(၂၀၁၅)ဖြင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ "Doctor of Letter (Honoris Causa)" ကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အပ်နှင်းချီးမြှင့်ခံရပါသော ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဦးမော်သန်းနှင့်တကွ ပါမောက္ခဆရာကြီး၊ ဆရာမကြီးဖြစ်ကြသည့် ဒေါက်တာဦးခင်မောင်ညွန့်၊ ဒေါက်တာဦးသန်းညွန့်၊ ဒေါက်တာဦးမြတ်သိန်း၊ ဒေါက်တာဦးကံဖော်၊ ဒေါက်တာဒေါ်ခင်မေလှ၊ ဒေါက်တာဦးလှမောင်၊ ဒေါက်တာဦးကျော်မင်းထွန်း၊ ဒေါက်တာဒေါ်ရီရီမြင့်၊ ဒေါက်တာဒေါ်လှမြင့်၊ ဒေါက်တာဦးအောင်ထွန်းသက်၊ ဒေါက်တာဦးသက်လွင်၊ ဒေါက်တာဒေါ်ခင်စန်းမြင့်နှင့် ဒေါက်တာဒေါ်တင်လှကြည်တို့အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)

1. Win Thin & Associates
2. Maung Maung Hteik Audit Firm
3. Top Sein Win and Associates Consulting Ltd.
4.Kyu Kyu Win & Associates
5. Ngwe Inzaly Audit Firm
6.JF Group Audit Firm
7. Cho Cho Toe and Associates
8.Excellent Choice Professional Training Centre
9. Nay Lin Aung
Finance & Accountancy Academy



MYANMAR TRADE DIRECTORY

သင်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ Myanmar Trade Directory သုံးကြပါစို့

မြန်မာကုန်သွယ်ရေးလမ်းညွှန် (ရန်ကုန်) - ၂၀၁၅ ကို

အောက်ပါစာအုပ်ဆိုင်များ နှင့် Super Market များ

- အင်းဝစာပေတိုက်
- စာပေလောက (၂/၅/၆)
- စာပေဗိမာန်
- ရာပြည့်စာအုပ်ဆိုင်
- TAB Book Centre
- City Mart
- Ocean Super Center

တွင်ဝယ်ယူရရှိနိုင်ပါသည်။

၂၀၁၆ခုနှစ် အတွက်လူကြီးမင်းတို့၏စီးပွားရေးလုပ်ငန်းများနေရာယူနိုင်ပါပြီ။

Distributed By Myanmar Perfect Link Co.,Ltd.


## အများသိစေရန် ကန့်ကွက်ကြေညာချက်

ဦးစိုးညွန့်-ဒေါ်တင်ကြည်တို့သည် သားသမီး(၆)ဦးမွေးဖွားခဲ့ပြီး (၁)ဦးမှာ ကွယ်လွန်သွားခဲ့ပါသည်။ ယင်းသားသမီးများမှာ(၁)ဒေါ်ညိုညိုစမ်း၊ (၂)ဦးကိုကိုလတ်၊ (၃)ဒေါ်ခင်စိုးမိုးသူ၊ (၄)ဦးမောင်မောင်စိုး၊ (၅)အေးသီတာစိုး(အပျိုဘဝဖြင့်ကွယ်လွန်)၊ (၆)ဒေါ်ဇင်မာစိုးတို့ဖြစ်ကြပြီး ရန်ကုန်မြို့၊ ရေကျော်ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၁)ရှိ အခန်းအမှတ်(၁. ၂)(၃အေ+ဘီ)(၅၊ ၆၊ ၇၊ ၈)အခန်းများနှင့် မိဘများ၏ ပစ္စည်းများဖြစ်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ အတွင်းပစ္စည်းများ ကျန်ရစ်ခဲ့ကြပါသည်။ ယင်းပစ္စည်းများကို အမွေဆိုင်(၂) ဦးဖြစ်သူ ဒေါ်ခင်စိုးမိုးသူ၊ ဒေါ်ဇင်မာစိုးတို့မှ စီမံခန့်ခွဲလျက်ရှိပြီး ယခုကြေညာသည့်ရက်မှစ၍ ကျန်အမွေဆိုင်များသိရှိသဘောတူခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ အမည်ပြောင်း၊ စွန့်လွှတ်လျှုဒါန်းခြင်းတို့ကို ကန့်ကွက်တားဆီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| (၁) ဒေါ်ညိုညိုစမ်း[၁၂/ကမရ(နိုင်)၀၄၀၄၅၂] | ဒေါ်ဇာခြည်စိမ့်စိမ့်မွေး |
| (၂) ဦးမောင်မောင်စိုး[၁၂/ပဇတ(နိုင်)၀၀၈၇၇၄] | (LL.B) အထက်တန်းရှေ့နေ |

အမှတ်(၃၇၇)၊ ဖမ္ဗုသီရိ(၆)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း-၀၉-၇၃၁၀၈၅၂၉၊ ၀၉-၄၂၀၇၀၄၈၆

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာရှိ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၁၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မိုးဆွေ[၁၂/တကန(နိုင်)၀၀၄၁၁၂]က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မီးသတိပြု


ဂန္တဝင်ရွှေပုဂံ Travels & Tours

| | |
|---|---|
| ဗန်ကောက် | USD 650 |
| စင်ကာပူ (SEA Games) | USD 1050 |
| ဂရိ + ပေါ်တူဂီ | USD 4800 |
| ဗီယက်နမ် | USD 850 |
| သီရိလင်္ကာ (စွယ်တော်ပွဲတော်) | USD 1400 |
| အမေရိကန် | USD 6700 |

Promotion Trips

| | |
|---|---|
| စင်ကာပူ+မလေးရှား | USD 1100 |
| ဘာလီ | USD 850 |
| သီရိလင်္ကာ | USD 1200 |
| လာဆို | USD 1300 |
| ခုနိုင်း | USD 1700 |
| ဥရောပ (၂)နိုင်ငံ | USD 3500 |
| ရုရှား | USD 3800 |

ကုမ္ပဏီ၊ အဖွဲ့အစည်း၊ များအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္တဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အခမဲ့မေးမြန်းနိုင်ပါသည်။

ရုံးခန်း Renovation ပြုလုပ်နေပါ၍ ယခင်ရုံးခန်း၏ဘေးချင်းကပ်အခန်းလိပ်စာသို့ကြွရောက်ပါရန်။

(YGN Office) : No.67, Baho Road, Sanchaung. Available Ph: 09-73003772, 09-25281456
(MDY Office): 81st Road, Betwen 33 x 34 St,Mandalay.Ph: 09-31693339,09-73013856



Today's Special
Mobile Traning & Service Centre

Mobile Phone Hardware မြန်မြန်ခြင်းသင်တန်း
Mobile Phone Software မြန်မြန်ခြင်းသင်တန်း

Special Promotion
Discount + Present

16-6-2015

Tel - 09-32226999,09-794555999

ကြော်ငြာ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ ဇွန်လ၊ ၂၀-၂၁၊ (၄၈)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသခြင်းအလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ (၂၄)ရက် (၄၇)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၀၅၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇွန်လ (၂၀၊ ၂၁)ရက်တွင် ၄၈-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည် ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူလို ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်းဝကျွဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ILBC ၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေလှုပ်ကမ္ဘာဘဏ် - အရှင်စေမေသိရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါက်တာကျော်စော၊ ဒေါ်ဝေမျိုးမြင့် B.Sc ( Chem:)
ဦး စီး တည် ထောင် သော

စာမျှော်ကြီး
ကိုယ်ပိုင်အထက်တန်းကျောင်း
ပြင်ဦးလွင်မြို့



နဝမတန်း **Grade 10** တန်းခွဲသစ်ကို ၂၀၁၅၊ ဇွန်လ ၂ ရက်နေ့ (အင်္ဂါနေ့)တွင် စတင်သင်ကြားမည်။
အမှတ်(၁၄၄)၊ **R/A III** မြို့ပတ်လမ်း၊ အထက(၄)အနီး၊ ပြင်ဦးလွင်မြို့။ ✆ ၀၈၅-၂၂၃၉၀၊ ၂၃၃၂၈



# ဇေဝ
## အားတိုးဆေးရည်

# ကိုယ်တွင်းဩဇာဓာတ်များအားနည်းကုန်ခန်းနေပါသလား

**ဇေဝအားတိုးဆေးရည်က သင့်ကျန်းမာရေးကို တာဝန်ယူပါရစေ။**

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၁၃၂/၀၅၁၅

အံ့ဘနန်းနော်

အစားမဝင်
အိပ်မပျော်
အများမကျ
ဝမ်းမရှစ်

ပျောက်ကင်းစေပြီး
အားပြည့်လန်းဆန်းစေသည်။

- ❖ နာတာရှည်ရောဂါသည်များအတွက် နာလန်ပြန်ထစေနိုင်သည်။
- ❖ အရှူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည်အာ ဗင့် ခံစားရသူများအတွက် သောက်သုံး ခြင်းဖြင့်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်၊ အရှူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင် သည်၊
- ❖ **Anti oxidant Action** ရှိကြောင်းလက်တွေ့သုတေသနပြုပြီး။
- ❖ **Acute Toxicity test** ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ **Side effect** ဘေးထွက်ဆိုးကျိုးကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
- ❖ **From Experience ~ To Evidence**

ပင်ရင်း ❖ ဇေဝ ဆေးတိုက် ➢ အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
✆ ၀၉-၂၅၀၂၉၅၁၇၁၊ ၀၉-၇၉၇၅၅၅၄၂၁၊ ၀၉-၇၉၇၅၅၅၄၁၂၊ ၀၉-၇၉၇၅၅၅၆၂၁၊ ၀၉-၇၉၇၅၅၅၆၁၂၊ ၀၉-၄၉၇၄၂၇၄၉၊ ၀၉-၅၅၇၅၃၄၁

POLO CLUB (ASIA) RESIDENCE






* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး ၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ် ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTELINES: 09-795889588 | 09-796889688 | 09-797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

Hot Line No-0930500100

# ကမ္ဘာ့လှည့်ခရီးသွားများ ဆွဲဆောင်ရာနယ်မြေအဖြစ် ဖော်ဆောင်မည့် မြိတ်ကျွန်းစု

[ သုတ ]



**မြန်မာနိုင်ငံက ယခုနှစ်ကုန်တွင် နိုင်ငံတောင်ဘက်အစွန်ဆုံးရှိ ကျွန်းစုများပေါ်၌ ဟိုတယ်သစ်များ ဆောက်လုပ်ရန် ခွင့်ပြုချက်ပေးတော့မည်ဟု တာဝန်ရှိသူများက ပြောကြားကြောင်း Bangkok Post သတင်းစာက ရေးသားဖော်ပြသည်။ သဘာဝအလှတရားများ မပျက်စီးသေးဘဲ အကောင်းပကတိအတိုင်း ကျန်ရှိနေသေးသည့် မြိတ်ကျွန်းစုမှာ အန်ဒမန်ပင်လယ်အတွင်း ကျွန်း ၈၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။**

"မြိတ်ကျွန်းစုမှာရှိတဲ့ ကျွန်းအများစုက သဘာဝအလှတရားတွေ မပျက်စီးသေးဘဲ သန္တာကျောက်တန်းတွေရှိသေးတဲ့အတွက် ကမ္ဘာလှည့်ခရီးသွားတွေ ကြိုက်နှစ်သက်တဲ့ ခရီးသွားနယ်မြေသစ်တစ်ခုဖြစ်ဖို့ အလားအလာကောင်းတွေ အများကြီးရှိနေပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက ပြောကြားသည်။

"မြိတ်ကျွန်းစုက သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ရေငုပ်ဝါသနာပါသူတွေကို ဆွဲဆောင်နိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ပြည်တွင်းနဲ့ ဖက်စပ်လုပ်ငန်း ၂၇ ခုက မြိတ်ကျွန်းစုအတွင်းမှာရှိတဲ့ ကျွန်းတွေပေါ်မှာ ဟိုတယ်နဲ့ အပန်းဖြေစီမံကိန်းတွေ ဆောက်လုပ်ဖို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သဘောတူညီချက်ကို စောင့်ဆိုင်းနေပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က လာမယ့်ဒီဇင်ဘာလ ရောက်ရင် ဟိုတယ်နဲ့ အပန်းဖြေစီမံကိန်းတွေ ဆောက်လုပ်ဖို့ ကုမ္ပဏီ ၂၇ ခု လုံးကို ခွင့်ပြုလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဖက်စပ်လုပ်ငန်းနှစ်ခုကို မြိတ်ကျွန်းစုရှိ ကျွန်းများပေါ်၌ အပန်းဖြေစီမံကိန်းများ ဆောက်လုပ်ရန် ခွင့်ပြုချက်ပေးခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်အကုန်တွင် စတင်အကောင်အထည်ဖော်မည့် အပန်းဖြေစီမံကိန်းတွင် အခန်းပေါင်း ၁၉၆ ခန်းပါရှိမည့် ဟိုတယ်နှင့်မိုတယ်ငါးလုံး ပါဝင်မည်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ❒**

# အေအက်ဖ်စီဖလား ရှုံး/ထွက်အဆင့်၌ ရောဝတီ နှင့် ဂျိုဟိုဒါရူး တွေ့ဆုံ

*သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်*

အေအက်ဖ်စီဖလားဘောလုံးပြိုင်ပွဲ ရှုံး/ထွက် အဆင့်သို့ တက်ရောက်နေသည့် ရောဝတီအသင်းမှာ မလေးရှားကလပ် ဂျိုဟိုဒါရူးအသင်းနှင့်တွေ့ဆုံမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို မေ ၂၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရောဝတီအသင်းသည် ယခုပြိုင်ပွဲတွင် အုပ်စု(ဇ)၌ ပါဝင်ခဲ့ပြီး အုပ်စုဒုတိယနေရာဖြင့် ရှုံး/ထွက်အဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ရောဝတီအသင်းမှာ အုပ်စုပွဲစဉ်ခြောက်ပွဲစလုံး ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပြီး နှစ်ပွဲ နိုင်၊ လေးပွဲသရေ၊ ၁၀မှတ်ဖြင့် အင်ဒိုနီးရှားကလပ် ဘန်ဒေါင်းအသင်းနှင့်အတူ ရှုံး/ထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းသည် အေအက်ဖ်စီဖလားပြိုင်ပွဲကို သုံးကြိမ်မြောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရှုံး/ထွက်အဆင့်ကို ပထမဆုံးအကြိမ်တက်ရောက်ခြင်းလည်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**



ရောဝတီအသင်း အုပ်စုပွဲစဉ် ယှဉ်ပြိုင်နေစဉ်။

**လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ကောင်စစ်ဆိုင်ရာ စိစစ်မေးမြန်းမှုများ ပြုလုပ်လျက်ရှိ**

စာမျက်နှာ - ၉

# အဝီစိရေတွင်းများနှင့် တွဲဖက်မှီခိုနေသောပြည်သူများအား သီးခြားရေပိုက်လိုင်းမှ ရေဂါလန်တစ်သန်းဖြန့်မည်

ရန်ကုန် မေ ၂၆

နေ့စဉ်သောက်သုံးရေရရှိရန် အဝီစိရေတွင်းများနှင့် တွဲဖက်မှီခိုနေရသောမြို့နယ်အချို့ကို သောက်သုံးရေများ ပိုမိုဖြန့်ဝေ ရောက်ရှိနိုင်ရန် ကုက္ကိုင်းရေပိုက်လိုင်းနှင့် လော်ကားရေပိုက်လိုင်းတို့အကြား ပေါင်းကူးဆက်သွယ်ပေးမည့် တက္ကသိုလ်ရိပ်သာလမ်း သီးခြားရေပိုက်လိုင်းအသစ် သွယ်တန်းခြင်းလုပ်ငန်းသည် ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်၍ လှည်းတန်းလော်ကားရေပိုက်နှင့် ကမ္ဘာအေး ၄၂ လက်မပိုက်လိုင်းဆက်သွယ်ပြီးစီးပါက ရေဂါလန်တစ်သန်း ဖြန့်ဝေပေးတော့မည်ဖြစ်ကြောင်း မြို့တော်စည်ပင်အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) မှ ဒုတိယဌာနမှူးဦးမျိုးသိမ်းက ပြောကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❊**




themirror.npt@gmail.com
www.facebook.com/themirrordaily